ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ စနေနေ့၊ (16-1-2016) (၈၄၄၇)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအချင်းချင်း အပြန်အလှန်လေးစားမှုများ ရှိနေသမျှကာလပတ်လုံး ပြည်ထောင်စုကြီး အမြဲထာဝရ တည်တံ့ခိုင်မြဲနေမည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂရိုးရာနှစ်သစ်ကူးပွဲတော် တက်ရောက်စဉ်။ (သတင်းစဉ်)

**ပွဲတော်အတွင်း သီးနှံများတိုးတက်ဖြစ်ထွန်းပြီး ရာသီဥတုကောင်းမွန်စေရန် အိမ်မွေးတိရစ္ဆာန်များ ရောဂါဘယကင်းဝေးစေရန် ဆုမွန်ကောင်းများတောင်းကြသော ပွဲတော်တစ်ခုလည်းဖြစ်သည့်အတွက် ကောင်းမြတ်တဲ့အစဉ်အလာဖြစ်။**

**လဟယ် ဇန်နဝါရီ ၁၅**

၂၀၁၆ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လဟယ်မြို့ရွှေပြည်သာ အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစ်ကြူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံနာဂတိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစ်ကြူးက နာဂ ဦးထုပ်၊ အောင်းလှံ၊ ကုတ်အင်္ကျီနှင့် နာဂစောင်တို့ကို ဝတ်ဆင်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် သဘာပတိ နာဂတိုင်းရင်းသား ဦးပေါင်ခုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အခါသမယတွင် မိမိကိုယ်တိုင် တက်ရောက်အားပေးခွင့်ရသည့်အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

သဘာဝရေမြေ တောတောင်အလှအပတို့ကို ပိုင်ဆိုင်ထားသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များကို ဆွဲဆောင်လျက်ရှိသည့်အတွက် နိုင်ငံခြားဧည့်သည်များ စိတ်ပါဝင်စားစွာ လာရောက်လေ့လာခြင်း၊ နှစ်သစ်ကူးပွဲတော်သို့ ဒေသခံများနှင့်အတူ

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂရိုးရာ နှစ်သစ်ကူးပွဲတော် မီးပုံပွဲအခမ်းအနား တက်ရောက်

**လဟယ် ဇန်နဝါရီ ၁၅**

၂၀၁၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် လဟယ်မြို့ ရွှေပြည်သာအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစ်ကြူးနှင့် နာဂရိုးရာ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဦးနောင်ခွန်တို့က နာဂရိုးရာ မီးထင်းပုံကို မီးထွန်းညှိပေးကြသည်။

ထို့နောက် လဟယ်မြို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူငယ်အဖွဲ့က စာရိမေရိ သက်သေအကနှင့် ဟရှုတ်နုတ်ညို ရိုးရာယဉ်ကျေးမှုအကတို့ကိုလည်းကောင်း၊ ယမ်းကြဲ၊ လောနောက်ကုန်းနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



လဟယ်မြို့၌ ၂၀၁၆ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲကျင်းပစဉ်။ (သတင်းစဉ်)



အတွေးအမြင်

**ကြေးမုံ စာတည်းရှုထောင့် ၁၆-၁-၂၀၁၆၊ စနေနေ့**

# သန့်ရှင်းသောလေကို ရှူရှိုက်စို့

ကျန်းမာသော လူ့ဘဝကို ရရှိပိုင်ဆိုင်လိုပါက သန့်ရှင်းသော နေထိုင်စားသောက်မှု လိုအပ်သည်ဟု ဆိုကြသည်။ လက်ရှိတွင် သန့်ရှင်းသော နေထိုင်စားသောက်မှုသာမက သန့်ရှင်းသောလေကို ရှူရှိုက်မှုလည်း ပါဝင်လာသည်။ အဘယ်ကြောင့်ဆိုသော် မျက်မှောက်ကာလ လူဦးရေထူထပ်သောမြို့ကြီးများတွင် ပတ်ဝန်းကျင်လေထု ညစ်ညမ်းလာသောကြောင့် သန့်ရှင်းသောလေ လိုအပ်လာသည်။

လူတို့အသက်ရှင်ရပ်တည်နိုင်ရန်အတွက် လိုအပ်သောအရာမှာ အောက်ဆီဂျင်ဟုခေါ်သော လေဖြစ်သည်။ အောက်ဆီဂျင်မရှိပါက အသက်သေဆုံးရသောအဖြစ်များကို မြင်တွေ့ရဖူးမည်ဖြစ်သလို အောက်ဆီဂျင်နည်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်များနေပါကလည်း အသက်ရှူလမ်းကြောင်းရောဂါများရရှိလာပြီး တဖြည်းဖြည်းနှင့် အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်။

ရှူရှိုက်လိုက်သော အောက်ဆီဂျင်သည် သွေးမှတစ်ဆင့် တစ်ကိုယ်လုံးသို့ ပျံ့နှံ့ရောက်ရှိသည်။ ထိုတာဝန်ကို အဆုတ်ကတာဝန်ထမ်းဆောင်သည်။ အဆုတ်မှရှူသွင်းလိုက်သည့်လေသည် အောက်ဆီဂျင်နှင့် ခန္ဓာကိုယ်အတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက် အညစ်အကြေးကို ဖလှယ်ပေးသည်။ အောက်ဆီဂျင်ကြွယ်ဝသော ရှူသွင်းလိုက်သည့်လေသည် လေပြွန်မကြီး၊ လေပြွန်တို့မှ အဆင့်ဆင့်ဖြတ်သန်းပြီး အဆုတ်သွေးလွှတ်ကြောငယ်များအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် ဖလှယ်သည်။ ထိုမှတစ်ဆင့် အဆုတ်သွေးပြန်ကြောများမှ နှလုံးသို့ပို့ဆောင်ပြီး နှလုံးမှ ခန္ဓာကိုယ်တစ်ခုလုံးသို့ ဖြန့်ဝေပို့လွှတ်သည်။ ထိုအောက်ဆီဂျင်သည် ခန္ဓာကိုယ်အနှံ့အပြားမှ တစ်သျှူးများ၊ ဆဲလ်များ ရှင်သန်ရေးအတွက် အကျိုးပြုသည်။

သန့်ရှင်းသောအောက်ဆီဂျင်သည် လူ့ခန္ဓာကိုယ်အတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်အညစ်အကြေးများကို ဖယ်ထုတ်ပေး၍ အရေးကြီးသည်။ မသန့်ရှင်းသောလေထုဟုဆိုရာ၌ နေအိမ်ပတ်ဝန်းကျင်ရှိ တိရစ္ဆာန်အညစ်အကြေးများနှင့် အမွေးအမှင်များ၊ ဖုန်နှင့် အမှိုက်သရိုက်များ၊ စက်ရုံလုပ်ငန်းပတ်ဝန်းကျင်မှထွက်သော ဆာလဖိုက်ဓာတ်ငွေ့များ၊ ကလိုရာမင်းဓာတ်ငွေ့များ၊ စက်ပစ္စည်းများမှ အိတ်ဇောငွေ့များ၊ ဆေးလိပ်ငွေ့၊ ခြင်ဆေးခွေငွေ့များစသည်တို့လည်း ပါဝင်သည်။

အဆိုပါ မသန့်ရှင်းသောဝန်းကျင် အတိုအစများကို မိမိတို့နိုင်ငံတွင် အလွယ်တကူကြုံတွေ့နိုင်သည်။ လက်ရှိတွင် တိုးတက်သည့်နိုင်ငံကြီးများရှိ စက်ရုံကြီးများမှထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့မီးခိုးများက အန္တရာယ်ပေးသည့်အဆင့် ရောက်လာသည်။ လူသန်း ၂၀ နီးပါးနေထိုင်သည့် ပေကျင်းမြို့တော်တွင် ပြီးခဲ့သည့်ဒီဇင်ဘာလက လေထုညစ်ညမ်းမှုကို အနီရောင်အဆင့်သတိပေးချက် နှစ်ကြိမ်ထုတ်ခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်း ကျောက်မီးသွေးကြောင့်ဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုကြောင့် လူပေါင်းမြောက်မြားစွာသေဆုံးခဲ့သည်။ ဆိုးရွားလာသော မီးခိုးမြူများကြောင့် အရှေ့ဘက်နိုင်ငံများ ကြုံတွေ့လာရသည်။ ညစ်ညမ်းသော လေထုကြောင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်နှင့်သွေးကြောအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်များဝင်ရောက်လာသည်။ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအမျိုးမျိုးဖြစ်ပွားကာ လူ့အသက်များ ဆုံးရှုံးရသည့်အထိ ရောက်လာသည်။

မြန်မာနိုင်ငံသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့နှင့် အိမ်နီးချင်းများဖြစ်သော်လည်း ကျောက်မီးသွေးမှထွက်သော မီးခိုးမြူများနှင့် အလှမ်းကွာဝေးသောကြောင့် လေထုညစ်ညမ်းမှုကို မခံစားရခြင်းသည် ကောင်းသောလက္ခဏာပင်ဖြစ်သည်။ ထိုနိုင်ငံများတွင် လေထုမသန့်ရှင်းသောကြောင့် အောက်ဆီဂျင်ဓာတ်ငွေ့ဘူးများကိုဈေးကြီးပေးကာ ဝယ်ယူရှူရှိုက်နေရသည်။

မြန်မာနိုင်ငံအဖို့ကံကောင်းသည်ဟုဆိုရမည်။ နိုင်ငံတိုးတက်ခြင်းသည် ကောင်းမွန်သည့်လက္ခဏာဖြစ်သော်လည်း ဘေးထွက်ဆိုးကျိုးအဖြစ် အလကားရသောလေကို ငွေပေးဝယ်ယူအသုံးပြုနေရသော တိုးတက်သည့်နိုင်ငံကြီးများနှင့်နှိုင်းစာလျှင် နေပျော်သေးသည်ဟု ဆိုရမည်။ သို့သော် သန့်ရှင်းသောလေကို ရှူရှိုက်နိုင်ရန်အတွက် မိမိတို့ပတ်ဝန်းကျင်တွင် အညစ်အကြေးများကင်းစင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ သို့မှသာ ပတ်ဝန်းကျင်သန့်ရှင်း ကျန်းမာခြင်းကို အပြည့်အဝ ရရှိခံစားနိုင်မည်ဖြစ်သည်။ ။

# စတုတ္ထအကြိမ် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၆ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၅**

လူမှုဘဝနေထိုင်မှုတွေ ပြောင်းလဲလာသည့် အချိန်ကာလမှ တိုးတက်လာသော လူဦးရေအပြင် စီးပွားရေးအခြေအနေများနှင့်အတူ အိမ်ရာအဆောက်အအုံ လိုအပ်မှုများပြားလာသည့်အတွက် ကောင်းမွန်စွာ ရွေးချယ်ပိုင်ခွင့်ရရှိရန် စတုတ္ထအကြိမ် အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ ၂၀၁၆“ The 4th Housing and Living 2016” ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ Summer Breeze Trading Co.,Ltd.(HSG Myanmar) မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းတစ်ကျော်၊ MKT Construction Co., Ltd.မှ Chairman&CEO ဦးမျိုးမြင့်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



အဆိုပါပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာ အရောင်းပြခန်းများနှင့် အိမ်တွင်း အလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ ကြွေပြား၊ ကျောက်ပြားများ၊ အိမ်တွင်း ခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကြက်များ၊ အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ ဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ အာမခံလုပ်ငန်းများအပြင် အိမ်ရာအဆောက်အအုံနှင့် အဆင့်မြင့် အသုံးအဆောင်ပစ္စည်းများကို အများပြည်သူသုံးစွဲရန် လက်လှမ်းမီသည့် အနေအထားဖြင့် ခင်းကျင်းပြသမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒေါက်တာမောင်အောင်၊ ဦးခင်မောင်ညို (ဘောဂဗေဒ)၊ ဦးမျိုးမြတ်သူတို့က ၂၀၁၅ ခုနှစ် အလွန် အိမ်ခြံမြေဈေးကွက် အလားအလာနှင့် စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၅ ရက်တွင်လည်းကောင်း၊ ဦးစိုင်းခွန်နောင်က “အမေ့အိမ်”ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၆ ရက်တွင်လည်းကောင်း၊ ဦးဝင်းဇော် (CHD)၊ ဒေါက်တာ ခင်မောင်စိုး (ဘောဂဗေဒ)၊ ဦးမျိုးမြင့် (MKT Contruction) နှင့် ဦးကျော်စည်သူ (Success Property Consultant) တို့က “အိမ်ရာလိုအပ်ချက်နှင့် အိမ်ရာဈေးငွေ”ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၇ ရက်တွင်လည်းကောင်း နှေ့စဉ်ဆွေးနွေးဟောပြောမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ပြီး နေ့စဉ် Mobile Handset သုံးလုံးနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများစွာကို ကံစမ်းမဲဖောက်ပေးမည်ဖြစ်သည်။ **(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၅**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၇၅၃၅၀၀ | - | ၇၅၄၅၀၀ |
| မန္တလေး(ရွှေဈေး) | ၇၅၃၅၀၀ | - | ၇၅၄၅၀၀ |

| စက်သုံးဆီဈေးနှုန်း | ရန်ကုန် | မန္တလေး |
|---|---|---|
| (က) ဒီဇယ် တစ်လီတာ | ၅၇၀/၆၀၀ ကျပ်၊ | ၆၃၀/၆၆၀ ကျပ် |
| (ခ) အောက်တိန်း 95တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၈၂၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 တစ်လီတာ | ၆၀၀/၆၂၀ ကျပ်၊ | ၆၉၀/၇၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၃၆ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၉. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၁၀. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၁၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၇၇၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၉၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၂၉၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၉. ၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၇. ၆၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈. ၁၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၃. ၇၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# တောင်ဥက္ကလာပမြို့နယ်တွင် နေ့စဉ်အမှိုက်တန်ချိန် ၁၅၀ ခန့်ရှိ အမှိုက်သိမ်းယာဉ်များ ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ထား

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်း အမှိုက်များသိမ်းဆည်းရှင်းလင်းဆောင်ရွက်နေသော အမှိုက်သိမ်းယာဉ်များ ကြံ့ခိုင်မှုရှိစေရေးအတွက် ခရိုင်အရာရှိ ဦးမြင့်စိုး၏ ကြီးကြပ်မှုဖြင့် နေ့စဉ်စစ်ဆေးထိန်းသိမ်းဆောင်ရွက်နေကြောင်း ဇန်နဝါရီ ၁၄ ရက်က အမှိုက်သိမ်းယာဉ်များအား ကြံ့ခိုင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်မှ မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးသူရဝင်းက ပြောသည်။

တောင်ဥက္ကလာပမြို့နယ်သည် ၂ ဒသမ ၉၇၃ စတုရန်းမိုင် ကျယ်ဝန်းပြီး ရပ်ကွက်ကြီး ၁၃ ရပ်ကွက်ဖြင့် စုဖွဲ့ထားသော မြို့နယ်ဖြစ်သည်။ ဒေသတွင်းနေထိုင်သူများမှ နေ့စဉ်စွန့်ပစ်အမှိုက်တန်ချိန်မှာ တန် ၁၅၀ ခန့်ရှိပြီး ယင်းအမှိုက်များကို သန့်ရှင်းရေးလုပ်သားများက အမှိုက်သိမ်းလှည်းဖြင့် တစ်လမ်းဝင်၊ တစ်လမ်းထွက် လိုက်လံသိမ်းဆည်း၍ အမှိုက်စုကန်တွင် စုထားခြင်းဖြစ်သည်။ ယင်းနောက် အမှိုက်သိမ်းယာဉ်ဖြင့် သယ်ယူပြီး နောက်ဆုံးစုရပ်ဖြစ်သော ထားဝယ်ချောင်အမှိုက်ပုံသို့ သွားရောက်ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**(မောင်သုည)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

✪ ရှေ့ဖုံးမှ

ပါဝင်ဆင်နွှဲခြင်းများကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပါကြောင်း။

နာဂတိုင်းရင်းသားတို့သည် ပင်ကိုအားဖြင့် ရိုးသားတည်ကြည်ခြင်း၊ သစ္စာရှိခြင်း၊ ရိုင်းပင်းကူညီတတ်သည့် စိတ်ဓာတ်ရှိကြသော လူမျိုးတစ်မျိုးအဖြစ်လည်း ထင်ရှားလျက်ရှိပါကြောင်း၊ နာဂနှစ်သစ်ကူးပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်သည် ကုန်လွန်ခဲ့သည့် နှစ်တစ်နှစ်၏ အတွေ့အကြုံများနှင့် ကြုံတွေ့ရသော အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် အောင်မြင်မှုများကို အခြေပြုပြီး လာမည့်နှစ်သစ်အတွက် အကောင်းဆုံးစီမံချက်များ ကြိုတင်ချမှတ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကာ ပွဲတော်အတွင်း သီးနှံများတိုးတက်ဖြစ်ထွန်းပြီး ရာသီဥတုကောင်းမွန်စေရန်၊ အိမ်မွေးတိရစ္ဆာန်များ ရောဂါဘယကင်းဝေးစေရန် ဆုမွန်ကောင်းများတောင်းကြသော ပွဲတော်တစ်ခုလည်းဖြစ်သည့်အတွက် ကောင်းမြတ်သည့်အစဉ်အလာဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ပြည်သူတို့၏ ဆန္ဒနှစ်ခုဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများလည်း ရရှိခဲ့ပါကြောင်း။

အရေးကြီးဆုံးမှာ ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းထားပြီး မြင်သာသောအသွင်ကူးပြောင်းမှုများကို ဆက်လုပ်နိုင်ရန်အတွက် အားလုံးက အမြင်ကျယ်ကျယ် ဉာဏ်ပညာရှိရှိ ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း။

နိုင်ငံရေးအခြေအနေ တည်တည်ငြိမ်ငြိမ်နှင့် ကျော်လွှားဖြတ်သန်းနိုင်လျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလည်း ပြည်သူများ လူနေမှုအဆင့်အတန်း တိုးတက်လာမည်ဖြစ်ပါကြောင်း။

ပြည်သူအားလုံး၏ အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီး၊ သန့်ရှင်းသော သောက်သုံးရေ၊ စိုက်ပျိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စသည့်ကဏ္ဍများကို တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံတိုင်းရင်းသား ညီအစ်ကိုမောင်နှမများကလည်း ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုကြီးအတွင်း ထာဝစဉ်ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းနေထိုင်သော သန္တာန်စိတ်ဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အချင်းချင်း အပြန်အလှန်လေးစားမှုများ ရှိနေသမျှကာလပတ်လုံး ပြည်ထောင်စုကြီး အမြဲထာဝရ တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အစဉ်ထာဝရလက်တွဲလျက် ခေတ်အဆက်ဆက်မျှော်မှန်းတောင့်တခဲ့သည့် အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက နှစ်သစ်ကူး အမှာစကားပြောကြားပြီး ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းပေးပို့သည့် ၂၀၁၆ ခုနှစ် နာဂနှစ်သစ်ကူးပွဲတော် သဝဏ်လွှာကို မှတ်တမ်းတင်သည်။

ထို့နောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံသမိုင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစ်ကြူးက ကျေးဇူးတင်စကားပြောကြားပြီး နိုင်ငံတော်သမ္မတ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များအား နှစ်သစ်ကူးလက်ဆောင် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌက ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ထို့နောက် အခမ်းအနား သဘာပတိက နိဂုံးချုပ်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် နာဂရိုးရာခေါင်းရည်နှင့် ရိုးရာအစားအစာများကို သုံးဆောင်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ ထို့နောက် တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နှစ်သစ်ကူးပွဲတော် အခမ်းအနား ကျင်းပသည့် ကွင်းအနီးရှိ နာဂရိုးရာ ပန်တုံးထုခြင်းကို ပါဝင် ဆင်နွှဲပြီး နာဂရိုးရာ ပန်းပဲဖိုနှင့် နာဂရိုးရာ ဂျပ်ခုတ်စင်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကွင်းအတွင်း ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနပြခန်းများကို ကြည့်ရှုအားပေးခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် လဟယ်မြို့ ဂန္ဓမာလကုန်းတော်ပေါ်ရှိ မြင့်မိုဦးရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး လက်ယာရစ်လှည့်လည် ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗဟိုတောင်တန်းသာသနာပြုကျောင်းတိုက်၌ လဟယ်မြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံသား ရေလုပ်သား ၁၄ ဦး အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံ အန်ဘွန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သား ၁၄ ဦးတို့သည် ဇန်နဝါရီ ၁၅ ရက် ညနေ ၆ နာရီ မိနစ် ၅၀ က ထိုင်းနိုင်ငံလေကြောင်းလိုင်း TG-305 လေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။

“အင်ဒိုနီးရှားနိုင်ငံမှာ ရေလုပ်သားတွေအဖြစ်နဲ့ အခက်အခဲတွေ ကြုံတွေ့ပြီး ပြန်လည်ရောက်ရှိလာတဲ့သူတွေပါ။ လူကုန်ကူးမှုတွေ ခံခဲ့ရသလား။ ဘာတွေဖြစ်ခဲ့လဲဆိုတာတွေကိုစစ်ဆေးမယ်။ လူကုန်ကူးမှုခံခဲ့ရတယ်ဆိုရင် ပွဲစားတွေကိုဖော်ထုတ်ပြီး အရေးယူမှုတွေလုပ်သွားမယ်။ သူတို့ထဲမှာ လုပ်အားခမရဘဲ ပြန်လာတဲ့သူတွေရှိတယ်။ နစ်နာမှုတွေအတွက် သက်ဆိုင်ရာကတစ်ဆင့် ဆောင်ရွက်ပေးသွားမှာပါ”ဟု အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(ရန်ကုန်) တပ်ဖွဲ့မှူး ရဲမှူး ရဲဝင်းအောင်က ပြောသည်။

ထိုသို့ ပြန်လည်ရောက်ရှိလာသူတို့ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် IOM မှ တာဝန်ရှိသူတို့က လေဆိပ်သို့ လာရောက်ကြိုဆိုအားပေးခဲ့ကြသည်။

အဆိုပါရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့၏ အကူအညီဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ မြန်မာနိုင်ငံသားအဖြစ် အတည်ပြုချက်ရယူပြီး ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ရန်ကုန်၊ မကွေး၊ တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့် ရခိုင်၊ ကရင်ပြည်နယ်တို့မှ ပါဝင်ကြောင်း သိရသည်။

ပြန်လည်ရောက်ရှိလာသူတို့တွင် မှတ်ပုံတင်မရှိသေးပါက မှတ်ပုံတင်များ ပြုလုပ်ပေးသွားမည့်အပြင် လိုအပ်ပါက အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးအတွက်ကိုလည်း ကူညီဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာက စီစဉ်ထားကြောင်း သိရသည်။

“အင်ဒိုမှာ ပြဿနာဖြစ်ပြီး ပြစ်ဒဏ်ကျခံခဲ့ရတယ်။ ပြန်လွှတ်တဲ့အချိန်မှာ အလုပ်ရှင်က ရသင့်တဲ့ လုပ်အားခကိုလျှော့ပေးလို့ မယူခဲ့ဘူး။ သက်ဆိုင်ရာက တစ်ဆင့်တောင်းဖို့စီစဉ်ထားပါတယ်။ ကျနော်တို့သူတွေကတော့ သူတို့ရဲ့လုပ်အားခတွေ ရခဲ့တယ်လို့သိရတယ်”ဟု ပြန်လည်ရောက်ရှိလာသူ ပဲခူးတိုင်းဒေသကြီးမှ ကိုဝင်းက ပြောသည်။

ထိုသို့ပြန်လည်ရောက်ရှိလာသူတို့ကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာနရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းတွင် သက်ဆိုင်ရာမှ ခေတ္တနေရာချပေးထားသည်။ IOM အနေဖြင့်လည်း ၎င်းတို့ကို သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်မှုများ ပြုလုပ်ပေးနေသည့်အပြင် နောက်ဆက်တွဲ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်၍ လိုအပ်ပါက ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် စီစဉ်ထားကြောင်း IOM မှ သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ရောက်ရှိနေသော မြန်မာရေလုပ်သားများကို အဆိုပါနိုင်ငံရှိ မြန်မာသံရုံးနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)တို့၏ အကူအညီဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်အတွင်း (၂၄) ကြိမ် ပို့ဆောင်ပေးနိုင်ခဲ့ပြီး ၁၀၀၀ နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိခဲ့သည်။ ထို့အပြင် ယခုနှစ် ဇန်နဝါရီလဆန်းမှ ၁၅ ရက် အတွင်း သုံးကြိမ် ပို့ဆောင်နိုင်ခဲ့သဖြင့် ၄၂ ဦး ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**ဇော်ကြီး (ပဏိတ)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂရိုးရာနှစ်သစ်ကူးပွဲတော် မီးပုံပွဲကို တက်ရောက်အားပေးစဉ်။** (သတင်းစဉ်)

❒ **နိုင်ငံတော်သမ္မတမှ**

ကျွန်းခေါင်ကျေးရွာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများဖြင့် လည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ နာဂတိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်မှုများကိုလည်းကောင်း၊ ကုန်းလမ်း၊ စံတုံ၊ ကားရော်နောက်ညို၊ ရန်စီ၊ ဆော်လော်၊ ကဲဆန်၊ ပေါ့ကွန်၊ ညှင်ရှောင်ကျေးရွာများနှင့် လဟယ်မြို့တို့မှ နာဂလူငယ်အဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အထူးအစီအစဉ်အဖြစ် ၂၀၁၆ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာကြသူများနှင့် နာဂတိုင်းရင်းသား ညီအစ်ကိုမောင်နှမများက မီးပုံဘေးတွင် ဝိုင်းဖွဲ့၍ အတူတကွ ကကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ၂၀၁၆ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အတွက် ငွေကျပ် သိန်း ၅၀ နှင့် နာဂရိုးရာ ယဉ်ကျေးမှုအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၇၀ တို့ကို တာဝန်ရှိသူများထံ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နာဂရိုးရာ ယဉ်ကျေးမှုအဖွဲ့များအတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ငွေကျပ် ၂၈ သိန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ငွေကျပ် ခုနစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒေသအသီးသီးမှ နာဂရိုးရာအကအဖွဲ့ဝင်များက ရိုးရာပွဲတော် တို့နွဲပျော်နှင့် လှမ်းခဲ့တော့ လဟယ်မြေ သီချင်းများကို သံပြိုင်သီဆိုနှုတ်ဆက်ကပြကြပြီး မီးပုံပွဲကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

✪

# တရုတ်သမ္မတရှီကျင့်ဖျင် ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံများသို့ အလည်အပတ်သွားရောက်မည်



**ပေကျင်း ဇန်နဝါရီ ၁၅**

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် လာမည့် သီတင်းပတ်အတွင်း ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံများသို့ အလည်အပတ်ခရီး သွားရောက်ဖွယ်ရှိကြောင်း ဒေသန္တရ သတင်းများအရ သိရသည်။

အဆိုပါခရီးစဉ်အတွင်း သမ္မတရှီကျင့်ဖျင်အနေဖြင့် နှစ်နိုင်ငံအကြားတင်းမာနေသည့် ဆက်ဆံရေးကို လျှော့ချရန်နှင့် ဆက်ဆံရေးနဂိုမူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရန် သံတမန်ဆက်ဆံရေးနည်းလမ်းဖြင့် ညှိနှိုင်းမှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် သမ္မတရှီကျင့်ဖျင်က ဆော်ဒီအာရေဗျ၊ အီရန်နှင့် အီဂျစ်နိုင်ငံများသို့ ဇန်နဝါရီ ၁၉ ရက်မှ ၂၃ ရက်ထိ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ပါရှိသည်။

တရုတ်သမ္မတဟူကျင်တောင် နောက်ဆုံးသွားရောက်လည်ပတ်ခဲ့သည့် ၂၀၀၉ ခုနှစ်နောက်ပိုင်း မည်သည့်တရုတ်သမ္မတကမျှ ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်ဖူးခြင်း မရှိသေးပေ။ အလားတူ ၂၀၀၂ ခုနှစ်တွင် တရုတ်သမ္မတ ကျန်ဇီမင်း အီရန်နိုင်ငံသို့ နောက်ဆုံးသွားရောက်လည်ပတ်ခဲ့ပြီးနောက် မည်သည့်တရုတ်သမ္မတကမျှ အလည်အပတ်သွားရောက်ခဲ့ဖူးခြင်း မရှိသေးကြောင်း သိရသည်။

ဆွန်နီမွတ်စလင်အများစုရှိသော ဆော်ဒီအာရေဗျနှင့် ရှီယိုက်မွတ်စလင်အများစုရှိသော အီရန်နိုင်ငံတို့၏ ဆက်ဆံရေးတင်းမာမှုသည် ဇန်နဝါရီ ၂ ရက်တွင် ဆော်ဒီအာဏာပိုင်များက ရှီယိုက်မွတ်စလင်ဘာသာရေးခေါင်းဆောင် နီမာ အယ်နီမာကို အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲချက်ဖြင့် ကွပ်မျက်ခဲ့သည်မှ အစပြုခဲ့သည်။ အကျိုးဆက်အနေဖြင့် အီရန်ပြည်သူများက ဆန္ဒထုတ်ဖော်ခဲ့ကြပြီး တီဟီရန်မြို့ရှိ ဆော်ဒီသံရုံးကို ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့သည်။

**ရိုက်တာ။**

# အမေရိကန်ပြည်ထောင်စုရှိ လုပ်ငန်းရှင်ဝရမ်းပြေးအား လွှဲပြောင်းပေးရန် တရုတ်နိုင်ငံတောင်းဆို

**ပေကျင်း ဇန်နဝါရီ ၁၅**

နိုင်ငံတော်လျှို့ဝှက်ချက်များ ယူဆောင်ကာ အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေးသွားသူဟု သံသယရှိသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံအကြား ဆက်သွယ်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း တရုတ်နိုင်ငံက ပြောကြားသည်။

ကွန်မြူနစ်ပါတီ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအဖွဲ့ အကြီးတန်းအဖွဲ့ဝင် လျူကျင်ချောင်က တရုတ်နိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင် လင်ဝမ်ချန်နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် အဆက်အသွယ်ပြုလုပ်လျက်ရှိကြောင်း ဇန်နဝါရီ ၁၅ ရက်က သတင်းထောက်များသို့ ပြောကြားသည်။

လင်ဝမ်ချန်မှာ လာဘ်ငွေအမြောက်အမြားလက်ခံမှုနှင့် အခြားရာဇဝတ်ပိုင်းဆိုင်ရာစွဲချက်များဖြင့် ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်းက ဖမ်းဆီးခံခဲ့ရသည့် သမ္မတဟောင်း ဟူကျင်တောင်၏ အနီးကပ်လက်ထောက်တစ်ဦးဖြစ်သူ လင်ကျီဟွာ၏ ညီအရင်းဖြစ်သည်။

လင်ဝမ်ချန်သည် အမေရိကန်ပြည်ထောင်စုသို့ မထွက်ပြေးမီ အစ်ကိုဖြစ်သူထံမှ နိုင်ငံတော်လျှို့ဝှက်ချက်အများအပြားရရှိခဲ့ကြောင်း အမေရိကန်မီဒီယာများက ရေးသားဖော်ပြကြသည်။ ၎င်းအား လွှဲပြောင်းပေးရန် အမေရိကန်ပြည်ထောင်စုသို့ တရုတ်အစိုးရက ထပ်တလဲလဲ တောင်းဆိုလျက်ရှိပြီး ယင်းပြဿနာမှာ နှစ်နိုင်ငံဆက်ဆံရေးအတွက် အဓိကကျသော ခလုတ်တံသင်းတစ်ခု ဖြစ်နေသည်။

**အင်န်အိတ်ချ်ကေ။**

# ကျွန်းသစ်မှောင်ခိုရောင်းဝယ်မှုအား ဖြိုခွင်းရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် အမိန့်ထုတ်

**ဖနောင်ပင် ဇန်နဝါရီ ၁၅**

ကမ္ဘောဒီးယားနိုင်ငံ၏ အိမ်နီးချင်း ဗီယက်နမ်နိုင်ငံသို့ တန်ဖိုးကြီး ကျွန်းသစ်မှောင်ခိုထုတ်နေမှုများကို ဖြိုခွင်းရန် ဝန်ကြီးချုပ် ဟွန်ဆန်က ညွှန်ကြားလိုက်ကြောင်း ပြန်ကြားရေးဝန်ကြီး ခီယူးခန်ဟာရစ်က ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားအစိုးရအဖွဲ့၏ အပတ်စဉ်အစည်းအဝေးတွင် ဝန်ကြီးချုပ်က ယင်းသို့ ညွှန်ကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်သည် သစ်ခိုးယူမှုများ ဖြိုခွင်းရေးအတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားသည်။ သစ်မှောင်ခိုမှုများကို တားဆီးကာကွယ်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုရန် ရဟတ်ယာဉ်နှစ်စင်း ထောက်ပံ့ပေးမည်ဟု ဆိုသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ တရားမဝင်သစ်ကုန်ကူးမှု တားဆီးရေးကော်မတီကို ကမ္ဘောဒီးယားဘုရင့်တပ်မတော် ဒုတိယစစ်ဦးစီးချုပ်နှင့် ကမ္ဘောဒီးယားစစ်ရဲတပ်ဖွဲ့ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဆောင်ဆိုခါက ဦးဆောင်မည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ပြည်နယ်မှ အာဏာပိုင်အဖွဲ့အစည်းများ၊ သစ်တောဌာနနှင့် ရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းမည်ဟု ဖော်ပြသည်။



ကမ္ဘောဒီးယားနိုင်ငံမှ အဖိုးတန်ကျွန်းသစ်များကို ဗီယက်နမ်နိုင်ငံအတွင်းသို့ တရားမဝင် တင်သွင်းရန် မော်တော်ဆိုင်ကယ်များ၊ ခရီးသည်တင်ဘတ်စ်ကားများနှင့် ကုန်တင်ယာဉ်များကို အသုံးပြုလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ယမန်နှစ်အောက်တိုဘာလအတွင်းက ကမ္ဘောဒီးယားနိုင်ငံ အရှေ့မြောက်ပိုင်း မွန်ဒိုကီရီပြည်နယ်တွင် ဗီယက်နမ်နိုင်ငံသားနှစ်ဦးက ခရီးသွားလုပ်ငန်းသုံး ဘတ်စ်ကားတစ်စီးပေါ်၌ အဆင့်မြင့် ကျွန်းသစ်များ တင်ဆောင်ကာ နယ်စပ်ဖြတ်ကျော်ရန် ကြိုးပမ်းမှုကို ကမ္ဘောဒီးယားအာဏာပိုင်များက ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# အိန္ဒိယရေလုပ်သား ၅၅ ဦးကို သီရိလင်္ကာပြန်လွှတ်ပေး

**ကိုလံဘို ဇန်နဝါရီ ၁၅**

တမီလ်လူမျိုးတို့၏ ကောက်သစ်စားပွဲတော်ကာလတွင် ဖမ်းဆီးထိန်းသိမ်းခံ အိန္ဒိယရေလုပ်သား ၅၅ ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း သီရိလင်္ကာအစိုးရက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

အိန္ဒိယရေလုပ်သားများသည် သီရိလင်္ကာရေပိုင်နက်အတွင်း တရားမဝင် ဝင်ရောက်ကာ ငါးဖမ်းမှုကြောင့် ထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သီရိလင်္ကာရေလုပ်ငန်းနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

သီရိလင်္ကာရေပိုင်နက်အတွင်းသို့ နယ်ကျွံခဲ့သဖြင့် ထိန်းသိမ်းခံထားရသူ အိန္ဒိယရေလုပ်သားဦးရေမှာ ၁၀၄ ဦးအထိရှိနေဆဲဖြစ်ပြီး ၎င်းတို့ကို လာမည့်ရက်အနည်းငယ်အတွင်း ပြန်လည်လွှတ်ပေးမည်ဖြစ်သည်။

သီရိလင်္ကာရေတပ်သည် နိုင်ငံတကာရေပြင်ပိုင်နက်မျဉ်းကိုကျူးကျော်သော အိန္ဒိယရေလုပ်သားများကို မကြာခဏ ဖမ်းဆီးရမြဲလေ့ရှိသည်။ ၎င်းတို့အနက် အများစုမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်မှ ဖြစ်ကြသည်။

တမီလ်လူမျိုးများ၏ နှစ်သစ်ကူးကောက်သစ်စားပွဲအပြီး၌သာ ဖမ်းဆီးမှုများပြုလုပ်ရန် သီရိလင်္ကာရေတပ်နှင့် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့တို့အား မိမိတိုက်တွန်းကြောင်း သီရိလင်္ကာရေလုပ်ငန်းနှင့် ရေသယံဇာတရေးရာဝန်ကြီး မဟိန္ဒြာအမရာဝီရက ပြောကြားသည်။ **ဆင်ဟွာ။**



# ပြည်ပသို့ ရေနံတင်ပို့ရောင်းချနိုင်ရေး အီရန်နိုင်ငံ မျှော်မှန်း

**နယူးဒေလီ ဇန်နဝါရီ ၁၅**

ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် နျူကလီးယားဆိုင်ရာ သမိုင်းဝင် သဘောတူညီချက်တစ်ရပ် ရရှိခဲ့ပြီးနောက် အီရန်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ဥရောပရှိနိုင်ငံများသို့ ရေနံစိမ်း ပြန်လည်ရောင်းချခွင့် ရရှိလာမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် ယင်း၏ နျူကလီးယား အစီအစဉ်အကောင်အထည်ဖော်မှုကို လျှော့ချလိုက်ပြီဟု ကုလသမဂ္ဂ နျူကလီးယား လေ့လာစောင့်ကြည့်ရေးအဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် အတည်ပြုပေးမည်ဟု သတင်းပေါ်ထွက်လာသည်။

ကုလသမဂ္ဂ၏ အရေးယူဒဏ်ခတ်မှုကာလ အဆုံးသတ်သည်နှင့် တစ်ပြိုင်နက်တည်း အီရန်နိုင်ငံက ပြည်ပသို့ ရေနံစိမ်း ပြန်လည်တင်ပို့ရောင်းချနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း အမည်မဖော်သူ အီရန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရန်နိုင်ငံသည် အရေးယူဒဏ်ခတ်မှု ခံခဲ့ရခြင်းကြောင့် ရေနံပို့ကုန်ဝင်ငွေ ထိခိုက်နစ်နာခဲ့ရသည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာ

# နာဂရိုးရာ နှစ်သစ်ကူးအထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်



**လဟယ် ဇန်နဝါရီ ၁၅**

နိုင်ငံတော်သမ္မတ၏ နာဂဒေသခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဦးရဲမြင့် တို့သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစံကြူးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နာဂရိုးရာနှစ်သစ်ကူးအထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပသည့် လဟယ်မြို့ ရွှေပြည်သာအားကစားကွင်းသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

နှစ်သစ်ကူးအထိမ်းအမှတ် အားကစားပြိုင်ပွဲအဖြစ် ကျင်းပသည့် သံလုံးပစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ လွန်ဆွဲ၊ ချောတိုင်တက်၊ မီနီမာရသွန်ပြိုင်ပွဲများသို့ နာဂတိုင်းရင်းသား တိုင်းရင်းသူ ၂၅၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးဝင်းထွန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့သည် ကျလွေချောင်း အသေးစားရေအားလျှပ်စစ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။**(ယာပုံ)**

ထို့နောက် လဟယ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာများကို ဝန်ထမ်းများအား မှာကြားသည်။

ဆက်လက်၍ မြို့နယ်လျှပ်စစ်ရုံးတည်ဆောက်ပြီးစီးမှုနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံမှာ စစ်ဘေးဒုက္ခမရှိသင့်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပ၍ အလွန်ဝမ်းသာ

**သတင်းစဉ်သတင်းအဖွဲ့**

**အနာဂတ်မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2)၌ ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိသည်။**



ဦးမာခါး
(ကချင်တိုင်းရင်းသား-မြစ်ကြီးနား)



လိုင်လှေလ်ပါရ်
(ချင်းတိုင်းရင်းသူ-ကလေးမြို့)



ဒေါ်တူးတူး(အထက်တန်းပြ ကျောင်းဆရာမ၊ မန္တလေးဒေသခံ)



ဦးတင်မောင် (အမှတ် ၁၀ ရပ်ကွက်၊ ပုဗ္ဗန်တောင်မြို့နယ်)



ဦးမျိုးညွန့်
(ကုန်သည်)



ဒေါ်သင်းသင်းဆွေ
(အထက - ၄ ၊ ပုဗ္ဗန်တောင်)

မြန်မာ့ငြိမ်းချမ်းရေးသမိုင်းတစ်လျှောက်တွင် တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးသည့် သမိုင်း၏အလှည့်အပြောင်းတစ်ရပ်ဖြစ်၍ မြန်မာပြည်သူအပေါင်းသာမက တစ်ကမ္ဘာလုံးကပါ အာရုံစူးစိုက်စောင့်ကြည့်လေ့လာလျက်ရှိသည်။

သို့ဖြင့် ကမ္ဘာပေါ်တွင် ကာလအရှည်ကြာဆုံး ပြည်တွင်းစစ်၏ နိဂုံးကမ္ပတ်ချုပ်ငြိမ်းမှုကို ဆောင်ကြဉ်းပေးမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးအပေါ် ပြည်သူအချို့၏ သဘောထားအမြင်များကို ကောက်နုတ်စုစည်းဖော်ပြအပ်ပါသည်။

**ဦးမာခါး (ကချင်တိုင်းရင်းသား-မြစ်ကြီးနား)**

ငြိမ်းချမ်းရေးညီလာခံဟာ ကစားလို့ရတဲ့ ပုံစံရှိတယ်။ အဖွင့်စဖွင့်တဲ့အခြေအနေမှာပဲ ရှိတယ်လို့ မြင်တယ်။ ငြိမ်းချမ်းရေးညီလာခံမှာ တိတိကျကျဆုံးဖြတ်တာမရှိသေးဘူး။ အားလုံးသဘောတူထားတဲ့ အဆင့်မရောက်သေးဘူး။ တစ်နိုင်ငံလုံးနဲ့သက်ဆိုင်တဲ့ ညီလာခံဖြစ်ဖို့ တိုင်းရင်းသားလက်နက်ကိုင်အားလုံးပါဝင်မှုရမယ်။ ညီလာခံလို့ပြောတဲ့အချိန်မှာ အားလုံးပါဝင်အောင် ဖိတ်ခေါ်သင့်တယ်။ နိုင်ငံရေးဆွေးနွေးပွဲမူဘောင် ဘယ်လိုချမှတ်မလဲပေါ့။ မူဘောင်ကောင်းမှ ဆွေးနွေးပွဲရလဒ်ကလည်း ကောင်းမယ်။

**လိုင်လှေလ်ပါရ်(ချင်းတိုင်းရင်းသူ-ကလေးမြို့)**

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲကြမယ်ဆိုရင်တော့ အကောင်းဆုံးပေါ့။ ငြိမ်းချမ်းမှ တိုင်းရင်းသားတွေ အလုပ်လုပ်ရတာ အဆင်ပြေမယ်။ စစ်ပွဲတွေဖြစ်နေတာ မလိုလားဘူး။ စစ်ဖြစ်တယ်ဆိုရင် အားလုံးအငြိမ်မနေရဘူး။ စစ်ဖြစ်ရင် အဓိက ပြည်သူတွေဒုက္ခရောက်တာပေါ့။ မြန်မာနိုင်ငံမှာ စစ်ဘေးဒုက္ခဆိုတာမရှိသင့်တော့ဘူး။ ကိုယ်တိုင်က စစ်ဘေးဒုက္ခကိုမခံစားရပေမယ့် ကိုယ်ချင်းစာတယ်။ အခု နေပြည်တော်မှာ အဖွဲ့အစည်းပေါင်းစုံပါဝင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပနေတယ်ဆိုတော့ အလွန်ဝမ်းသာပါတယ်။

**ဒေါ်တူးတူး(အထက်တန်းပြ ကျောင်းဆရာမ၊ မန္တလေးဒေသခံ)**

ငြိမ်းချမ်းရေးအတွက် စာရွက်ပေါ်မှာ လက်မှတ်ထိုးရုံတင်မဟုတ်ဘဲ အပြင်မှာလည်း တကယ်ငြိမ်းချမ်းရေးဖြစ်စေချင်ပြီ။ တချို့နေရာတွေမှာ တိုက်ပွဲတွေဖြစ်နေတော့ စစ်ဘေးရှောင်ဒုက္ခသည်တွေအတွက် စိတ်မကောင်းဖြစ်မိတယ်။ စစ်ပွဲတွေ အမြန်ရပ်ပြီး သူတို့ကို နေရပ်ပြန်စေချင်ပြီ။ ကလေးတွေလည်း ကျောင်းတက်စေချင်တယ်။ ပြည်တွင်းစစ်ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးတယ်။ ငြိမ်းချမ်းရေးအတွက် အချိန်ယူပြီးလုပ်ရမယ်လို့ ထင်တယ်။ ရိုးသားမှုကို အဓိကထားပြီး လုပ်မယ်ဆိုရင် အောင်မြင်မှာပါ။

**ဦးခင်ဇော် (ဒုတိယရဲမှူး-ငြိမ်း)**

ငြိမ်းချမ်းရေးက တိုင်းပြည်မှာမရှိမဖြစ်လိုအပ်တဲ့အရာတစ်ခုပါ။ ကျန်းမာရေး၊ ပညာရေး၊ နိုင်ငံရေး ဘက်စုံ ဘာကိုပဲလုပ်လုပ် ငြိမ်းချမ်းရေးမရရှိရင်မဖြစ်နိုင်ပါဘူး။ ငြိမ်းချမ်းရေးဟာ ပြည်သူ့အတွက်အသက်သွေးကြောဖြစ်တယ်။ ဒီလို ဆောင်ရွက်မှုတွေကို ပြည်သူတစ်ယောက်အနေနဲ့ အပြည့်အဝအားပေးနေပါတယ်။

**ဦးတင်အေး (စစ်မှုထမ်းဟောင်း အငြိမ်းစား) ထုံးဘို၊ ပြည်ခရိုင်**

ငြိမ်းချမ်းရေးရပြီဆိုရင် အတိုင်းထက်အလွန်ပေါ့။ ဒေသတွေ အေးချမ်းတည်ငြိမ်လာမယ်။ မငြိမ်းချမ်းတဲ့ဒေသတွေမှာ ငြိမ်းချမ်းလာပြီဆိုရင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေးစသဖြင့် တိုးတက်လာမယ်။ တိုက်ပွဲတွေဖြစ်နေတဲ့အတွက် ကြားထဲကပြည်သူတွေ ဒုက္ခမျိုးစုံခံစားရတယ်။ ငြိမ်းချမ်းရေးရရင် အဲဒီဒေသက ပြည်သူတွေ ဒီဒုက္ခမျိုးစုံက လွတ်မြောက်ပြီး ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်စားသောက်နိုင်တာပေါ့။ လယ်ယာလုပ်တဲ့သူက လယ်ယာကိုအေးအေးချမ်းချမ်း လုပ်နိုင်မှာပါ။ တိုင်းပြည်လည်း တိုးတက်လာမယ်။

**ဦးကျော်စိုး (စည်ပင်)**

တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရမယ်ဆိုရင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်ပြီး ဒေသတွေ တိုးတက်လာမယ်။ ဒေသတွေတိုးတက်လာရင် တိုင်းပြည်လည်းတိုးတက်လာမယ်။ အဲဒီဒေသမှာရှိတဲ့ ကလေးတွေလည်း ပညာကောင်းကောင်းမွန်မွန် သင်ရမယ်။ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေလည်း စစ်ဘေးဒုက္ခမျိုးစုံက လွတ်မြောက်မယ်၊ အဘက်ဘက်က တိုးတက်လာမယ်လို့မြင်ပါတယ်။

**ဦးတင်မောင် (အမှတ် ၁၀ ရပ်ကွက်၊ ပုဗ္ဗန်တောင်မြို့နယ်)**

နေပြည်တော်မှာလုပ်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲက အမြင်ပြောရရင်ကောင်းပါတယ်။ အားလုံးငြိမ်းချမ်းသင့်ပြီ။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ အဆုံးအမ အရ လောဘ၊ ဒေါသတွေချုပ်ငြိမ်းပြီး အငြိုးအတေးတွေမရှိသင့်တော့ဘူး။ ဒါမှ တိုင်းပြည်မှာမှီခိုနေတဲ့ တောင်သူလယ်သမား၊ အလုပ်သမား၊ ပြည်သူတွေ ကုန်သည်တွေ စိတ်အေးချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက်ရှာဖွေနိုင်ပြီး တိုင်းပြည်သာယာလာမှာ။ အဲဒီသာယာမှုကို မျှော်လင့်ရင်း မေ့ပျောက်နေကြတယ်။ အခု တိုင်းပြည်မှာငြိမ်းချမ်းရေးလုပ်နေပေမယ့် ကျန်တဲ့အဖွဲ့တွေရှိသေးတယ်။ အဲဒါတွေကြောင့် ပြည်သူကပေါက်ဖွားလာတဲ့ သားကောင်းသမီးကောင်းတွေဆုံးရှုံးတယ်။ ဘာအကျိုးအမြတ်မှမရဘူး။ တိုင်းသူပြည်သားအားလုံးစိတ်ချမ်းသာမှုမရှိဘူး။ တွေ့ဆုံညှိနှိုင်းပွဲလုပ်ပြီး ပြုပြင်သင့်တာတွေပြုပြင်ပြီး ဆွေးနွေးကြရင်အကောင်းဆုံးပါ။ စေတနာပါပါနဲ့ဆွေးနွေးကြရင် အနာဂတ်ခရီး ဖြောင့်ဖြူးသာယာမှာပါ။

**ဦးမျိုးညွန့်(ကုန်သည်)**

နေပြည်တော်မှာလုပ်နေတဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောထားအမြင်ကကောင်းပါတယ်။ တိုင်းရင်းသားတွေ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေထိုင်ကြရင် စီးပွားရေးလုပ်နိုင်မယ်။ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးလာမယ်။ ကမ္ဘာ့နိုင်ငံတွေနဲ့လည်း စီးပွားရေးလုပ်နိုင်မယ်။ တိုင်းပြည်အနာဂတ်ကောင်းလာမယ်။ အဲလိုငြိမ်းချမ်းရေးတွေဖြစ်ဖို့ စောင့်နေတာ နှစ်ပေါင်းကြာခဲ့ပါပြီ။ တကယ်လို့ သင့်မြတ်သွားပြီး စည်းစည်းလုံးလုံးဖြစ်သွားရင် အင်မတန်ပျော်ရွှင်ရမယ့်အချိန်အခါပေါ့။ အနာဂတ်မှာ စည်းလုံးညီညွတ်မှုတွေ ပြိုကွဲနေရင် စိတ်ချမ်းသာမှုမရှိဘူး။ တိုင်းရင်းသားညီအစ်ကိုတွေ စုစုစည်းစည်းဖြစ်သွားရင် သမ္မတကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ကျေးဇူးအထူးတင်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုတွေ တစ်ယောက်နဲ့တစ်ယောက် တိုက်နေမယ့်အစား တိုက်ပွဲမှာကုန်ကျမယ့်ငွေကြေးနဲ့ လူအင်အားတွေကို တစ်နိုင်ငံလုံးတိုးတက်မယ့်အခွင့်အလမ်းတွေမှာ ဖော်ထုတ်ပေးကြဖို့ လက်ရှိအစိုးရရော၊ အစိုးရသစ်ကိုရော တာဝန်ရှိပါတယ်လို့ ပြောချင်ပါတယ်။

**ဒေါ်သင်းသင်းဆွေ (အထက - ၄ ၊ ပုဗ္ဗန်တောင်)**

ခုလို ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေလုပ်ပေးတာ ဆရာမတစ်ယောက်အနေနဲ့ ဝမ်းသာပါတယ်။ ဘာကြောင့်လဲဆိုတော့ ညီအစ်ကိုမောင်နှမအချင်းချင်း တိုက်ပွဲတွေဖြစ်တော့ သက်ကြီးရွယ်အိုတွေ အပါအဝင် ကျောင်းသားအရွယ်ကလေးငယ်တွေ စစ်ဘေးကိုပြေးရှောင်နေရတယ်။ ကျောင်းမတက်နိုင်တော့ အနာဂတ်မျိုးဆက်သစ်တွေအတွက် အများကြီးနစ်နာတယ်။ ပညာတတ်လည်း နည်းသွားမယ်၊ ကျောင်းသားမိဘတွေစိတ်မချမ်းသာဘူး။ ငြိမ်းချမ်းသွားရင် စစ်ဘေးရှောင်သူတွေ နေရပ်ပြန်လာနိုင်မယ်။ ကျောင်းသားတွေလည်း အေးချမ်းစွာပညာသင်ကြားနိုင်မယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ငြိမ်းချမ်းရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒီဆွေးနွေးပွဲ အောင်မြင်ရင် ပြည်သူတွေ အနာဂတ်အခွင့်အလမ်းတွေ ပိုပြီးကောင်းမွန်သွားမယ်လို့မြင်ပါတယ်။

**ဦးခင်မောင်ဇော်(ခေတ်ဉာဏ်သစ် ကိုယ်ပိုင်စာသင်ကျောင်း၊ မကွေးမြို့)**

ငြိမ်းချမ်းရေးအစစ်အမှန်ကို တစ်နိုင်ငံလုံးက လိုလားနေပါတယ်။ တိုင်းရင်းသားတွေအချင်းချင်း ခိုက်ရန်ဆက်လက်ဖြစ်ပွားနေတာ ကျွန်တော်တို့ မလိုလားပါဘူး။ အခုလို ငြိမ်းချမ်းရေးကိုတည်ဆောက်မှုတွေက နောင်လာမယ့် အနာဂတ်မှာ နိုင်ငံတော်ကိုတိုးတက်စေမယ့် ခိုင်မာတဲ့အုတ်မြစ်ကောင်းတစ်ခုဖြစ်တယ်ဆိုတာ ယုံကြည်ပါတယ်။

**ဦးမျိုးသီဟ (ရန်ကုန်)**

အခုအစိုးရလက်ထက်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပနိုင်တဲ့အတွက် အစိုးရအနေနဲ့ အခြေခံကိုတည်ဆောက် အကောင်အထည်ဖော်ပေးတာပါပဲ။ နောင်လာမယ့် အစိုးရလက်ထက်မှာဆိုရင် အပြီးတိုင်ငြိမ်းချမ်းရေးရရှိမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒီလိုငြိမ်းချမ်းရေးရမှ ကျွန်တော်တို့နိုင်ငံကို နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေလာတဲ့အခါ နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း အရှေ့တောင်အာရှနိုင်ငံတော်တော်များများနဲ့ ရင်ပေါင်တန်းနိုင်မှာဖြစ်တယ်လို့ယူဆပါတယ်။

# ရွေးကောက်ပွဲအလွန်ကာလ မြန်မာနိုင်ငံ



(ဇန်နဝါရီ ၁၁ရက်ထုတ် Nikkei Asia Review တွင် ဖော်ပြခဲ့သော ဦးစိုးသိန်း၏ ဆောင်းပါးကို စာရေးသူ၏ခွင့်ပြုချက်အရ ဆီလျော်အောင် ဘာသာပြန်ဆိုဖော်ပြလိုက်ပါသည်။)

ကြယ်စင်သာ

**၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့က ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံ၏သမိုင်းဝင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အနိုင်ရရှိခဲ့ပြီးဖြစ်သည်။ လက်ရှိအစိုးရအဖွဲ့တွင် ၂၀၁၁ ခုနှစ်ကစပြီး တာဝန်ထမ်းဆောင်ခဲ့သော ကျွန်တော်သည် အဆိုပါရွေးကောက်ပွဲ၌ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကာ ရွေးချယ်ခံခဲ့ရသဖြင့် မကြာမီစတင်တော့မည့် လွှတ်တော်အသစ်တွင် အမတ်တစ်နေရာရရှိနေသည်။**



January 11, 2016 12:00 pm JST
Soe Thane

## Navigating the choppy waters of Myanmar's post-election era

Myanmar's historic general election on Nov. 8 led to a landslide victory for the opposition National League for Democracy. Having served in the present government since 2011, I stood as an independent candidate and won a seat in the new parliament.

The elections were widely hailed -- both at home and abroad -- as free and fair, and the first such national poll for 25 years. This broad approval was largely due to the results. If the incumbent party had scored well, I doubt that international observers would have reacted so positively. Nevertheless, it was a convincing win which will usher in a new era for our country. As a minister in the current government of President U Thein Sein, I believe this administration has performed its historic role to the very best of its ability, and I wish our successors all the best.

The big issue facing leaders of the new administration however is how they handle the many daunting challenges ahead.

ကျင်းပပြီးစီးခဲ့ပြီဖြစ်သော ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲသည် ၂၅ နှစ်တာကာလအတွင်း နိုင်ငံတစ်ဝန်း ပထမဦးဆုံးကျင်းပသည့် ရွေးကောက်ပွဲကြီးဖြစ်ခဲ့ပြီး လွတ်လပ်ပြီး တရားမျှတမှုရှိကြောင်း ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ ထောက်ခံကြိုဆိုခဲ့ကြသည်။ ထိုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံကြိုဆိုကြခြင်းမှာ ရွေးကောက်ပွဲရလဒ်ကြောင့်လည်းဖြစ်ပါမည်။ အကယ်၍ လက်ရှိအစိုးရတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသူများ ပါဝင်သည့် ပါတီက အများစုအနိုင်ရခဲ့ပါလျှင် ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံကြိုဆိုမှုမျိုးရှိချင်မှ ရှိပေလိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ အနိုင်ရရှိသူက မြန်မာနိုင်ငံတော်ကြီးနှင့် ပြည်သူများကို ခေတ်သစ်တစ်ခုသို့ ဦးဆောင်သွားရမည်သာဖြစ်သည်။ လက်ရှိအစိုးရအဖွဲ့အနေဖြင့် သမိုင်းပေးတာဝန်ကို အကောင်းဆုံးထမ်းဆောင်နိုင်ခဲ့ကြောင်း သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးတစ်ဦးအနေဖြင့် ယုံကြည်မိပါသည်။

သို့သော်လည်း အစိုးရသစ်အဖွဲ့တွင် ပါဝင်ကြမည့်ပုဂ္ဂိုလ်များအနေဖြင့် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်ဆိုသည့်အချက်မှာလည်း ကြီးမားသည့်ပြဿနာဟု ရှုမြင်မိသည်။ ယင်းပြဿနာနှင့်ပတ်သက်ပြီး စင်ကာပူနိုင်ငံ၏ ဖခင်ဟုခေါ် ဆိုကြသော ပထမဦးဆုံးဝန်ကြီးချုပ် လီကွမ်ယု၏ စကားအချို့ကို သတိရနေမိသည်။ လီကွမ်ယုက နိုင်ငံများစွာရှိ ကိုလိုနီဆန့်ကျင်ရေးသမားများနှင့် သူရဲကောင်းများအနေဖြင့် လွတ်လပ်ရေးကို ရယူပေးခဲ့ကြပြီး နိုင်ငံ၏အချုပ်အခြာအာဏာကို ရရှိခဲ့ကြသော်လည်း နိုင်ငံတော်တည်ဆောက်ရေးတွင်မူ အောင်မြင်မှုမရရှိခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မတူညီသော လူတန်းစားများအကြား စည်းလုံးညီညွတ်မှုထူထောင်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ၏ဘဝ မြင့်မားလာစေရေးဟူသော ကြိုးပမ်းမှုနှင့် လွတ်လပ်ရေးအတွက် ပြည်သူ့အားကို စုစည်းခြင်း၊ တိုက်ပွဲဝင်ခြင်းနှင့် အစိုးရတစ်ရပ်ကိုဖြုတ်ချခြင်းဟူသော ကြိုးပမ်းမှုတို့မှာ လုံးဝကွာခြားနေခြင်းကြောင့်ဖြစ်ကြောင်း မိန့်ဆိုခဲ့သည်။

ထိုကဲ့သို့ လီကွမ်ယု၏စကားအချို့ကို ကိုးကားရခြင်းမှာ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးအတွက် လိုအပ်သည့်အရည်အချင်းမှာ ပြောင်မြောက်သောအတိုက်အခံအဖွဲ့တစ်ဖွဲ့အတွက် လိုအပ်လျက်ရှိသော အရည်အချင်းနှင့် အလွန်ပင်ကွာခြားသည်ဟု ယူဆခြင်းကြောင့်ဖြစ်ပါသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ ရှုပ်ထွေးသည့်အခြေအနေများတွင် အတိုက်အခံပါတီအနေဖြင့် ၂၀၁၁ ခုနှစ်အထိ ကျယ်ကျယ်ပြန့်ပြန့် မလှုပ်ရှားရခဲ့ခြင်းမှာ အဓိကကိစ္စရပ်ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ထူးခြားသော အခြေအနေများစွာရှိသည့်အနက် အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

**အထိအရှမခံသောငြိမ်းချမ်းရေး**

နိုင်ငံတွင်းရှိစိန်ခေါ်မှုများနှင့် အချို့သောစိန်ခေါ်မှုများအနက် အထူးအရေးကြီးလှသည့် ပထမဆုံးစိန်ခေါ်မှုမှာ ငြိမ်းချမ်းရေးဖော်ဆောင်မှု အစီအစဉ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဆယ်စုနှစ် ခုနစ်ခုနီးပါးကြာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းသွားရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများစွာနှင့် ကာလရှည်ကြာညှိနှိုင်းဆွေးနွေးခဲ့ရသည်။ စိတ်ရှည်သည်းခံမှုဖြင့် ယုံကြည်မှုကိုတည်ဆောက်ခဲ့ရသည်။ သို့သော်လည်း ငြိမ်းချမ်းရေးရရှိရန်အတွက် လုပ်ဆောင်ရန် များစွာကျန်ရှိနေသေးသည်။

ယခုအဆင့်အထိ နိုင်ငံရေးအရွေ့တစ်ခုကို ဖော်ဆောင်နိုင်ခဲ့သော နိုင်ငံတော်သမ္မတကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စေ့စပ်ညှိနှိုင်းသူ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ပါဝင်ကူညီခဲ့ကြသူများ အပါအဝင် နိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များနှင့် တိုင်းရင်းသားခေါင်းဆောင်များကို အထူးလေးစားဂုဏ်ယူမိပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အဓိကပြဿနာမှာ ဖက်ဒရယ်ဝါဒဖြစ်ပေလိမ့်မည်။ မြန်မာနိုင်ငံတွင် သွင်ပြင်လက္ခဏာများ မတူညီကြသည့် တိုင်းရင်းသားအများစုနေထိုင်သော ပြည်နယ်ခုနစ်ပြည်နယ်ရှိပြီး နိုင်ငံ၏ဖွံ့ဖြိုးမှုအနည်းဆုံးဒေသများတွင် ပါဝင်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အဓိကဆွေးနွေးသည့်အချက်မှာ ဗဟိုအစိုးရနှင့် ပြည်နယ်များအကြား အာဏာကန့်သတ်ခွဲဝေထားသော ဖက်ဒရယ်အစိုးရဖွဲ့စည်းရေးပင်ဖြစ်သည်။

စိုးရိမ်စရာတစ်ခုမှာ ဖက်ဒရယ်စနစ်ဖြစ်မလာဘဲ မြေရှင်ပဒေသရာဇ်စနစ်ကဲ့သို့ ဘုရင်ငယ်လေးများ ပေါ်ပေါက်လာပြီး ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအကြား အားပြိုင်မှုဖြစ်လာနိုင်ခြင်းပင်ဖြစ်သည်။ ထိုပြည်နယ်သူပြည်နယ်သားများအနေဖြင့် မိမိတို့မှ အသစ်ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များကို သိရှိကြပါသလား။ အကယ်၍မသိရှိကြသေးပါလျှင် ယင်းကိုယ်စားလှယ်များနှင့် ရင်းနှီးကျွမ်းဝင်အောင် လုပ်ဆောင်ကြပါဟု တိုက်တွန်းလိုပါသည်။

**အရည်အချင်းကွာဟချက်**

နောက်ထပ်အရေးကြီးသော ပြဿနာတစ်ခုမှာ အရည်အချင်းနည်းပါးမှုပင်ဖြစ်သည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ ဉာဏ်ရည်နည်းပါးခြင်းကြောင့်မဟုတ်ဘဲ ကာလကြာရှည်စွာ ပိတ်ဆို့ခံထားရသည့်အတွက် အတွေ့အကြုံဗဟုသုတနည်းပါးခြင်း၊ သက်ဆိုင်ရာဘာသာရပ်၌ ကျွမ်းကျင်တတ်မြောက်သူရှားပါးခြင်းနှင့် အရည်အချင်းရှိသော အလုပ်သမားများ လျော့နည်းသွားခြင်းတို့ဖြစ်သည်။ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရန်အတွက် ဆိုပါလျှင် မျိုးဆက်တစ်ခုအထိ ကြာမြင့်မည်ဖြစ်သည်။ ကျွမ်းကျင်အလုပ်သမားများမရှိခြင်းသည်လည်း ရှေ့ဆက်သွားမည့် နိုင်ငံတော်အတွက် နာတာရှည် အခက်အခဲပုံစံ ကြုံရဖွယ်ရှိသည်။ ပို၍ဆိုးရွားသော စိန်ခေါ်မှုတစ်ခုရှိပါသေးသည်။ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးနည်းပညာနှင့် အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာကြသော ပြည်သူများအနေဖြင့် ဖေ့စ်ဘွတ်ကဲ့သို့သော လူမှုမီဒီယာကွန်ရက်ကိုပို၍ အသုံးပြုလာကြသည်။ သို့သော် ကျန်းမာရေး၊ ပညာရေးနှင့် နေ့စဉ်လူနေမှုဘဝ တိုးတက်ရေးအတွက် အသုံးပြုသူ နည်းပါးလျက်ရှိပြီး ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု၊ ပြစ်တင်ဝေဖန်မှု၊ ကောလာဟလ ထုတ်လွှင့်မှုနှင့် အမုန်းတရားသယ်ဆောင်မှုတို့အတွက် အသုံးများနေကြသည်ကို တွေ့မြင်ရသည်။

ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်ပြီး ဆန္ဒစောနေသူများက တာဝန်ရှိသူများအပေါ် စိတ်ပျက်ဖွယ် ပြစ်တင်ဝေဖန်မှုများလည်းရှိနေသည်။ တာဝန်ရှိသူများအပေါ် အကောင်းထက်အဆိုးမြင်ကာ ဘာပဲလုပ်လုပ် အပြစ်တင်ဆဲဆိုနေကြသည်။ ဒီမိုကရေစီအစပျိုးလျက်ရှိသော မြန်မာနိုင်ငံရှိပြည်သူများမှာ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးများ၏ လုပ်ငန်းသဘာဝမတူညီမှုကို သတိပြုနားလည်ပုံမရပေ။ အစိုးရကိုသာ ဦးတည်ပြီး ပြစ်တင်ဝေဖန်လျက်ရှိကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် အမြင်မကြည်လင်မှု၊ စည်ပင်သာယာအပေါ် မကျေလည်မှုနှင့် တရားရေးအပေါ် မကျေနပ်မှုများဖြစ်ပေါ်လာပါကလည်း အစိုးရအဖွဲ့ကိုသာ အပြစ်တင်ကြသည်။

ထိုကဲ့သို့သော အဆင်အခြင်မဲ့ လုပ်ရပ်များက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စစ်မှန်သော ဒီမိုကရေစီပေါ်ပေါက်ရေးအတွက် ဆူးငြောင့်ခလုတ်များပင်ဖြစ်သည်။ ရန်ကုန်မြို့လမ်းမပေါ်ရှိ ယာဉ်ကြောပိတ်ဆို့မှုနှင့် ပတ်သက်၍လည်း အစိုးရကို အပြစ်တင်နေကြသည်။ ပြီးခဲ့သောနှစ်များက ယာဉ်တင်သွင်းမှု ကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့ခြင်းနှင့်အတူ ကားဝယ်ယူအသုံးပြုနိုင်သူ အရေအတွက် မြင့်တက်လာခဲ့သော်လည်း လမ်းစည်းကမ်းလိုက်နာမှုအပိုင်းတွင် အားနည်းနေဆဲဖြစ်ရာ လမ်းပိတ်ဆို့မှုများမှာ ပိုမိုဆိုးရွားလာခဲ့သည်။

**စီးပွားရေးအခြေအနေ**

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် အလုပ်အကိုင်များဖန်တီးမှုနှင့် ဝင်ငွေတိုးအောင် ဖော်ဆောင်ပေးမှုများ လိုအပ်ပေသည်။ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ပို့ကုန်ပိုမိုတင်ပို့နိုင်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပြီး သဘာဝဓာတ်ငွေ့နှင့် ကျောက်မျက်ရတနာတစ်ခုတည်းအပေါ် အားကိုးအားထားမလုပ်သင့်ပေ။ Productivity မြှင့်တင်ရေးမှာ ထင်ထားသည်ထက်ပင် ပို၍ခက်ခဲနေသည်။ အခြေအနေ အချိန်အခါနှင့်မကိုက်ညီဘဲ အနိမ့်ဆုံးလုပ်အားခသတ်မှတ်ခဲ့မှုကြောင့် နိုင်ငံတွင်းစီးပွားရေး ပြုပြင်ပြောင်းလဲမှုအတွက် အချိန်များစွာကြာမြင့်ပေဦးမည်။ လက်ရှိအနေအထားတွင် ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်ရေးနှင့်ဆောက်လုပ်ရေးလုပ်ငန်းများသာ ဖွံ့ဖြိုးတိုးတက်မည့် အခြေအနေတွင် ရှိနေသည်။ အစိုးရသစ်အနေဖြင့် လက်ရှိခင်းပြီးသားလမ်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်မည်ဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် အချိန်တိုအတွင်း ရင်ပေါင်တန်းနိုင်ရန်မှာ အလွန်ပင်ခက်ခဲမည်ဖြစ်သည်။

**နယ်စပ်ပြဿနာ**

သံတမန်ဆက်ဆံရေးတွင် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးမှာ အထူးတလည်အရေးကြီးသော ကိစ္စတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် နယ်နိမိတ်ချင်းရှည်လျားစွာ ထိစပ်နေကြသည်ဖြစ်ရာ နှစ်နိုင်ငံအကြားတွင် မဟာဗျူဟာကျသော ပြဿနာများစွာရှိနေသည်။ အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြိုးပမ်းနေစဉ် ကိုးကန့်ဒေသ၌ ပဋိပက္ခဖြစ်ပေါ်ခဲ့သည်။ တရုတ်နိုင်ငံနယ်စပ်တွင် ခြေကုပ်ယူထားသော ကိုးကန့်၊ ဝ၊ ပလောင်နှင့် ကချင်အဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးရန် ငြင်းဆန်လျက်ရှိသည်မှာ တိုက်ဆိုင်မှုတစ်ရပ်ဟု ဆိုနိုင်မည်လား။ နိုင်ငံရေးနှင့် စီးပွားရေးပြဿနာများမှာ ဆက်စပ်လျက်ရှိနေသည်။

မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ မြင့်မားလာမှုအပေါ် ကန့်ကွက်ဆန္ဒပြကြရာမှာ တရုတ်တို့ဦးဆောင်သည့်စီမံကိန်းများ ထိခိုက်နစ်နာသွားခဲ့သည်။ လက်ရှိအစိုးရကာလအတွင်း လက်ပံတောင်းတောင်ကိစ္စကို ငါးနှစ်တိုင်ဖြေရှင်းခဲ့ရသော်လည်း မြစ်ဆုံစီမံကိန်းကိုမူ မဖြေရှင်းနိုင်သေးပေ။ အစိုးရသစ်အနေဖြင့် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရင်း ဖော်ပြပါစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။

**ပြည်နယ်များအရေး**

ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးရေးပြဿနာများမှာလည်း ပို၍ပင်အလေးထားရမည့် ကိစ္စဖြစ်ပြီး ဗုဒ္ဓဘာသာနှင့် အစ္စလာမ်ဘာသာဝင်တို့အကြား ယုံကြည်မှုများစွာ တည်ဆောက်ရမည်ဖြစ်သည်။ ယင်းကို အနိုင်ရပါတီတစ်ခုတည်းနှင့်လုပ်ဆောင်၍ ရနိုင်မည်မဟုတ်ပေ။ ယုံကြည်မှုတည်ဆောက်ရေးကိစ္စမှာ ခက်ခဲနက်နဲပြီး ထိလွယ်ရှလွယ်သည့်အရာတစ်ခုဖြစ်သည်။

ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်တစ်ဦးချင်း၏ အရည်အချင်း၊ အရည်အသွေးဆိုသည်မှာလည်း ပြည်သူကရွေးကောက်ခြင်းဖြစ်၍ ပြည်သူနှင့်ထိုက်တန်သော ကိုယ်စားလှယ်များပင်ဖြစ်သည်။ သို့သော်လည်း စီမံခန့်ခွဲမှုကျွမ်းကျင်ရေးတွင် သက်ဆိုင်သည့်အတွေ့အကြုံမှာ မရှိမဖြစ်လိုအပ်ပါသည်။ ဥပဒေပြုလွှတ်တော်တွင် ပြည်သူများအတွက် မှန်ကန်ပြီးတရားမျှတသည့် ဥပဒေများ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်နိုင်ရန် အနည်းဆုံးအတွေ့အကြုံရှိရမည် ဖြစ်ပေသည်။

**နိဂုံး**

ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံများတွင် မည်သည့်ပါတီကအနိုင်ရသည်ဖြစ်စေ ရွေးကောက်ပွဲကို ငါးနှစ်တစ်ကြိမ်ကျင်းပရမည်မှာ ဒီမိုကရေစီ၏ကျင့်စဉ်ပင်ဖြစ်သည်။ မြန်မာပြည်သူများအနေဖြင့် ပေါ်ထွက်လာမည့်အစိုးရသစ်၏ နိုင်ငံတော်ကို ကောင်းမွန်စွာ ထိန်းကျောင်းမောင်းနှင်မည်ဟူသော မျှော်လင့်ချက်ထားရှိကြသည်ဖြစ်ရာ အစွမ်းအစရှိသောပုဂ္ဂိုလ်များက အစိုးရနှင့်လွှတ်တော်ကို ထိန်းကျောင်းလိမ့်မည်ဟု မျှော်လင့်ရပေသည်။

***(ဦးစိုးသိန်းသည် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတစ်ဦးဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးတစ်ဦးလည်းဖြစ်သည်။ ကယားပြည်နယ်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် နိုဝင်ဘာလက ရွေးချယ်ခံခဲ့ရသည်။)***

> **ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်တစ်ဦးချင်း၏ အရည်အချင်း၊ အရည်အသွေးဆိုသည်မှာလည်း ပြည်သူကရွေးကောက်ခြင်းဖြစ်၍ ပြည်သူနှင့်ထိုက်တန်သော ကိုယ်စားလှယ်များပင်ဖြစ်သည်။ သို့သော်လည်း စီမံခန့်ခွဲမှုကျွမ်းကျင်ရေးတွင် သက်ဆိုင်သည့် အတွေ့အကြုံမှာ မရှိမဖြစ်လိုအပ်ပါသည်။ ဥပဒေပြုလွှတ်တော်တွင် ပြည်သူများအတွက် မှန်ကန်ပြီးတရားမျှတသည့်ဥပဒေများ ညှိနှိုင်းဆွေးနွေးဆုံးဖြတ်နိုင်ရန် အနည်းဆုံးအတွေ့အကြုံရှိရမည်။**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Lee Baek-Soon အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**




# နွားနို့တိုက်ပါ




ကိုယ်ခန္ဓာ ဖွံ့ဖြိုးစေဖို့

ကျန်းမာသန်စွမ်းစေဖို့

ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့

အသားအရေ လှပစေဖို့

ကျောင်းနေအရွယ် သင့်ကလေးကို

နွားနို့တိုက်ပါစို့


ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ် (၂၂)ဦးတို့က ဆွေးနွေးကြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ **ရေစကြိုမဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်**က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ချမှတ်ထားသော မူဝါဒရည်ညွှန်းချက်(၃)ရပ်နှင့် လုပ်ငန်းစဉ်(၁၂)ရပ်တို့သည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေရေးအတွက် အမှန်တကယ်လိုအပ်ချက်များကို ချမှတ်ထားခြင်းဖြစ်သည့်အတွက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ကယ်ဆယ်ရေးဦးစီးဌာနအနေဖြင့် လွန်ခဲ့သောနှစ်များတွင် ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုခဲ့ပြီးဖြစ်၍ ထပ်မံဖြည့်ဆည်းရန် တောင်းခံခဲ့သော်လည်း ဖြည့်စွက်ခွင့်ပြုမိန့် မရရှိခဲ့ပါကြောင်း၊ ပြောင်းလဲလာသော ကမ္ဘာ့ရာသီဥတုကြောင့် မြေပြိုခြင်း၊ မိုးခေါင်ခြင်း၊ တောင်ပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားနိုင်သောကြောင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံဖြည့်ဆည်းရန် ဘဏ္ဍာငွေများ ခွင့်ပြုပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းက စက်မှုဝန်ကြီးဌာနအောက်တွင် အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း စက်ရုံ(၉)ရုံရှိရာ ရန်ကုန်၊ ထုံးဘိုနှင့် မကွေးစက်ရုံများကို ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် စက်ရုံ(၁၃)ရုံရှိသည့်အနက် စက်ရုံ(၉)ရုံသည် ထုတ်လုပ်မှုကုန်ကျစရိတ်များပြားပြီး စက်စွမ်းအားပြည့် လည်ပတ်နိုင်ခြင်းမရှိကြောင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် စက်ရုံ(၁၁)ရုံရှိပြီး စက်ရုံများထုတ်လုပ်မှုစရိတ် မြင့်မားနေသည့်အတွက် စရိတ်ကာမိခြင်း မရှိကြောင်း။



ရေစကြို မဲဆန္ဒနယ်မှ ဦးတင်ဌေးအောင်။



မရမ်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်။

စက်မှုဝန်ကြီးဌာနအောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်းသည် အမြတ်ဖော်ပြနိုင်သော်လည်း ဝင်ငွေနှင့် သုံးငွေတန်းတူဖြစ်နေမည်ဆိုပါက ပြန်လည်သုံးသပ်သင့်ပါကြောင်း ဆွေးနွေးသည်။

ချောက်မဲဆန္ဒနယ်မှ ဦးသန်းလွင်က စွမ်းအင်မူဝါဒရေးရာကို အဓိကတာဝန်ယူဆောင်ရွက်နေသည့် စွမ်းအင်စီမံကိန်းဦးစီးဌာနကို ဖျက်သိမ်းပြီးသည့်နောက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ သတ္တုကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာကဏ္ဍ၊ စက်မှုကဏ္ဍ၊ သိပ္ပံနည်းပညာကဏ္ဍနှင့် အခြား NGO, INGO အဖွဲ့အစည်းများကို အမြဲပေါင်းစပ်ညှိနှိုင်းပြီး ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်တိုးတက်နေသည့် စွမ်းအင်မူဝါဒများကို တစိုက်မတ်မတ် အချိန်ပြည့်လေ့လာနေပြီး ရည်မှန်းထားသည့် GDP နှုန်းကို ရရှိစေရေးအတွက် အဓိကမောင်းနှင်အားဖြစ်သည့် စွမ်းအင်တိုးတက်မှုနှုန်းရရှိစေရေးတို့ကို ဦးဆောင်ဦးရွက်ပေးနိုင်မည့် စွမ်းအင်ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက မိမိနိုင်ငံဘဏ္ဍာရေးကို မိမိတို့လွှတ်တော်က ၂၄ လမှတစ်ခါ အမှန်စာရင်းသိရလျှင် မိမိတို့စီမံကိန်းများအပေါ် ကြီးကြပ်ကွပ်ကဲရန်နှင့် အကျပ်အတည်းဖြစ်လာလျှင် မည်သို့ကာကွယ်ကုစားနိုင်မည်ကို တာဝန်ရှိသူများက စဉ်းစားဆုံးဖြတ်နိုင်ရန် တင်ပြလိုပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က စီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ(၂)ပါ စီမံကိန်းလုပ်ငန်းများအနက်မှ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်းနှင့် လျှော့၍ခွင့်ပြုခြင်း အဆိုပြုချက်များကို ဇန်နဝါရီ ၁၃ ရက်က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားသည့် ဘဏ္ဍာငွေလျှော့ချမှုဇယားတွင်ပါရှိသည့် ငွေလုံးငွေရင်း စာရင်းများနှင့် ယနေ့ဆွေးနွေးချက်များတွင် ထပ်မံပါရှိလာမည့် စီမံကိန်းလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက သာမန်အသုံးစရိတ်အပါအဝင် ပြန်လည်ရှင်းလင်းဆွေးနွေးရန်ရှိပါက ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်းအပေါ် အဆုံးအဖြတ်ရယူခြင်းကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် စတင်ဆောင်ရွက်ရန် လျာထားပါကြောင်း အသိပေးကြေညာသည်။ **(သတင်းစဉ်)**

# ကျေးရွာစီမံကိန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဇန်နဝါရီ ၁၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်စီမံကိန်း ကျေးရွာငါးရွာအနက်မှ ကဒါကျေးရွာနှင့် မုနိုင်းကျေးရွာတို့တွင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ချေးငွေအလိုက် လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဇန်နဝါရီပထမပတ်က မော်လမြိုင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်အတူ စီမံကိန်းဝန်ထမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး စီမံကိန်းရန်ပုံငွေနှင့်ပတ်သက်၍ ငွေစာရင်းဇယားပုံစံများ ပြည့်စုံစွာရေးသွင်းနိုင်ရန် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်သိန်း (ကျေးလက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တော်ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ဘားအံ ဇန်နဝါရီ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့ လှာကမြင်ကွက်သစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ ရှင်းလင်းဆောင်၌ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တော်ဆိုင်ကယ်ပြင်သင်တန်း (၁ / ၂၀၁၆ )ဖွင့်ပွဲကို ကျင်းပသည်။

ဖွင့်ပွဲတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောခရစ္စတိုဖာက အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးနိုင်မင်းစိုးသိန်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုကြောင်း သင်တန်းသားများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးခင်မောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယခု ဖွင့်လှစ်သည့်သင်တန်းသည် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဖွင့်လှစ်သည့်သင်တန်းဖြစ်ပြီး ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ သင်တန်းသား ၃၅ ဦးအား နေထိုင်စားသောက်စရိတ်ငြိမ်းဖြင့် မော်တော်ဆိုင်ကယ်တစ်စီးလုံးအား အစမှအဆုံး ဖြုတ်၊ တပ်ပြင်ဆင်ခြင်း၊ ဝါယာရင်း၊ ဒီဇယ်အင်ဂျင်၊ ဓာတ်ဆီအင်ဂျင် အခြေခံသဘောတရားများကို သင်တန်းကာလ ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပို့ချသွားမည်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကွမ်းခြံကုန်းတွင် ကျေးလက်အသက်မွေးလုပ်ငန်းများ ဆောင်ရွက်

**ကွမ်းခြံကုန်း ဇန်နဝါရီ ၁၅**

ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို မတည်ပေးပြီး ယင်းမတည်ငွေအား ကျေးရွာကော်မတီအစီအစဉ်ဖြင့် ကျေးရွာနေပြည်သူများ၏ ဝင်ငွေတိုးလုပ်ငန်းများကို ကွမ်းခြံကုန်းမြို့နယ်တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျနိုင်စေရေး ရည်ရွယ်ဆောင်ရွက်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ရာ ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ ၁၃ ရွာအနက် မန်းကလိပ်ကျေးရွာသို့ ဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်မှုရှိ /မရှိ သိရှိနိုင်ရန် ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြို့နယ်ကျေးလက်ဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းသွားရောက်စစ်ဆေးခဲ့ရာ ကျေးရွာနေပြည်သူများက အသက်မွေးလုပ်ငန်းအမျိုးမျိုး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေကြပြီး ယခင်ထက် အဆင်ပြေကြောင်း သိရသည်။ **(သရဖီ၊ ကွမ်းခြံကုန်း)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ စတုတ္ထနေ့ကျင်းပ ညီလာခံနောက်ဆုံးနေ့၌တင်သွင်းမည့် စာတမ်းများပြင်ဆင်




**နေပြည်တော် ဇန်နဝါရီ ၁၅**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ စတုတ္ထနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂ ၌ ဆက်လက်ကျင်းပလျက်ရှိရာ ယမန်နေ့က ဆွေးနွေးရန်ကျန်ရှိသည့် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍအလိုက် ဆွေးနွေးမှုများကို အစုအဖွဲ့ ခုနစ်ဖွဲ့တွင် ပါဝင်သူများက ဆက်လက်ဆွေးနွေးကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ဆွေးနွေးမှုကဏ္ဍအလိုက် ပါဝင်သည့် သဘာပတိများက အမှာစကားပြောကြားကြပြီး ညီလာခံ တတိယနေ့က မေးမြန်းခဲ့ကြသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားခြင်း၊ အလှည့်ကျပြန်လည်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော် အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့၊ နိုင်ငံရေးပါတီ အစုအဖွဲ့၊ တိုင်းရင်းသား အစုအဖွဲ့နှင့် ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့တို့၏ အဆိုပြုဆွေးနွေးချက်များကို အကျိုးဆောင်အဖွဲ့က တင်ပြခြင်း၊ အစုအဖွဲ့အလိုက် ပြန်လည်ဆွေးနွေးခြင်း၊ ညီလာခံ နောက်ဆုံးနေ့၌ တင်သွင်းမည့်စာတမ်းများ ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ စုံညီအစည်းအဝေးနောက်ဆုံးနေ့တွင် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြချက်များကို ကဏ္ဍတစ်ခုလျှင် ကိုယ်စားလှယ် သုံးဦးစီဖြင့် ဖတ်ကြားသွားမည်ဖြစ်ပြီး အစိုးရအစုအဖွဲ့မှ နှစ်ဦး၊ လွှတ်တော်အစုအဖွဲ့မှ နှစ်ဦး၊ တပ်မတော်အစုအဖွဲ့မှ သုံးဦး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ သုံးဦး၊ တိုင်းရင်းသား အစုအဖွဲ့မှ တစ်ဦး၊ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့မှ သုံးဦး၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့မှ တစ်ဦး ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တူတာတွေရှိသလို မတူကွဲပြားတဲ့အမြင်တွေရှိနေတာကြောင့် ရေရှည်မှာ အသေးစိတ်ဆက်ဆွေးနွေးဖို့လိုမယ်

အနာဂတ်နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံစဉ်းစားသင့်သည့် မူဝါဒများကို ပိုမိုပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးကဏ္ဍဆွေးနွေးခန်းတွင် အစိုးရအစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့၊ တိုင်းရင်းသားအစုအဖွဲ့၊ ပါဝင်သင့် ပါဝင်ထိုက်သူများအစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့ စသည်ဖြင့် အစုအဖွဲ့ခုနစ်ဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် ဆက်လက်ဆွေးနွေးအကြံပြုခဲ့ကြသည်။ **(ယာပုံ)**

"ထိုင်း၊ တရုတ်တို့နဲ့ နီးစပ်တဲ့ မြန်မာနိုင်ငံရဲ့ ဒေသများမှာဆိုရင် မြန်မာနိုင်ငံသားများ မိမိတို့ရဲ့ နေရပ်ဒေသကို စွန့်ခွာပြီးတော့ တစ်ဖက်နိုင်ငံကို သွားနေကြတာတွေ တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာကတော့ တခြားဒေသတွေနဲ့ ပြောင်းပြန်ဖြစ်ပြီးတော့ ကျွန်တော်တို့နယ်စပ်မှာ တစ်ဖက်နိုင်ငံဖြစ်တဲ့ သန်း ၁၆၀ ကျော်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက လူဦးရေပေါက်ကွဲပြီးတော့ ရခိုင်ပြည်နယ် နယ်စပ်ကို ကုန်းလမ်းကဆက်စပ်ရင် ကုန်းလမ်း၊ ရေလမ်းက ဆက်စပ်ရင် ရေလမ်းက ကျွန်တော်တို့ရဲ့ ရခိုင်ပြည်နယ်ကို အခွင့်အရေးရရင်ရသလို ဝင်ရောက်နေကြတာ ဖြစ်နေပါတယ်။ ရခိုင်ပြည်နယ်ကမ်းခြေကို ရောက်ရှိလာတဲ့ လှေစီးဒုက္ခသည်တွေကို လေ့လာကြည့်ရင် သိနိုင်ပါတယ်။ ဒါကြောင့် အနာဂတ်အရေးအတွက် တွေးဝံ့စရာမရှိတဲ့ အခြေအနေဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ အရေးဟာ မြန်မာနိုင်ငံရဲ့အရေးနဲ့ ထိစပ်နေပါတယ်။ ရခိုင်ပြည်နယ်ကို လုံခြုံရေးကဏ္ဍအနေနဲ့ ဘယ်လိုထိန်းချုပ်နိုင်မလဲဆိုတာ စဉ်းစားသင့်ပါတယ်။ မိမိရဲ့ကံကြမ္မာကို ဖော်ဆောင်တဲ့အခါမှာ နိုင်ငံတော် ကာကွယ်ရေးနဲ့ ပတ်သက်ပြီး ၂၀၀၈ ဖွဲ့စည်းပုံမှာ တပ်မတော်ကို ဆောင်ရွက်ခွင့်ပေးထားသလို ကျွန်တော်တို့ပြည်နယ်ရဲ့ လုံခြုံရေးနဲ့ပတ်သက်တဲ့ ပြဿနာဖြစ်လာရင် ပြဿနာရဲ့အတိမ်အနက်ကိုကြည့်ပြီးတော့ ပြည်နယ်ဝန်ကြီးချုပ်နဲ့ ပြည်နယ်အစိုးရအဖွဲ့ကို ဆောင်ရွက်ခွင့်ပေးပြီးတော့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖြည့်သွင်းရေးဆွဲသင့်ပါတယ်"ဟု ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသာညွန့်က လုံခြုံရေးကဏ္ဍဆွေးနွေးမှုတွင် ဆွေးနွေးအကြံပြုထားသည်။

စစ်ဘေးစစ်ဒဏ်ကြောင့်နဲ့ ငြိမ်းချမ်းရေးကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတဲ့ လူတွေကို ပြန်လည်နေရာချထားရေးများလုပ်ဆောင်ရန်နဲ့ လိုအပ်ချက်များကို အဓိကထားဆောင်ရွက်ပေးရန်အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများဖြင့် လုပ်ဆောင်သွားမည်ဆိုပါက ပြည်တွင်းနေရပ်စွန့်ခွာသူများသည် ကိုယ့်ဒေသကိုယ့်ဝန်းကျင်မှာ လူတန်းစေ့နေထိုင်နိုင်သူများဖြစ်သွားနိုင်သည်ဟု လုံခြုံရေးကဏ္ဍတွင် ဆွေးနွေးခဲ့သည့် ဆွေးနွေးသူတစ်ဦးက ဆိုသည်။



"ကျွန်တော်ကိုယ်တိုင် နေရပ်ကို စွန့်ခွာပြီး လူလားမြောက်နေတဲ့သူ တစ်ဦးဖြစ်ပါတယ်။ ကျွန်တော် တစ်နှစ်သားအရွယ်လောက်မှာ IDP ဖြစ်တယ်။ နေရပ်စွန့်ခွာတိမ်းရှောင်သူထဲမှာ ကျွန်တော်ပါခဲ့တယ်။ နေရပ်တောင်မဟုတ်ဘူး ဇာတိမြို့ကို စွန့်ခွာပြီး တိမ်းရှောင်ခဲ့ရတယ်။ အဲဒါဟာ ပြည်တွင်းလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ပြည်တွင်းစစ်ကြောင့်ပါ။ ကျွန်တော်တို့ကို လွတ်လပ်ရေးပေးသွားတဲ့ ဗြိတိသျှတွေက သွေးခွဲအုပ်ချုပ်ခဲ့တော့ တိုင်းရင်းသားအချင်းချင်း၊ အိမ်ကြက်ချင်း အိုးမည်းသုတ်ပြီး ခွပ်ခိုင်းတဲ့သဘောရှိတယ်။ အဲဒီကတည်းက ပြည်တွင်းငြိမ်းချမ်းမှုမရခဲ့ဘဲ ဒီကနေ့အထိ ကြုံတွေ့နေရတာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုး မတိုးတက်တာဟာ ပြည်တွင်းငြိမ်းချမ်းရေးမရှိလို့ပဲ။ ဒါဟာ အဓိကအကြောင်းရင်းအချက်ဖြစ်တယ်။ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံထဲမှာ ကျွန်တော်တို့နိုင်ငံပါနေတာ ဘာကြောင့်လည်းဆိုရင် ကျွန်တော်တို့တိုင်းရင်းသားအချင်းချင်း မညီမညွတ်ဖြစ်ပြီး လက်နက်စွဲကိုင်ပြီးတော့ ဆောင်ရွက်နေကြလို့ဖြစ်တယ်"ဟု ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်မှုနှင့် ပတ်သက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောဦးက လုံခြုံရေးကဏ္ဍဆွေးနွေးခန်းတွင် ၎င်းကြုံတွေ့ခဲ့သမျှကို ထည့်သွင်းပြောကြားခဲ့သည်။

"ကျွန်တော်တို့နိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေဟာ ကျွန်တော်တို့နိုင်ငံဘက်ကို တံခါးမရှိ ဓားမရှိ ဝင်ရောက်လာခဲ့တာဟာ သမိုင်းမှတ်တမ်းများအရ သိနိုင်ပါတယ်။ ဒီလိုဝင်ရောက်လာခဲ့တာဟာလည်း အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေနဲ့ ရေကြီးတာနဲ့ လယ်လုပ်ဖို့ အလုပ်သမား လိုအပ်ချက်တွေနဲ့ ဝင်ရောက်လာတာဖြစ်ပါတယ်။ ယနေ့အခြေအနေမှာတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ လူဦးရေတိုးတက်မှုနှုန်းဟာ ၄၅ နှစ်အတွင်းမှာ သန်း ၁၀၀ နီးပါး တိုးတက်လာတယ်။ ထို့အတူပဲ ရခိုင်ပြည်နယ်လူဦးရေကို ပြန်ကြည့်လိုက်ရင် ၁၉၉၃ ခုနှစ်လောက် အခြေအနေနဲ့ ယနေ့အခြေအနေနဲ့ ဘင်္ဂါလီတွေရဲ့ လူဦးရေတိုးနှုန်းဟာ အင်မတန်ကြောက်စရာ ကောင်းပါတယ်။ ဘင်္ဂလားဒေ့ရှ်နဲ့ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် ဘူးသီးတောင်၊ မောင်တောမှာ တိုင်းရင်းသားနဲ့ ဝန်ထမ်းတွေ ပေါင်းတာတောင်မှ ဘင်္ဂါလီတွေရဲ့ ရာခိုင်နှုန်းဟာ ၉၇ ရာခိုင်နှုန်းလောက်အထိ ဖြစ်နေပါတယ်။ ရခိုင်ပြည်နယ်ရဲ့ စစ်တွေမြို့ကြီးမှာတောင် အရင်ကလူဦးရေထက် တိုင်းရင်းသားလူဦးရေနဲ့ ဘင်္ဂါလီလူဦးရေနှုန်းယှဉ်တဲ့အခါမှာ ဘင်္ဂါလီဦးရေဟာ ၅၀ ရာခိုင်နှုန်းနီးပါးအထိ ရောက်ရှိနေပါပြီ။ နောက်ငါးနှစ်ဆယ်နှစ်အတွင်းမှာ ကျွန်တာ်တို့ တိုင်းရင်းသားလူမျိုးတွေထက် စစ်တွေမြို့ကြီးမှာ ဘင်္ဂါလီလူမျိုးတွေ မြင့်မားသွားနိုင်တဲ့အတွက် ဒီအရေးကိုလဲ စဉ်းစားသင့်တယ်လို့ တင်ပြချင်ပါတယ်။ ဘင်္ဂါလီတွေ ဝင်ရာက်နိုင်တဲ့ လမ်းကြောင်းတွေအနေနဲ့တော့ တာလီတောင်ကျော်လမ်း၊ ဝေသာတောင်ကျော်လမ်းတွေဖြစ်ပါတယ်။

ဘင်္ဂါလီဝင်ရာက်မှု အပိုင်းအနေနဲ့ လမ်းကြောင်း အသီးသီးကနေ ဝင်ရောက်လာနိုင်ပါတယ်။ ဘင်္ဂါလီတွေကို ပြည်မကိုမရောက်အောင် တားဆီးနေတဲ့ အပိုင်းတွေလည်းရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့တင်မကပါဘူး။ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းတွေဖြစ်တဲ့ လဝက၊ ပြည်သူ့ရဲ စသုံးလုံးစတဲ့ဌာနပေါင်းစုံ ဒီအဖွဲ့တွေအားလုံးပေါင်းပြီးတော့ စစ်တွေကနေသွားတဲ့လမ်း၊ မင်းဘူးလမ်းတို့မှာ စစ်ဆေးရေးဂိတ်တွေ သုံးလေးနေရာထားပြီးတော့ ရှာဖွေစောင့်ကြည့်နေပါတယ်"ဟု တပ်မတော်သားအစုအဖွဲ့ ကိုယ်စားလှယ်နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ချစ်ဦးက လုံခြုံရေးကဏ္ဍဆွေးနွေးခန်းတွင် ဆွေးနွေးခဲ့သည်။

"ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်တဲ့နေရာမှာ ပြည်ထောင်စုတပ်မတော် ဖက်ဒရယ်တပ်မတော်ဆိုပြီး ပြောနေကြတာတွေရှိပါတယ်။ ဒီအထဲမှာ ကျွန်တော်တို့ပြည်ထောင်စုတပ်မတော် တည်ဆောက်တဲ့ပုံစံ၊ သွင်ပြင်၊ အနှစ်သာရ၊ လက်တွေ့အသုံးချနိုင်တဲ့ အချက်အလက်တွေနဲ့ပြည့်စုံတဲ့ ပြည်ထောင်စုတပ်မတော်တစ်ရပ်ဖော်ဆောင်နိုင်ဖို့ ကျွန်တော်တို့မျှော်လင့်ပါတယ်။ မနေ့ကရော ဒီနေ့ရော ဆွေးနွေးတဲ့အထဲမှာ ပြည်ထောင်စုတပ်မတော် ဘယ်လိုတည်ဆောက်ကြမလဲ။ တပ်မတော်အစုဘက်ကအမြင်၊ လက်နက်ကိုင်အဖွဲ့အစည်းဘက်က အမြင်တွေဟာ ကျွန်တော်တို့နိုင်ငံရေးပါတီအစုအဖွဲ့အနေနဲ့ ဒီနှစ်ဖွဲ့ရဲ့ တိုင်ပင်ညှိနှိုင်းမှု၊ ဒီနှစ်ဖွဲ့ရဲ့သဘောထား ဒီနှစ်ဖွဲ့ရဲ့ အမြင်တွေကို ကျွန်တော်တို့က တည်ဆောက်နိုင်မှုအပေါ် သဘောတူညီမှုရယူပြီးတော့ တည်ဆောက်သွားမယ်ဆိုရင်တော့ ပိုပြီးတော့ အဆင်ပြေချောမွေ့လိမ့်မယ်လို့ တင်ပြအကြံပြုလိုပါတယ်။ နောက်တစ်ခါ ပြည်ထောင်စုတပ်မတော်မှာ လူမျိုးတစ်မျိုးတည်း၊ လူအုပ်စုတစ်စုတည်း၊ ပါတီတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးရဲ့ ဩဇာခံမျိုးမဟုတ်ဘဲ ပြည်ထောင်စုရဲ့ အကျိုးစီးပွားကို တကယ်အကျိုးပြုမယ့် ပြည်ထောင်စုတပ်မတော်ဖြစ်သင့်ပါတယ်။ ကျွန်တော်တို့ ဒီညီလာခံမှာ တိုင်းရင်းသားများရဲ့ရပိုင်ခွင့်၊ အခွင့်အရေးကို အာမခံပြီး စစ်မှန်တဲ့ ပြည်ထောင်စုရဲ့သွင်ပြင်လက္ခဏာနဲ့အညီ ပြင်ဆင်သွားမယ်ဆိုရင်တော့ အင်မတန်မှဝမ်းသာစရာပါ။ ဖက်ဒရယ်ပြည်ထောင်စုဟာ အရပ်ဘက်ရဲ့ ကွပ်ကဲမှုနဲ့ အုပ်ချုပ်မှုအောက်မှာ ထားရှိသွားနိုင်မယ်ဆိုရင် ပိုအဆင်ပြေလိမ့်မယ်လို့ သုံးသပ်အကြံပြုလိုပါတယ်"ကယားလူမျိုးစု ဗဟိုကော်မတီပါတီဥက္ကဋ္ဌ ဦးစောသိန်းက ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးခင်ရီက "နိုင်ငံတော် ကာကွယ်ရေးနဲ့လုံခြုံရေးဆိုင်ရာ အခြေခံမူများနဲ့ပတ်သက်ပြီးတော့ မတူကွဲပြားခြားနားတဲ့ အမြင်တွေရှိခဲ့ပေမယ့် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကို အလေးထားပြီးဆောင်ရွက်ဖို့လိုတယ်ဆိုတာမျိုးတွေဟာ တူညီတဲ့အချက်တွေဖြစ်တယ်။ လိုတဲ့အချက်တွေထဲမှ အသေးစိတ်မတူညီနေတာတွေလည်းရှိတယ်။ အသေးစိတ်ပြန်စုတဲ့အခါကျတော့ အမြဲတမ်းတပ်မတော်ကို ဖွဲ့စည်းဖို့ချဉ်းကပ်တဲ့အခါမှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့မတူကြဘူး။ အလားတူပဲ DDR, SSR process တွေကို စဉ်းစားတဲ့အခါမှာလည်း ဘယ်အချိန်မှာ အကောင်အထည်ဖော်မလဲဆိုတဲ့ တွေးဆချက်တွေ မတူညီတဲ့သဘောပဲဖြစ်ပါတယ်။ ဒီနေရာမှာ တူညီခြင်း မတူညီခြင်းဆိုတဲ့ ကွဲလွဲချက်တွေရှိနေတယ်လို့ ယူဆပါတယ်။ ဆွေးနွေးချက်တွေဟာ မဟာဗျူဟာကျကျ စဉ်းစား တွေးခေါ်ခဲ့ကြသလို နည်းဗျူဟာကျကျ တွေးခေါ်အကြံပြုခဲ့ကြတယ်လို့လည်း ကျွန်တော်မြင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှနဲ့ အာရှဆက်စပ်နေတဲ့ အဓိကနေရာမှာရှိတဲ့ အတွက်ကြောင့် ဒေသတွင်းလုံခြုံရေးကိုပါ အထောက်အကူပြုနိုင်ဖို့ စဉ်းစားတဲ့အချက်မျိုး၊ အမျိုးသမီးများဆိုင်ရာ လုံခြုံရေးအခန်းကဏ္ဍများကို ထည့်သွင်းစဉ်းစားတဲ့အချက်မျိုး ဒီလိုအသေးစိတ်အချက်လက်တွေကိုလည်း တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ဖော်ထုတ်ချက်က တူတာတွေရှိသလို မတူကွဲပြားတဲ့ အမြင်တွေရှိနေတာကြောင့် ရေရှည်မှာအသေးစိတ်ဆက်ဆွေးနွေးဖို့လိုမယ်လို့ ကျွန်တော်တို့ အစိုးရအစုအဖွဲ့က အကြံပြုလိုပါတယ်"ဟု ဆွေးနွေးပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုသည်မှာ ပိုနေမြဲကျားနေမြဲအဆင့်တွင် ရှိနေသမျှ ပြီးဆုံးနိုင်မည်မဟုတ်ဘဲ အပေးအယူ အလျှော့အတင်းရှိမှသာလျှင် ပြီးဆုံးမည်ဖြစ်သောကြောင့် အနာဂတ်နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာ အခြေခံစဉ်းစားသင့်တဲ့မူများကို ဆက်လက်ဆွေးနွေးကြရဦးမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - စန္ဒာဝင်း၊ နိုင်လင်းကြည်၊ ခင်စုစုလှိုင်**

# ပြည်တွင်းရေးရာ

**✱ ကျောဖုံးမှ**

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ၂၀၁၆ ခုနှစ် (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှ ၂၀၁၆ ခုနှစ် (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ကယားပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးတောရယ်က ဖတ်ကြားသည်။

ယင်းနောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်မိန့်ခွန်းပြောကြားရာတွင် ကယားပြည်နယ်သည် မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ကရင်ပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါကြောင်း၊ အကျယ်အဝန်းဧရိယာ စတုရန်းမိုင်ပေါင်း ၄၅၃၀ ခန့်ရှိပြီး လူဦးရေစုစုပေါင်း ၂၉၀၆၈၇ ဦးအနက် ကယားတိုင်းရင်းသားဦးရေသည် ၅၆ ရာခိုင်နှုန်းခန့် အများဆုံး ပါဝင်လျက်ရှိပါကြောင်း။

ကယားပြည်နယ်တွင် ကယားလူမျိုးစုများဖြစ်ကြသည့် ကယား၊ ကယန်း(ပဒေါင်)၊ ဂေခို၊ ဂေဘား၊ ကယန်း (လထ) (ခေါ်) ဇယိမ်း၊ ကယော၊ ယင်းဘော်၊ ယင်းတလဲ၊ မနုမနော တိုင်းရင်းသားများအပြင် ပအိုဝ်း၊ အင်း၊ ကချင်၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် အခြားတိုင်းရင်းသားမျိုးစုံ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းနေထိုင်လျက်ရှိကြပါကြောင်း၊ စုစည်းနေထိုင်ကြသည့် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိတို့ပြည်နယ်ကြီး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောလာအောင် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် အလေးအနက်ထားတိုက်တွန်းပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "နိုင်ငံရေးအင်အားဆိုတာကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပဲဖြစ်ပါတယ်။ လူမျိုးစုပေါင်း တစ်ရာကျော်နဲ့ စုစည်းနေထိုင်ကြတဲ့ ကျွန်တော်တို့နိုင်ငံအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရင် နိုင်ငံတော်ကြီးလည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားမှာဖြစ်တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်သွားမှာဖြစ်တယ်"ဟု ပြောကြားခဲ့ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် ကယားပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ကြရာတွင် ပြည်နယ်အတွင်း၌ရှိကြသည့် ဌာနဆိုင်ရာအသီးသီးမှ အရာထမ်း၊ အမှုထမ်းအားလုံးသာမက ဒေသခံတိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမအားလုံးတွင်လည်း တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝနှင့် စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲပါဝင်ကြရန် အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် (၆၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကယားပြည်နယ်နေ့ ပွဲတော်ကွင်း၌ ကျင်းပသည့် ကယားရိုးရာနပန်းပြိုင်ပွဲ (ကယား+ကယန်း)၊ စပါးထောင်းပြိုင်ပွဲ၊ ကရာတေးဒိုပြိုင်ပွဲများအား ကြည့်ရှုအားပေးပြီး အမျိုးသားတံခွန်စိုက်ဆု၊ အမျိုးသမီး တံခွန်စိုက်ဆု၊ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ဂုဏ်ပြုဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကယားပြည်နယ်အထိမ်းအမှတ်ဥယျာဉ်သို့ သွားရောက်လေ့လာရာ ကယားပြည်နယ်ဝန်ကြီးချုပ်က လိုက်လံရှင်းလင်းပြသသည်။

ပထမဦးဆုံးသော ကယားပြည်နယ်နေ့ အခမ်းအနားကို ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကယားပြည်နယ်၏ နာမကရဏသဘင်အဖြစ် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၆၄) နှစ်မြောက်ခဲ့ပြီဖြစ်သည်။



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကယားပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

၁၉၄၉ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ကျင်းပသည့် ကရင်နီပြည်နယ်ကောင်စီ ဒုတိယညီလာခံနှင့် ၁၉၅၀ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ကျင်းပသည့် တိုင်းပြုပြည်ပြုလွှတ်တော်(ပါလီမန်)တို့၌ "ကရင်နီပြည်နယ်" အစား **"ကယားပြည်နယ်"** ဆိုသည့်အမည်ကို ပြောင်းလဲခေါ်ဆိုနိုင်ရန် အဆိုတင်သွင်းခဲ့ကြသည်။ ပြည်နယ်ခေါင်းဆောင်များ၏ ကြိုးပမ်းမှုများကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ကရင်နီ"ဆိုသည့် စကားရပ်ပါရှိသည့်နေရာတိုင်း၌ "ကယား"ဆိုသည့် စကားရပ်ကို ပြောင်းလဲသုံးစွဲရန် ပြဋ္ဌာန်းခဲ့သည်။

ကယားအမျိုးသားခေါင်းဆောင်များနှင့်တကွ စောဖျာများ၊ ပြည်နယ်သူ ပြည်နယ်သားများ၏ဆန္ဒအရ မိမိတို့ပြည်နယ်ကို "ကယားပြည်နယ်"ဟု ခေါ်ဆိုခွင့်ရခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ကယားအမျိုးသားခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းအောင်မြင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်ကို "ကယားပြည်နယ်နေ့" အဖြစ်သတ်မှတ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော်ရှိ တောင်ကွဲစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကိုပူဇော်ကာ အလှူငွေများ လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ပြန်လည်ထွက်ခွာရာ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## တာမွေခုံးကျော်တံတားစီမံကိန်း ည ၁၀ နာရီမှ နံနက် ၅ နာရီ ယာဉ်သွားလာမှု ပိတ်ထားမည်

**ရန်ကုန် ဇန်နဝါရီ ၁၅**

ရန်ကုန်မြို့ တာမွေမြို့နယ်အတွင်း ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည့် တာမွေခုံးကျော်တံတားတည်ဆောက်ရေးစီမံကိန်းတွင် တံတားသံပေါင်များ ရောက်ရှိတပ်ဆင်မည်ဟု သိရသည်။

သို့ဖြစ်ပါ၍ လုပ်ငန်းလိုအပ်ချက်အရ ပြည်သူများအန္တရာယ်ကင်းရှင်းစွာ သွားလာမှုအဆင်ပြေစေရန်ရည်ရွယ်ကာ တာမွေမြို့နယ် ဗညားဒလလမ်း (မိုးမခလမ်းထိပ်)မှ တာမွေမီးပွိုင့်လမ်းဆုံအထိနှင့် ဦးချစ်မောင်လမ်း (မြလမ်းထိပ်)မှ တာမွေမီးပွိုင့်လမ်းဆုံအထိ လမ်းပိုင်းကို ဇန်နဝါရီ ၁၇ ရက်မှ မတ် ၇ ရက်အထိ ည ၁၀ နာရီမှ နံနက် ၅ နာရီအတွင်း ညစဉ်ယာဉ်သွားလာမှုပိတ်ထားမည်ဖြစ်ကြောင်း ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမှ သိရသည်။ **(သတင်းစဉ်)**

## အခွင့်အရေးလိုင်စင် လေလံရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် အခွင့်အရေး လိုင်စင်လေလံရောင်းချခြင်းကို ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

လေလံတင်ရောင်းချပွဲတွင် လက်ထောက်အင်ဂျင်နီယာ ဦးစန်းလင်းနှင့် ဒုတိယဦးစီးမှူး ဦးဇော်ဝင်းနောင်တို့က အနီးကပ်ကြီးကြပ်ကာ လိုင်စင်အရေအတွက် ၂၀ အားရောင်းချရာ အရေအတွက် ကိုးခုအား အများပြည်သူရှေ့၌ ပွင့်လင်းမြင်သာစွာ ရောင်းချခဲ့ပြီး ရောင်းချရရှိသည့် လိုင်စင်ကြေးစုစုပေါင်းမှာ ငွေကျပ် ၃၈၇၇၄၅၀၀ ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှူပဗေဒ)**

**❐ မြန်မာ့လက်မှုမှ**

လက်မှုလုပ်ငန်းညီလာခံတွင် ပြောသည်။

"မြန်မာတွေမှာ ရိုးရာပန်းဆယ်မျိုးဆိုတာရှိတယ်။ ထမင်းအိုးဆယ်အိုးလို့တောင် တင်စားလို့ရတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာနေထိုင်ကြတဲ့ တိုင်းရင်းသားတွေမှာ ကိုယ်ပိုင်ယဉ်ကျေးမှုတွေ၊ ကိုယ်ပိုင်လက်မှု အနုပညာလက်ရာတွေရှိတယ်။ ဒါတွေကို ပြန်စုစည်းပြီး နိုင်ငံတကာပြပွဲတွေထိ ထိုးဖောက်နိုင်အောင် ကြိုးစားသွားမယ်။ နိုင်ငံတော်တော်များများကို မြန်မာ့လက်မှုပစ္စည်းလေးတွေသွားပြဖြစ်တယ်။ ခေတ်ကာလအပိုင်းအခြားအလိုက် ယဉ်ကျေးမှုတွေက တော်တော်ဖွံ့ဖြိုးတိုးတက်ခဲ့ပါပြီ။ နိုင်ငံခြားသားတွေအနေနဲ့ မြန်မာနိုင်ငံက လက်မှုပစ္စည်းတွေဆို တအံ့တဩနဲ့ကြည့်ကြတယ်၊ ဝယ်ကြတယ်။ အဲဒါတကယ့်ဂုဏ်ယူစရာပါ"ဟု ၎င်းက ထပ်မံပြောကြားသည်။

မြန်မာတို့၏ အစဉ်အလာကြီးမားသည့် ရိုးရာပန်း ၁၀ မျိုးအား ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်လျက် နိုင်ငံတကာမှ တန်ဖိုးထား အသိအမှတ်ပြုလာကြစေရန် တီထွင်ဆန်းသစ်မှုများနှင့်အတူ အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်လက်မှုအနုပညာရှင်များအား ပညာအမွေလက်ဆင့်ကမ်း မွေးထုတ်ပေးနိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး နည်းပညာဈေးကွက်တို့အပါအဝင် လိုအပ်သည့်အကူအညီအထောက်အပံ့များရရှိရန် ယခုကဲ့သို့ ပြပွဲများတွင် ဝင်ရောက်ပြသရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံသို့ တက်ရောက်လာသည့် ဩစတြေးလျနိုင်ငံသူ Emi Weir က "ကျွန်မက လာအိုနိုင်ငံမှာနေတယ်။ ဒီမှာရှိတဲ့ အနုပညာပစ္စည်းတွေနဲ့ လာအိုနိုင်ငံက အနုပညာပစ္စည်းတွေ ယှဉ်တဲ့အခါမှာ တချို့ ဆင်တူတာတွေတွေ့တယ်။ တချို့က တော်တော်လေးကွဲပြားတယ်။ မြန်မာနိုင်ငံမှာက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပြီဆိုတော့ အနုပညာပစ္စည်းတွေကို တစ်ဦးတစ်ယောက်တည်း မလုပ်ကိုင်ဘဲ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုရင် အောင်မြင်ပါလိမ့်မယ်။ တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်တွေလည်းရလာမယ်"ဟု ပြောသည်။

"ကိုယ့်ရဲ့ ယဉ်ကျေးမှုကို ကိုယ်တွေက တန်ဖိုးထားရမယ်။ လက်မှုပညာနဲ့လုပ်ထားတဲ့ပစ္စည်းတွေကိုယ့်ပြည်တွင်းက လူတွေကလည်း အားပေးရမယ်။ တစ်ထောင်ကျပ်ဖိုးတတ်နိုင်ရင် တစ်ထောင်ဖိုးပေါ့။ လက်မှုပညာနဲ့ အသက်မွေးတဲ့သူတွေကို ဝိုင်းဝန်းအားပေးရာရောက်ပါတယ်။ မြန်မာ့လက်မှုပညာနဲ့ လုပ်တဲ့ပစ္စည်းလေးတွေက သဘာဝပစ္စည်းတွေများတယ်။ ကျန်းမာရေးအတွက်ရော၊ ပတ်ဝန်းကျင်အတွက်ရောကောင်းတယ်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း ကာကွယ်နိုင်တယ်။ ဟိုတုန်းကရှိခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှုအနုပညာပစ္စည်းတွေ ရှေးဟောင်းအမွေအနှစ်တွေ ခုထိတည်တံ့တယ်ဆိုတာ မှတ်တမ်းမှတ်ရာတွေနဲ့ သေသေချာချာ ထိန်းသိမ်းခဲ့လို့ ဘယ်ခေတ်ကဆိုတာသိရတာ။ ဒီလိုပဲ အခု ၂၁ ရာစုမှာလုပ်တဲ့ လက်မှုအနုပညာတွေကိုလည်း အရည်အသွေးကောင်းကောင်းနဲ့ လက်ရာကောင်းကောင်းလုပ်မယ်။ သေသေချာချာ မှတ်တမ်းတင်ပြုစုထားရင် နောင်လည်း တည်တံ့နေမှာပါ"ဟု New Zero Art Space မှ ဒါရိုက်တာ ဦးအေးကိုကပြောသည်။

ညီလာခံဖွင့်ပွဲတွင် မန္တလေး၊ ကချင်၊ ချင်း၊ ထားဝယ်၊ မွန်၊ အင်းလေးဒေသများမှ ယွန်းထည်ပစ္စည်းများ၊ ဝါးဖြင့်ပြုလုပ်ထားသည့် လူမှုအသုံးအဆောင်ပစ္စည်းများ၊ ခရုအလှဆင်ပစ္စည်းများ၊ မြေထည်အိုးများ၊ ငွေထည် လက်ဝတ်ရတနာများ၊ ရက်ကန်းဖြင့် ရက်လုပ်ထားသည့် ရိုးရာ အဝတ်အထည်များ၊ ကျောက်သင်ပုန်း၊ ကျောက်တံများနှင့် သစ်သားပန်းပုရုပ်တုများကို ခင်းကျင်းပြသထားပြီး တက်ရောက်လာသူများနှင့် နိုင်ငံခြားသားဧည့်သည်များက စိတ်ဝင်တစားကြည့်ရှုခဲ့ကြသည်။

အဆိုပါလက်မှုလုပ်ငန်းဆိုင်ရာ ညီလာခံကို မြန်မာ့လက်မှုအနုပညာအသင်း ဗြိတိသျှကောင်စီ၊ Swiss Agency For Development and Cooperation နှင့် New Zero Art Space တို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ လက်မှုနှင့် ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် ကြုံတွေ့ဖြစ်ပေါ်နေသော အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ လက်မှုပညာနှင့် ခေတ်ပြိုင်ဒီဇိုင်းဖန်တီးမှုနှင့် လက်မှုပညာနှင့် ယဉ်ကျေးမှုတို့ကို ဆွေးနွေးခဲ့ကာ ညီလာခံကို ဇန်နဝါရီ ၁၆ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**○ ရိုးမမာရသွန်မှ**

လမ်းကြောင်းတွင် ဗိုလ်တထောင်စေတီ၊ ရွှေတိဂုံစေတီတော်နှင့် အင်းလျားကန်လမ်းကြောင်းတစ်လျှောက် ပါဝင်မည်ဖြစ်ပြီး မာရသွန်ဝက် Half Marathon (21 Km)၊ ဖိတ်ခေါ် ၁၀ ကီလိုမီတာပြိုင်ပွဲနှင့် အပျော်တမ်း အပြေး/လမ်းလျှောက် သုံးကီလိုမီတာပြိုင်ပွဲဟူ၍ သတ်မှတ်ထားသည်။

ယင်းသို့ ပြိုင်ပွဲကျင်းပနေစဉ်တွင် လမ်းခေတ္တပိတ်ထားမှုကို အမှတ်အသားပြအချက်ပြများ ထားရှိထားမည်ဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ကျယာဉ်ထိန်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့များ တာဝန်ချထားမည်ဖြစ်သည်။ ဇန်နဝါရီ ၁၇ ရက်၊ နံနက် ၂ နာရီမှ ၁၁ နာရီခွဲအထိ ဝေဇယန္တာလမ်း၊ ကမ်းနားလမ်းဟောင်း၊ ကြည့်မြင်တိုင်ကမ်းနားလမ်း၊ ဗဟိုလမ်း၊ မင်းဓမ္မလမ်း၊ အင်းစိန်လမ်း၊ ပြည်လမ်း၊ အင်းလျားလမ်း၊ ကျိုက္ကဆံလမ်း၊ လေးထောင့်ကန်လမ်းနှင့် လမ်းအချို့အား လမ်းတစ်ဝက် သို့မဟုတ် အပြည့်ခေတ္တပိတ်ထားမည်ဟု သိရသည်။

ပြိုင်ပွဲ တာလွှတ်ချိန်ကို နံနက် ၅ နာရီမှ ပြိုင်ပွဲအမျိုးအစားအလိုက် တာလွှတ်သွားမည်ဖြစ်ပြီး နံနက် ၈ နာရီမှ စတင်ကာ ဖျော်ဖြေရေးအစီအစဉ်များ စတင်မည်ဟု သိရသည်။ ပြိုင်ပွဲတွင် စပွန်ဆာကုမ္ပဏီများကလည်း ပြိုင်ပွဲဝင်များအတွက် ပါဝင်ကူညီထောက်ပံ့မှုများ ပြုလုပ်သွားမည်ဟု သိရသည်။ နှစ်စဉ်ကျင်းပလာသော ရိုးမမာရသွန်ပြိုင်ပွဲကြီးကို ပြိုင်ပွဲဝင်ကစားသမားများ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများအား ပါဝင်ကူညီထောက်ပံ့လှူဒါန်းရန်ဟူသော ရည်ရွယ်ချက်များဖြင့် အပျော်တမ်းအားကစားများလည်း စုပေါင်းပါဝင်လေ့ရှိကြောင်း သိရသည်။ **(ဝ၀၁)**

# နိုင်ငံသားတိုင်း၏ တာဝန်ကြီးတစ်ရပ်ဖြစ်လာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်
(သစ်တောတက္ကသိုလ်)

*(ယမန်နေ့မှအဆက်)*

**သစ်တောစိုက်ခင်းများတည်ထောင်ရေး**

ပြုန်းတီးသွားသော သဘာဝသစ်တောများ၏ နေရာတွင် သစ်တောများ အမြန်ဆုံးပြန်လည်တည်ရှိစေရေးအတွက် လက်ရှိဆောင်ရွက်နေသည့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့ကူညီမှုကို ရယူကာ တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သာဓကအနေဖြင့် ၁၉၈၀ ဝန်းကျင်က World Bank ၏အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော EPP စီမံကိန်း (East Pegu Yoma Project)နှင့် အာရှဖွံ့ဖြိုးမှုဘဏ်၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် ADB Project များရှိခဲ့ပါသည်။ ထို့ပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ လက်ရှိဆောင်ရွက်နေသည့် သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများကိုလည်း ယခုထက်ပိုမို ကျယ်ပြန့်စေရန် ကြိုးပမ်းသင့်ပါသည်။

တည်ထောင်ပြီး သစ်တောစိုက်ခင်းများ အရွယ်ရောက်သည့်အခါ တရားမဝင်ထုတ်လုပ်မှုမခံရစေရန် ဥပဒေသက်ရောက်စေရေးအတွက် အထူးဦးစားပေး ဆောင်ရွက်ရန်လည်း အရေးကြီးပါသည်။

**စွမ်းအင်သုံးစွဲမှု လျှော့ချရေး**

U.S Energy Information Administration ၏ ၂၀၁၅ နိုဝင်ဘာလက ထုတ်ပြန်ချက်အရ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့လျှပ်စစ်ဓာတ်အား စုစုပေါင်းထုတ်လုပ်မှုပမာဏသည် မဂ္ဂါဝပ် ၄၀၉၉ ဒသမ ၇၈ သန်း ရှိခဲ့ပြီး လောင်စာအမျိုးမျိုးနှင့် စွမ်းအင်အမျိုးမျိုးအလိုက် သုံးစွဲခဲ့သော ရာခိုင်နှုန်းများမှာ ကျောက်မီးသွေး ၃၈ ဒသမ ၆ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၂၇ ဒသမ ၅ ရာခိုင်နှုန်း၊ ဓာတ်ဆီ၊ ဒီဇယ်နှင့် အခြားရုပ်ကြွင်းလောင်စာများ ၁ ရာခိုင်နှုန်း၊ နျူကလီးယားစွမ်းအင် ၁၉ ဒသမ ၄ ရာခိုင်နှုန်း၊ ရေအားစွမ်းအင် ၆ ဒသမ ၃ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင်၊ ရေအားစွမ်းအင်၊ လေအားစွမ်းအင်၊ ဘူမိအပူစွမ်းအင်နှင့် ဇီဝလောင်စာ၊ အမှိုက်စသည်များ ၇ ဒသမ ၂ ရာခိုင်နှုန်း အသီးသီးဖြစ်ကြသည်။

ရုပ်ကြွင်းလောင်စာများဖြစ်သော ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်များ သုံးစွဲမှုများပြားသည်နှင့်အမျှ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများမည်ဖြစ်သည်။ ကမ္ဘာ့အပူချိန်မြင့်တက်စေမှုတွင် မှန်လုံအိမ်ဓာတ်ငွေ့များအနက် ကာဗွန်ဒိုင်အောက်ဆိုက်သည် အဓိကကျသောဓာတ်ငွေ့ ဖြစ်သည်။ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ပါဝင်မှုနှုန်းသည် ၁၉ ရာစုနှစ်က 270 ppm (parts per milion) သာရှိခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင် 396 ppm အထိရှိခဲ့ကြောင်း WMO (World Meteorology Organization) ၏ ထုတ်ပြန်ချက်အရသိရသည်။ (၄၆ ဒသမ ၇ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။) ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချရေးသည် ကမ္ဘာ့အပူချိန်မြင့်တက်မှု ဟန့်တားရေးတွင် အလွန်အရေးပါသည်။

လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် စွမ်းအင်ကုန်ကျမှုအနည်းနှင့်အများရှိသည်။ ရေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်စသည့် သန့်ရှင်းသော စွမ်းအင်များမှအပ ကျန်စွမ်းအင်များသည် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုရှိသည်။ ကမ္ဘာပေါ်တွင် သန့်ရှင်းသော စွမ်းအင်(Green Energy) များသုံးစွဲမှုသည် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအလွန်များသည့် ရုပ်ကြွင်းလောင်စာစွမ်းအင်သုံးစွဲမှုနှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးသေးသည်ကို အထက်ဖော်ပြပါ စွမ်းအင်အမျိုးမျိုး သုံးစွဲမှုရာခိုင်နှုန်းများက ညွှန်ပြလျက်ရှိပါသည်။ ထို့ကြောင့် ရုပ်ကြွင်းလောင်စာများအစား အခြားလောင်စာများသုံးစွဲခြင်းဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့နည်းစေနိုင်သည်။

ထို့ပြင် နေ့စဉ်အသုံးပြုနေရသည့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် ရေသုံးစွဲမှုများကို စည်းကမ်းတကျ အလေးထား၍ သုံးစွဲကြခြင်းဖြင့်လည်း စွမ်းအင်ကုန်ကျမှု လျှော့နည်းစေနိုင်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်က လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှု စုစုပေါင်းပမာဏ မဂ္ဂါဝပ် ၂၆၅၀ ရှိခဲ့ရာ ရေအားလျှပ်စစ်မှ မဂ္ဂါဝပ် ၂၀၀၀၊ သဘာဝဓာတ်ငွေ့မှ မဂ္ဂါဝပ် ၆၂၀ နှင့် ကျောက်မီးသွေးမှ မဂ္ဂါဝပ် ၃၀ ရှိခဲ့သဖြင့် ရေအားစွမ်းအင်မှ ၇၀ ရာခိုင်နှုန်းခန့် ရရှိခြင်းဖြစ်သည်။ ဖော်ပြပါ ရေအားလျှပ်စစ်ပမာဏ မဂ္ဂါဝပ် ၂၀၀၀ သည် မိုးရာသီတွင် ရေပမာဏအပြည့် အဝရှိချိန်၌သာ ရရှိခြင်းဖြစ်ပြီး နွေရာသီ၌ မဂ္ဂါဝပ် ၁၃၀၀ ဝန်းကျင်သာရရှိကြောင်း သိရသည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် လောင်စာသုံးစွဲရန်မလိုအပ်သောကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလုံးဝမရှိသော်လည်း ဆည်များ၊ ရေလှောင်တမံများ တည်ဆောက်ရာတွင် ရေဝပ်ဧရိယာ၌ရှိသော သစ်ပင်အားလုံးကို ခုတ်လှဲရသောကြောင့် ကာဗွန်စုပ်ယူမှုကို အနည်းနှင့်အများ လျှော့နည်းစေသည်။

**ပစ္စည်းဟောင်းများ ပြန်လည်ထုတ်လုပ်ခြင်း-Recycle**

လူသားများအတွက် အစားအသောက်နှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် စွမ်းအင်ကုန်ကျမှု အနည်းနှင့်အများရှိသည်။ စွမ်းအင်ရရှိရန် လောင်စာလိုအပ်သည်။ လောင်စာကို သုံးစွဲသည်နှင့် တစ်ပြိုင်တည်း ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့များထွက်ရှိသည်။ ပစ္စည်းများထုတ်လုပ်ရန်အတွက် ကုန်ကြမ်းများ သယ်ယူရာတွင် လည်းကောင်း၊ ထုတ်လုပ်ပြီး ပစ္စည်းများကို စားသုံးသူများထံ အရောက်သယ်ယူရာတွင်လည်းကောင်း စက်တပ်ယာဉ်များကိုအသုံးပြုရခြင်းကြောင့် စွမ်းအင်ကုန်ကျသည်နှင့်အမျှ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုရှိသည်။

ထို့ကြောင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်မှု လျော့နည်းလာလျှင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့နည်းမည်ဖြစ်သည်။ ဤသို့ဖြစ်စေရန် ပစ္စည်းများကို လျှော့၍သုံးရန်မဟုတ်ပါ။ သုံးစွဲပြီး ပစ္စည်းဟောင်းများကို စနစ်တကျ စွန့်ပစ်ကြရန်သာ ဖြစ်သည်။ အမှိုက်များစွန့်ပစ်ရာတွင် စက္ကူ၊ ပုလင်းခွံ၊ ဘူးခွံများကို ခွဲခြားစွန့်ပစ်ရန်ဖြစ်ပါသည်။ ထုတ်လုပ်သူများက ဤပစ္စည်းအဟောင်းများနှင့် ပြန်လည်ထုတ်လုပ်(Recycle)ရန် ဖြစ်သည်။ စာရေးသူတို့ ငယ်စဉ်ကပင်ရှိခဲ့သော သတင်းစာစက္ကူနှင့် စာအုပ်အဟောင်းများ၊ ဘူးခွံပုလင်းခွံ၊ ဒန်အိုးဒန်ခွက် အပေါက်များ အဟောင်းများကို ဝယ်ယူခြင်း၊ ပဲလှော်နှင့်လဲခြင်း၊ အဝတ်အဟောင်းများကို ပလတ်စတစ်ပစ္စည်းများနှင့် လဲလှယ်ပေးခြင်း စသည့်လုပ်ငန်းများသည် ကမ္ဘာကြီး ပူနွေးလာမှု လျှော့ချရေးတွင် ခေတ်ရှေ့ပြေးသော လုပ်ငန်းဖြစ်သည်။ လဲလှယ်၍မရသော စွန့်ပစ်ပစ္စည်းများအား ပြည်သူများက သီးခြားခွဲ၍ စွန့်ပစ်သည့် အလေ့အကျင့်လုပ်ရန်နှင့် စည်ပင်သာယာကလည်း ဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ အမှိုက်ပုံးတစ်ပုံးစီ သီးခြားခွဲ၍ထားပေးနိုင်အောင် ကြိုးပမ်းသင့်ပါသည်။

**ပစ္စည်းဟောင်းများ ပြန်လည်အသုံးပြုခြင်း - Reuse**

ပစ္စည်းဟောင်းများကို ပြန်လည်အသုံးပြုခြင်း (Reuse)ဖြင့် စွမ်းအင်ကုန်ကျမှုသက်သာစေသည်သာမက စွန့်ပစ်ပစ္စည်းများကို အမှိုက်ပုံကြီးများသို့ သယ်ယူသည့် မော်တော်ယာဉ်များအတွက် ကုန်ကျမည့် လောင်စာဆီလည်း သက်သာစေသည်။ ထိုမျှမက အမှိုက်ပုံတွင် ယင်းတို့ ဆွေးမြည့်သည့်အခါ ထွက်လာသည့် မီသိန်းဓာတ်ငွေ့ (Methane-$CH_4$)နှင့် ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့ (Carbon Monoxide-CO) ထုတ်လွှတ်မှုပမာဏကိုလည်း လျှော့နည်းစေနိုင်သည်။

ရုပ်မြင်သံကြားအစီအစဉ်တစ်ခုမှ ပရိဘောဂအဟောင်းများကို ဝယ်ယူပြီး လှပသစ်လွင်အောင် ပြုပြင်၍ ရောင်းချနေသည့် လုပ်ငန်းများအကြောင်း ပြသသည်ကို ကြည့်ရှုလိုက်ရပါသည်။ ပရိဘောဂအသစ်ပြုလုပ်လျှင် ပထမ - သစ်ပင်များကို ခုတ်လှဲရပါမည်။ ဒုတိယ - သစ်လုံးမှ သစ်ခွဲသားများရရှိအောင် ခွဲစိတ်ရာတွင် စွမ်းအင်ကုန်ကျမှုရှိသကဲ့သို့ ကော်၊ ပေါ်လစ်၊ ကော်ပတ် စသည့်ပစ္စည်းများ သုံးစွဲရပါမည်။ ပရိဘောဂအဟောင်းများကို အသုံးပြုခြင်းဖြင့် ဖော်ပြပါစွမ်းအင်များနှင့် ပစ္စည်းများကုန်ကျမှု သက်သာပါမည်။ ပစ္စည်းသုံးစွဲမှုလျှော့နည်းသည်နှင့်အမျှ စွမ်းအင်ကုန်ကျမှု လျှော့နည်းပါမည်။

စာရေးသူလွန်ခဲ့သော နှစ် ၃၀ ကျော် အမေရိကတွင် ပညာသင်ကြားခဲ့စဉ်က ကျောင်းဝန်းကျင်ရှိ အိမ်များ၌ စနေ၊ တနင်္ဂနွေနေ့များတွင် ‘Yard Sale’ ဆိုပြီး ၎င်းတို့ အသုံးမလိုတော့သည့် ပစ္စည်းများကို ရောင်းချကြပါသည်။ စာရေးသူကဲ့သို့ အာရှ အာဖရိက ကျောင်းသားများအတွက် အလွန်အသုံးတည့်လှပါသည်။ မိမိအတွက် အသုံးတည့်သည့် ပစ္စည်းများကို သက်သက်သာသာနှင့် လွယ်လွယ်ကူကူရခြင်းကြောင့် ဖြစ်ပါသည်။

**ပလတ်စတစ်အိတ်နှင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချရေး**

လူ့အသုံးအဆောင်ပစ္စည်းများကို ပစ္စည်းအမျိုးမျိုးဖြင့် ပြုလုပ်ခဲ့ကြရာ ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ်များမှသည် ယခု ပလတ်စတစ်ခေတ်သို့ ရောက်ရှိနေပြီဆိုပါက များမည်မဟုတ်ပါ။ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အသုံးပြုနေကြရာ အများဆုံး အသုံးပြုနေသည့်ပစ္စည်းမှာ ပလတ်စတစ်အိတ်နှင့် ကြွပ်ကြွပ်အိတ်များဖြစ်သည်။ ဤအိတ်များနှင့် ပစ္စည်းမျိုးစုံသာမက အစားအသောက် အပူအအေးအကုန်ထည့်၍ ရခြင်းကြောင့် ဈေးသည်တိုင်း သုံးသကဲ့သို့ စားသုံးသူများကလည်း ထည့်စရာကို တကူးတက ယူမသွားကြတော့ပါ။ ထို့ကြောင့်ပင် လမ်းဘေးဝဲ၊ ယာနှင့် အမှိုက်ပုံများ၊ မြောင်းများ၊ ချောင်းများတွင် ကြွပ်ကြွပ်အိတ်များကို အမြောက်အမြား တွေ့ရှိနေကြရခြင်းဖြစ်ပါသည်။ ကြွပ်ကြွပ်အိတ်များ၏ ပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်မှုများကို ရုပ်မြင်သံကြားနှင့် စာနယ်ဇင်းများ၊ ဟောပြောပွဲများတွင် အထပ်ထပ်အခါခါ ပညာပေးကြပြီးဖြစ်သဖြင့် ဤနေရာတွင် အသေးစိတ် ထပ်မံမဖော်ပြတော့ပါ။

ပလတ်စတစ်အိတ်နှင့် ကြွပ်ကြွပ်အိတ်ထုတ်လုပ်မှု လျှော့ချနိုင်ခြင်းဖြင့် စွမ်းအင်ကုန်ကျမှုလျှော့နည်းသည်သာမက ပတ်ဝန်းကျင်ထိခိုက်မှုကိုပါ လျှော့ကျစေနိုင်ခြင်းကြောင့် သုံးစွဲမှုလျှော့ကျစေနိုင်သည့် နည်းလမ်းများကိုသာ အကြံပြုမည် ဖြစ်ပါသည်။

လူသုံးကုန်ပစ္စည်း ရောင်းချသူများက ထည့်စရာယူဆောင်လာသည့် ဈေးဝယ်များအား ဝယ်ယူသည့် ပစ္စည်းပမာဏပေါ်တွင် မူတည်၍ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အတွက် ကုန်ကျမည့်ငွေ၏ နှစ်ဆကို ဆုကြေးပေးအပ်ကြရန်ဖြစ်ပြီး ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်ဖြင့် ထည့်ပေးရမည်ဆိုပါက ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ် တန်ဖိုး၏နှစ်ဆတောင်းခံရန် ဖြစ်ပါသည်။

အစားအသောက် ရောင်းချသူများကလည်း ထည့်စရာ(ချိုင့်) ယူလာသူများအားပိုထည့်ပေးရန် ဥပမာ-မုန့်ဟင်းခါးရောင်းသူက ချိုင့်ဖြင့် လာဝယ်သဖြင့် ဟင်းရည်ပိုထည့်ပေးလိုက်ကြောင်း ပြောပြရန်ဖြစ်ပါသည်။ အစားအသောက်များကို ကြွပ်ကြွပ်အိတ်နှင့်ထည့်ခြင်းသည် ကျန်းမာရေးအတွက်မကောင်းကြောင်း စာရှုသူများ သိရှိကြပြီးဖြစ်ပါသည်။ မုန့်ဟင်းခါးဟင်းရည်ကဲ့သို့ ပူသောအစာများကိုထည့်ပါက ဓာတ်ပြုမှုပိုများပြီး ကျန်းမာရေးကို ပိုထိခိုက်စေပါသည်။

အထက်ဖော်ပြပါ အလေ့အကျင့်များကို Shopping Mall များ၊ Super Market များက စတင်မည်ဆိုပါက ပျံ့နှံ့လွယ်မည်ဖြစ်ပါသည်။ ဆိုင်ရှေ့လူမြင်ကွင်းတွင် ဤအစီအစဉ်ကို အများမြင်သာအောင် ကြေညာထားရှိရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

**ထင်းနှင့် မီးသွေးလောင်စာသုံးစွဲခြင်း**

ကျေးလက်ဒေသတွင် နေထိုင်သူများ၊ မြို့ငယ်များတွင် နေထိုင်သူများ (အားလုံးနီးပါး)နှင့် မြို့ကြီးများတွင် နေထိုင်သည့် အခြေခံလူတန်းစားများ (လက်လုပ်လက်စားများ)သည် ထမင်း၊ ဟင်းချက်ပြုတ်ရာတွင် လောင်စာအဖြစ် ထင်းနှင့် မီးသွေးကိုသာ သုံးစွဲကြရသည်။ သစ်တောများ ပြုန်းတီးရခြင်း၏ အဓိကအကြောင်းရင်းများတွင် ထင်းနှင့် မီးသွေးထုတ်လုပ်မှုသည် အဓိကအကြောင်းရင်းတစ်ခုအဖြစ်ပါဝင်ကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထင်း၊ မီးသွေးထုတ်လုပ်ရာတွင် တရားဝင်ခွင့်ပြုချက်ဖြင့် ထုတ်လုပ်သည်ဖြစ်စေ၊ တရားမဝင် ခိုး၍ ထုတ်လုပ်သည်ဖြစ်စေ သစ်ပင်များကို ခုတ်လှဲပြီးမှသာ ထုတ်လုပ်ရပါသည်။ သစ်ပင်များကို ခုတ်လှဲရာတွင်လည်း အရွယ်ကြီးသည့် အပင်များကို ခုတ်ယူသည်ထက် လွယ်လင့်တကူ ခုတ်လှဲပိုင်းဖြတ်သယ်ယူနိုင်သည့် သစ်ပင်ငယ်များကိုသာ ခုတ်ယူကြခြင်းဖြစ်ပါသည်။ ထင်းထွက်ရှိမှုအနေဖြင့်တွက်လျှင် ရင်စို့လုံးပတ် သုံးပေရှိသည့် သစ်ပင်များကို ခုတ်မည့်အစား လုံးပတ် တစ်ပေရှိသော သစ်ပင်ငယ်များကို ခုတ်မည်ဆိုပါက ခြောက်ဆခန့် ခုတ်ယူရမည်ဖြစ်သကဲ့သို့ ရင်စို့လုံးပတ် နှစ်ပေရှိသည့် သစ်ပင်များကို ခုတ်ယူမည်ဆိုပါက နှစ်ဆခန့် ထုတ်ယူရမည်ဖြစ်ပါသည်။ ဥပမာ - အိမ်ထောင်စုတစ်စု၊ တစ်နှစ်အတွက် ထင်းလိုအပ်ချက်သည် ရင်စို့လုံးပတ် သုံးပေရှိသည့် သစ်ပင် ၁၀ ပင် ဆိုပါစို့၊ ရင်စို့လုံးပတ် နှစ်ပေရှိသည့် အပင်များကို ခုတ်မည်ဆိုလျှင် အပင် ၂၀ ခန့် ခုတ်ရမည်ဖြစ်ပြီး ရင်စို့လုံးပတ်တစ်ပေရှိသည့် အပင်ဆိုလျှင် အပင် ၆၀ ခန့်အထိ ခုတ်ယူရမည်ဖြစ်ပါသည်။

ရန်ကုန်မြို့တွင် ၁၉၇၀ ဝန်းကျင်က ထမင်း၊ ဟင်းချက်ပြုတ်ရန်အတွက် လောင်စာအဖြစ်ရေနံဆီကို အများဆုံး အသုံးပြုခဲ့ကြသည်။ ယင်းအချိန်က လစဉ်ရေနံဆီခွဲတမ်း လုံလောက်စွာရရှိခဲ့ကြသဖြင့် ရန်ကုန်လူထုအနေဖြင့် များစွာအဆင်ပြေခဲ့ကြပါသည်။ အကြောင်းရင်းကို မသိရှိရသော်လည်း ၁၉၇၇ ဝန်းကျင်ခန့်တွင် ရေနံဆီခွဲတမ်း လုံးဝမပေးတော့သဖြင့် အများစုက မီးသွေးကိုသာ သုံးစွဲခဲ့ကြရသည်။ မြစ်ဝကျွန်းပေါ်မှ မီးသွေးများကို အဓိကအားထားခဲ့ကြရပြီး ယင်းမီးသွေးများအနက် ဘိုကလေးမီးသွေးသည် အရည်အသွေးအကောင်းဆုံးနှင့် အများဆုံးရောင်းချရသည့် မီးသွေးဖြစ်သည်။ ထို့ကြောင့်ပင် ၁၉၉၅ ခုနှစ်ဝန်းကျင်သို့ရောက်ရှိချိန်တွင် ဘိုကလေးမြို့အနီးရှိ နာမည်ကျော် မိန်းမလှကျွန်းမှ ဒီရေတောများ ပျောက်ကွယ်သွားပါတော့သည်။

ဆန်နှင့် သားငါး၊ ဟင်းသီးဟင်းရွက်များ ရှိရုံမျှဖြင့် ထမင်း၊ ဟင်းမဖြစ်ပါ။ ချက်ပြုတ်ရန် မီးနှင့် ရေရှိမှသာ ထမင်းဟင်းဖြစ်နိုင်ပါသည်။ ထို့ကြောင့် နေ့စဉ် ထမင်း၊ ဟင်းချက်ပြုတ်ရန် လိုအပ်သည့် လောင်စာတစ်မျိုးမျိုးကို တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ မည်သူမဆို ဝယ်ယူသုံးစွဲမည်သာ ဖြစ်ပါသည်။ စားသုံးသူ (ဝယ်ယူသူ) ရှိနေသမျှ ကာလပတ်လုံး ဈေးသည်များကလည်း ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်ဝယ်ယူသူများသည့် ပစ္စည်းများကိုလည်း ထုတ်လုပ်သူများ (Producer)က ထုတ်လုပ်နေကြမည်သာ ဖြစ်ပါသည်။ ကုန်ကြမ်းပစ္စည်း (ထင်းအတွက် သစ်ပင်၊ မီးသွေးအတွက် ထင်း)ကို တရားဝင်ရရှိခြင်း၊ တရားမဝင်ရရှိခြင်းကို အလေးထားနေကြမည်မဟုတ်ပါ။ ယခုပြဿနာသည် တစ်ရက်တည်း၊ တစ်လတည်း၊ တစ်နှစ်တည်း ရင်ဆိုင်ရမည့် ပြဿနာမဟုတ်ပါ။ ပြည်သူလူထုအများစု ကာလကြာရှည်စွာ ကြုံတွေ့နေရမည့် ပြဿနာကြီးတစ်ရပ် ဖြစ်ပါသည်။

ရန်ကုန်မြို့ရှိ အခြေခံလူတန်းစားအများစု နေထိုင်သည့်ရပ်ကွက်များမှ ဈေးဆိုင်များတွင် ဆန်နှင့် မီးသွေးကို တွဲ၍ရောင်းချကြသည်။ လက်လုပ်လက်စားများသည် ညနေခင်းအလုပ်ဆင်းပြန်လာမှ ညစာချက်ပြုတ်ရန် ဆန်နှင့် ဟင်းချက်စရာများ ဝယ်ယူရာတွင် ဆန်နှင့် မီးသွေးကို ဦးစားပေး၍ဝယ်ယူကြခြင်းဖြစ်သည်။ ရန်ကုန်မြို့၏ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက မီးသွေးလက်လီပေါက်ဈေးသည် တစ်ပိဿာလျှင် အမျိုးအစားကို လိုက်၍ ငွေကျပ် ၅၀၀ မှ ၆၀၀ ရှိပြီး ဆန်ကြမ်းတစ်ပြည်သည် ငွေကျပ် ၁၀၀၀မှ ၁၂၀၀ အထိရှိသည်။ သာမန်အိမ်ထောင်စုတစ်စုအတွက် မီးသွေးတစ်ပိဿာကို တစ်ရက်ခန့်သာ သုံးစွဲရကြောင်း သိရှိရသည်။ (နေပြည်တော် မြို့မဈေးတွင် ၁၁ ပိဿာမှ ၁၂ ပိဿာဝင် တောင်ညိုမီးသွေးတစ်အိတ်၏ ပေါက်ဈေးသည် ကျပ် ၅၅၀၀ ခန့်ရှိသည်။)

သစ်တောများပြုန်းတီးမှု သက်သာစေရေးအတွက် မြို့များတွင် လောင်စာအတွက် မီးသွေးအစား သဘာဝဓာတ်ငွေ့ကို အစားထိုး၍ ရနိုင်ပါသည်။ ယခုလတ်တလော မဖြစ်နိုင်သေးသော်လည်း နောင်သုံး၊ လေးနှစ်ကြာလျှင် ဖြစ်နိုင်ပါသည်။ ကျေးလက်လူထုအများစု အနေနှင့်မူ ထင်းကိုသာ ဆက်လက်သုံးစွဲနေကြရဦးမည် ဖြစ်သည်။

*(ဆက်လက်ဖော်ပြပါမည်။)*

> **တည်ထောင်ပြီး သစ်တောစိုက်ခင်းများ အရွယ်ရောက်သည့်အခါ တရားမဝင်ထုတ်လုပ်မှုမခံရစေရန် ဥပဒေသက်ရောက်စေရေးအတွက် အထူးဦးစားပေး ဆောင်ရွက်ရန်လည်း အရေးကြီး**



# ကုသိုလ်တော်ဘုရားမှ ကျောက်စာများ စနစ်တကျလေ့လာကာ အမှတ်တရမှတ်တမ်းယူမှုများပြား

**မန္တလေး ဇန်နဝါရီ ၁၅**

လေ့လာစရာများစွာနှင့် မန္တလေးမြို့သို့ နိုင်ငံတကာခရီးသွားဧည့်သည်များစွာ ဝင်ရောက်လေ့လာသည့်မြင်ကွင်းမှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ အများစုသောခရီးသွားဧည့်သည်များသည် မြန်မာတို့၏ နောက်ဆုံးမင်းနေပြည်ဖြစ်သလို နန်းမူနန်းဟန်လက်ရာများကို လေ့လာခွင့်ရသည့် မန္တလေးမြို့ကို အထူးစိတ်ဝင်စားကြသည်။

မန္တလေးမြို့သို့ လာရောက်လည်ပတ်ကြသော နိုင်ငံတကာမှ ခရီးသွားဧည့်သည်များမှာ အကြီးဆုံးနှင့် အများဆုံးသော ပဋိကတ်သုံးပုံပါ ကျောက်စာများကို အထူးနှစ်သက်အံ့ဩစွာဖြင့် မှတ်တမ်းယူလေ့ရှိသည်။

ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု ညွှန်းဆိုထားသော ကျောက်စာများသည် မန္တလေးမြို့ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားအတွင်း၌ရှိသည်။ ထိုစေတီတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၁၂၂၀ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်တွင် စတင်တည်ထားခဲ့ပြီး စေတီတော်မြတ်ကြီး၏ ဘေးဘက်တွင်ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးဟု တင်စားထားသည့် ပိဋကတ်သုံးပုံ ပါဠိတော်ကျောက်စာပေါင်း ၇၂၉ ချပ်တည်ရှိသည်။ ထိုကျောက်စာများကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် စတင်ထွင်းထုခဲ့ရာ ၁၂၃၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။ မာတိကာအလိုက် ပိဋကတ်သုံးပုံ ကျောက်စာများမှာ သုတ္တန်(၃)ကျမ်း ကျောက်စာအချပ်(၄၁၀)၊ ဝိနည်း(၅)ကျမ်း ကျောက်စာ (၁၁၁)ချပ်၊ အဘိဓမ္မာ(၇)ကျမ်း ကျောက်စာ(၂၀၈)ချပ်၊ သမိုင်းကျောက်စာ(၁)ချပ်အဖြစ် ရေးထိုးကမ္ပည်းတင်ထားခဲ့သည်။

ကျောက်စာ(၁)ချပ်လျှင် ဓမ္မစေတီ(၁)ဆူနှုန်းဖြင့် တည်ထားခြင်းဖြစ်ရာ သပ္ပာယ်လွန်းလှသည်။ ယခုအခါ ကုသိုလ်တော်ဘုရားရှေ့ မန္တလေးနှစ်(၁၅၀)ပြည့် မင်းတုန်းမင်းရုပ်တုအနီးတွင် သဘာဝစကျင်ကျောက်တုံးပေါ်တွင် (unesco memory of the world) မှတ်တမ်းစာပါ ကျောက်စာနှင့်အတူ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့၊ ကုသိုလ်တော် ဘုရားကျောက်စာများ၊ "နိုင်ငံတကာစာရင်းဝင်သောနှစ် ၂၀၁၃ ခုနှစ် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် "ဟူသော စာတမ်းပါသည့် ကျောက်စာပါကျောက်တုံးကြီးကို အောင်မြင်စွာ စိုက်ထူထားနိုင်ခဲ့ပြီဖြစ်သည်။ ပုံစံတူကျောက်စာ မြန်မာလိုတစ်ချပ်၊ အင်္ဂလိပ်လိုတစ်ချပ်ပင်ဖြစ်သည်။ သို့အတွက် မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာ ကျောက်စာမှတ်တမ်းနှစ်ချပ် ကုသိုလ်တော်ဘုရားရှေ့တွင် မြင်တွေ့နေရပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ နေ့စဉ်ဝင်ထွက်လျက်ရှိသည်။ ကုသိုလ်တော်ဘုရားရောက် နိုင်ငံတကာခရီးသွားများသည် ထူးခြားစွာကြာပန်းကပ်လျှသည့်အလေ့အထကို စိတ်ဝင်စားသလို ကျောက်စာများအားလည်း အမှတ်တရမှတ်တမ်းယူလေ့ရှိကြောင်း သိရသည်။ **(တိမ်တမန်)**

## အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများအား သထုံတွင် စစ်ဆေး

**သထုံ ဇန်နဝါရီ ၁၅**

မွန်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)နှင့် သထုံမြို့နယ် အစားအသောက်နှင့် ဆေးဝါးစိမံခန့်ခွဲမှုကော်မတီဝင်များ ပူးပေါင်း၍ ဇန်နဝါရီ ၁၃ ရက် ညနေက သထုံမြို့မဈေးအတွင်းရှိ ရောင်းချနေသော အစားအသောက်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အများပြည်သူ အန္တရာယ်ကင်းရှင်းစေရေးအတွက် အစားအသောက်များတွင် အန္တရာယ်ရှိ ဆိုးဆေးများ၊ မှိုများပါဝင်ခြင်းရှိ၊ မရှိနှင့် ဘေးအန္တရာယ်သင့်နိုင်သော ဓာတုပစ္စည်းများ ပါဝင်နေမှုတို့ကို လိုက်လံစစ်ဆေးရခြင်းဖြစ်ကြောင်း ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်က ပြောသည်။

"စားသုံးရန်မသင့်တဲ့ အစားအသောက်တွေကို (FDA)က ထုတ်ပြန်ထားပြီး မီဒီယာတွေမှာလည်း ကြေညာထားပြီးဖြစ်ပါတယ်။ ဒါတွေကို ရောင်းချခြင်းရှိ၊ မရှိ လိုက်လံစစ်ဆေးတယ်။ ရောင်းချနေတာတွေ့ရင် သိမ်းဆည်းပြီးတော့ မြို့နယ်ကော်မတီက အများရှေ့မှာ ဖျက်ဆီးသွားမှာပါ။ သက်ဆိုင်ရာ အမျိုးသားဆေးဝါးဥပဒေ၊ အမျိုးသား အစားအသောက်ဥပဒေတွေနဲ့ အရေးယူဖို့ ကြေညာထားပေမယ့် ဒီကာလမှာတော့ ပြည်သူတွေက အသိနည်းသေးတာကြောင့် ပညာပေးမယ်။ သိမ်းဆည်းမယ်။ ဒီလိုအဖွဲ့နဲ့ လိုက်စစ်ဆေးတဲ့အတွက် ပြည်သူတွေကလည်း စိတ်ဝင်စားမှုမြင့်တက်ပြီးတော့ ဒါတွေက တားမြစ်ထားပါလားဆိုတဲ့ အသိမျိုးရရှိစေမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

သံသယရှိသည့် အစားအသောက်များကိုလည်း နမူနာဝယ်ယူကာ နေပြည်တော်နှင့် ရန်ကုန်သို့ ပေးပို့ဓာတ်ခွဲပြီး ရရှိသည့်စစ်ဆေးချက် အဖြေများအား သက်ဆိုင်ရာခရိုင်နှင့် မြို့နယ် အစားအသောက်နှင့် ဆေးဝါးစိမံခန့်ခွဲမှုကော်မတီထံ အကြောင်းကြားကာ အန္တရာယ်ရှိပစ္စည်းဖြစ်ပါက ဈေးကွက်မှ ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါနေ့တွင် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးစိမံခန့်ခွဲမှုကော်မတီဝင်များတို့က သထုံမြို့အတွင်းရှိ စည်ပင်သာယာဈေးများမှ ဈေးကော်မတီဝင်များ၊ ဆိုင်ရှင်များနှင့် ခရိုင်ပြည်သူ့ဆေးရုံ အစည်းဝေးခန်းမ၌ တွေ့ဆုံကာ စားသုံးသူကာကွယ်ပေးရေးအတွက် သတ်မှတ်ထားသော အစားအသောက်နှင့် အလှကုန်ပစ္စည်းများကို ရောင်းချနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး မြို့မဈေးအတွင်း လိုက်လံစစ်ဆေးခဲ့ကြသည်။ မွန်ပြည်နယ် ၁၀ မြို့နယ်အနက် မြို့နယ် ကိုးခုတို့တွင် ယခုကဲ့သို့ စားသုံးသူအကာအကွယ်ပေးရေး လိုက်လံစစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။ **သက်ဦး(သထုံ)**



# အလေးထားပါမြန်မာစာ

**မြန်မာစာရေးထုံး မှန်ကန်စေရေးအတွက် ကတ္တားအထားအသိုနှင့် နာမဝိသေသန အထားအသိုတို့ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ကြိယာဝိသေသန အထားအသိုကို ဆက်လက်ဖော်ပြပါမည်။**

**ကြိယာဝိသေသနအထားအသို**

(က) ကြိယာဝိသေသနကို ကြိယာ၏ရှေ့တွင် ထားလေ့ရှိသည်။

(ခ) **ကြိယာဝိသေသနအဖြစ်သုံးသော က** ဝိဘတ်ပါသည့် အချိန်ပြပုဒ်နှင့် နေရာပြပုဒ်၊ **တွင်** ဝိဘတ်ပါသည့် နေရာပြပုဒ်၊ **နှင့်** ဝိဘတ်ပါသည့် အသုံးခံပြပုဒ်၊ **စွာ** ပစ္စည်းပါသည့် ကြိယာဝိသေသနပုဒ်တို့ကို ကြိယာ၏ရှေ့တွင်ကပ်၍ ထားရသည်။

သာဓက(၁) "မလှသည်ပေါင်မုန့်ကို ယနေ့စားခြင်းမဟုတ်ဘဲ မနေ့ကစားခြင်းဖြစ်သည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ "မလှသည် မနေ့က ပေါင်မုန့်ကိုစားသည်"ဟု ရေးဖွဲ့ပါက မနေ့ကဟူသော အချိန်ပြပုဒ်ကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် စားသည် ဟူသော ကြိယာ၏ရှေ့၌ ကပ်မထားဘဲ ပေါင်မုန့်ကိုဟူသော အခြားပုဒ်တစ်ခု၏ ရှေ့၌ ကပ်ထားခြင်းကြောင့် "မလှသည် ပေါင်မုန့်ကို မနေ့ကစားသည်"ဟု အဓိပ္ပာယ်သက်ရောက်ရမည့်အစား "မလှသည် မနေ့က ကျန်သောပေါင်မုန့်ကိုစားသည်"ဟူ၍ လွဲမှားစွာ အဓိပ္ပာယ်သက်ရောက်သွားသည်။

သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ်သက်ရောက်စေရန်အတွက် "မလှသည် ပေါင်မုန့်ကို မနေ့ကစားသည်"ဟူ၍ ရေးဖွဲ့မှ မှန်ပေသည်။

သာဓက(၂) "ကန်ထဲ၌ ပေါက်နေသော ကြာပန်းကို လှပေါ်က လှမ်း၍ခူးသည်"ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ "လှေပေါ်က ကြာပန်းကို ခူးသည်"ဟု ရေးဖွဲ့ပါက လှေပေါ်က ဟူသော နေရာပြပုဒ်ကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် ခူးသည် ဟူသော ကြိယာ၏ရှေ့၌ ကပ်မထားဘဲ ကြာပန်းကိုဟူသော အခြားပုဒ်တစ်ခု၏ ရှေ့၌ ကပ်ထားခြင်းကြောင့် "ကန်ထဲ၌ ပေါက်နေသော ကြာပန်းကို ခူးသည်"ဟု အဓိပ္ပာယ်သက်ရောက်ရမည့်အစား "လှေပေါ်၌ ပေါက်နေသော ကြာပန်းကိုခူးသည်"ဟုလွဲမှားစွာ အဓိပ္ပာယ်သက်ရောက်သွားသည်။

သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ်သက်ရောက်စေရန်အတွက် "ကြာပန်းကို လှေပေါ်က ခူးသည်"ဟု ရေးဖွဲ့မှ မှန်ပေသည်။

သာဓက(၃) "လိမ်မပြောရန် တပည့်များကို ဆရာက စာသင်ခန်းတွင်ဆုံးမသည်" ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ "စာသင်ခန်းတွင် လိမ်မပြောရန် တပည့်များကို ဆရာက ဆုံးမသည်"ဟု ရေးဖွဲ့ပါက စာသင်ခန်းတွင်ဟူသော နေရာပြပုဒ်ကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် ဆုံးမသည်ဟူသော ကြိယာ၏ရှေ့၌ကပ်မထားဘဲ လိမ်မပြောရန် ဟူသော အခြားပုဒ်တစ်ခု၏ ရှေ့၌ ကပ်ထားခြင်းကြောင့် "လိမ်မပြောရန် စာသင်ခန်းတွင် ဆရာက ဆုံးမသည်"ဟု အဓိပ္ပာယ်သက်ရောက်ရမည့်အစား "အခြားနေရာတွင်လိမ်ပြောနိုင်သည်။ စာသင်ခန်းတွင် လိမ်မပြောရန် ဆုံးမသည်" ဟူ၍ လွဲမှားစွာ အဓိပ္ပာယ်သက်ရောက်သွားသည်။

သို့ဖြစ်၍ ဆိုလိုသည့် အဓိပ္ပာယ်သက်ရောက်စေရန်အတွက် "လိမ်မပြောရန် တပည့်များကို ဆရာက စာသင်ခန်းတွင် ဆုံးမသည်"ဟူ၍ ရေးဖွဲ့မှ မှန်ပေသည်။

သာဓက(၄)"မောင်ဘက သူ၏တုတ်ဖြင့်မောင်လှကို ရိုက်သည်"ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌"မောင်ဘက တုတ်နှင့် မောင်လှကို ရိုက်သည်"ဟု ရေးဖွဲ့ပါက တုတ်နှင့်ဟူသော အသုံးခံပြပုဒ်ကို ၎င်းနှင့်တိုက်ရိုက်ဆက်စပ်ရမည့် ရိုက်သည်ဟူသော ကြိယာ၏ရှေ့၌ ကပ်မထားဘဲ မောင်လှကို ဟူသော အခြားပုဒ်တစ်ခု၏ရှေ့၌ ကပ်ထားခြင်းကြောင့် "မောင်ဘက မောင်လှကို တုတ်ဖြင့် ရိုက်သည်"ဟူသော အဓိပ္ပာယ်သက်ရောက်ရမည့်အစား "တုတ်ကိုင်ထားသော မောင်လှကို မောင်ဘက ရိုက်သည်"ဟူ၍ အဓိပ္ပာယ်သက်ရောက်သွားသည်။

သို့ဖြစ်၍ ဆိုလိုသည့်အဓိပ္ပာယ်သက်ရောက်စေရန် "မောင်ဘက မောင်လှကို တုတ်နှင့် ရိုက်သည်"ဟု ရေးဖွဲ့မှ မှန်ပေသည်။

သာဓက(၅) "သူသည် ထမင်းစားပြီးမှ ကျောင်းသို့လျင်မြန်စွာသွားသည်"ဟူသော အဓိပ္ပာယ်ဖြင့် ဝါကျဖွဲ့ရာ၌ "သူသည် လျင်မြန်စွာထမင်းစား၍ ကျောင်းသို့သွားသည်"ဟု ရေးဖွဲ့ပါက လျင်မြန်စွာဟူသော ကြိယာဝိသေသနကို ၎င်းနှင့် တိုက်ရိုက်ဆက်စပ်ရမည့် သွားသည်ဟူသော ကြိယာ၏ရှေ့၌ ကပ်မထားဘဲ ထမင်းစား၍ဟူသော အခြားပုဒ်တစ်ခု၏ ရှေ့၌ ကပ်ထားခြင်းကြောင့် "သူသည် ထမင်းစားပြီးမှ ကျောင်းသို့လျင်မြန်စွာသွားသည်" ဟု အဓိပ္ပာယ်သက်ရောက်ရမည့်အစား "သူသည် ထမင်းကို လျင်မြန်စွာစားပြီးမှ ကျောင်းသို့ သွားသည်"ဟု လွဲမှားစွာ အဓိပ္ပာယ်သက်ရောက်သွားသည်။

သို့ဖြစ်၍ ဆိုလိုသည့်အဓိပ္ပာယ်သက်ရောက်စေရန် "သူသည် ထမင်းစားပြီး ကျောင်းသို့ လျင်မြန်စွာသွားသည်"ဟု ရေးဖွဲ့မှ မှန်ပေသည်။ **(ကောင်းဆက်)**

## ရေလျှံမှုမဖြစ်စေရေး စက်ယန္တရားများအသုံးပြုဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၅**

တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် အမှတ်(၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များပူးပေါင်း၍ ဇန်နဝါရီ ၁၄ ရက်က သီရိဇေယျာလမ်းမကြီးနှင့် သီရိဇေယျာ (၁၈)လမ်းတို့တွင် ရေလျှံမှုများမဖြစ်စေရေးအတွက် စက်ယန္တရားများအသုံးပြုကာ ရေနုတ်မြောင်းများ အသစ်တူးဖော်ဆောင်ရွက်ပေးကြသည်။

"ယခင်မြေသားမြောင်းတွေက တိမ်ကောနေတာပါ။ မြောင်းတွေကိုခွာပြီး ဆောက်လုပ်ထားတဲ့ ကျူးကျော်အဆောက်အအုံတွေကိုလည်း လမ်းနယ်မြေတိုင်းတာပြီး စနစ်တကျဖယ်ရှားစေတာပါ။ ရပ်ကွက်တာဝန်ရှိတဲ့သူတွေနဲ့ ပူးပေါင်းဆောင်ရွက်တော့ လုပ်ငန်းတွေအောင်မြင်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ပြောသည်။

ရေနုတ်မြောင်းများပိတ်ဆို့ပြီး ရေလျှံသည့်အတွက် ကျန်းမာရေးနှင့်ပတ်သက်သည့်ဆိုးကျိုးများ ကြုံတွေ့နိုင်ခြင်းကြောင့် ပြည်သူများနှင့် တာဝန်ရှိသူတွေ ညှိနှိုင်းကာဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် စက်ယန္တရားအကူအညီဖြင့် လာရောက်ကြပ်မတ်ဆောင်ရွက်ပေးသဖြင့် ကျေးဇူးအထူးတင်ရှိပါကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များက ဆိုသည်။

(၁၉၇)

# ဘဝသံသရာ

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)



**ယမန်နေ့မှအဆက်**

တစ်နေ့တွင် ရွက်ထည်တဲလေးထဲသို့ ကျားသစ်ပေါက်လေး နှစ်ကောင်ဝင်လာသောကြောင့် မေသစ်က ကြောက်အားလန့်အားနှင့် ဇေယျအား ဖက်မိရာက ချစ်သူဘဝသို့ရောက်ရှိသွားကြလေသည်။ ထိုအချိန်မှပင် မြန်မာနိုင်ငံဆေးကောင်စီလူကြီးများသည် ဇေယျနှင့် နွဲ့နွဲ့အေးတို့၏ ဖြစ်ရပ်အမှန်ကို စုံစမ်းသိရှိခဲ့သည်။ တောင်တန်းဒေသ၌ ဆေးကုသ၍ နာမည်ကျော်ကြားလာသော ဇေယျအပေါ် ခွင့်လွှတ်ကာ ဆေးကုသခွင့် ပြန်လည်ပေးအပ်လိုက်ရာ ၎င်းတို့အဖို့ ပိုမိုလွတ်လပ်သွားကြသည်။ တစ်နေ့တွင် မေသစ်ကို ဇေယျက ဗိုလ်တဲတွင် ထားခဲ့ပြီး လက်မှတ်သွားဝယ်ချိန်တွင် အေးကြူရောက်လာကာ မေသစ်ကို စွပ်စွဲပြောဆိုသည်။ အေးကြူက မေသစ်ကို ကားပေါ်သို့ အတင်းတင်ကာ မောင်းပြေးသည်။ ကားမှောက်ပြီး မေသစ်ဒဏ်ရာရရှိသည်။ အေးကြူသည် ပွဲချင်းပြီး သေဆုံးသွားသည်။ ဇေယျကနောက်မှ ကားတစ်စီးဖြင့် လိုက်လာပြီး မေသစ်ကို ပြန်ခေါ်သွားသည်။ ၎င်းတို့နှစ်ယောက် မီးရထားဖြင့် ထွက်လာစဉ် ဇာတ်သိမ်းထားလေသည်။

မောင်ချစ်နှမချစ်ဖြစ်သော ချစ်မေတ္တာသရုပ်ကို ဖော်ပြရာတွင် မေသစ်နှင့် အစ်ကိုဖြစ်သူ ကိုသော်က(ဦးသုခ)တို့ မောင်နှမ အလွန်ချစ်ခင်ကြ၍ ထမင်းစားကြရာတွင် နှစ်ယောက်ဆုံမှ စားလေ့ရှိပုံ၊ တစ်နေ့ကြက်သားဟင်းဖြင့် ထမင်းစားစဉ် အသည်းအမြစ်ကို အစ်ကိုဖြစ်သူက ညီမလေး စားပါဟုထည့်ပေးရာ ညီမလုပ်သူကလည်း အစ်ကိုကြီးစားပါဟု ပြန်ထည့်ပေးပုံများ ဖြင့် ဒါရိုက်တာသည် မောင်ချစ်နှမချစ် ချစ်ခြင်းမေတ္တာသရုပ်ကို တင်စားရိုက်ကူးပြသခဲ့သည်မှာ အနုပညာလက်ရာမြောက်လှပါသည်။

မေသစ်ကိုကားဖြင့်တိုက်မိရာမှ အေးကြူနှင့် ၎င်းနှီးလာပြီး အေးကြူက ၎င်းတို့အိမ်ကို အဝင်အထွက်လုပ်သည့်အခါမှာလည်း အစ်ကိုဖြစ်သူ ကိုသော်ကမှာ ရတက်မအေးဖြစ်ရပုံများကို ဖော်ပြထားပါသည်။

အေးကြူမှာ ဘဝသံသရာ ဇာတ်ကားတွင် သူ့အခန်းနှင့်သူ ပိုင်နိုင်စွာ သရုပ်ဆောင်ထားသည်။ စစ်ဗိုလ်တစ်ဦးဖြစ်ပြီး တာဝန်ကျရာသို့ သွားမည့်အချိန်တွင် ချစ်သူမေသစ်အား ပြောကြားပုံများမှာ ဇာတ်လမ်းအရှိန် မြင့်တက်စေရန် အထောက်အကူဖြစ်စေပါသည်။ ဇေယျအနေဖြင့် ရိုးသားသော လူပျိုကြီးဘဝဖြင့်ဆရာဝန်အဖြစ်မှ ဇာတ်မြူပ်ကာ မြင်းလှည်းမောင်းနေစဉ် မေသစ်ကို တွေ့ရှိခဲ့ရာအဖြစ်မှန်ကို သိရှိရသောအခါတွင် သနားကရုဏာဖြစ်ကာ သူ့အိမ်တွင် လိုက်နေရန်ခေါ်ခဲ့ပြီး နှမအရင်းသဖွယ် စောင့်ရှောက်ထားပုံမှာ မေတ္တာ၏ သဘောသဘာဝကို ပေါ်လွင်စေသည်။အစ်ကိုကြီးသဖွယ် ဇေယျ၏ စောင့်ရှောက်ပြုစုမှုကို ခံယူရသောမေသစ်မှာ အစ်ကိုကြီးအရင်းဖြစ်သူ ကိုသော်ကအား သတိရနေပုံ အမူအရာများမှာလည်း ကရုဏာသက်စရာဖြစ်စေသည်။

ဇေယျနှင့်မေသစ်သည် ၅၂၈ မေတ္တာနယ်ပယ်မှ ၁၅၀၀ ကိလေသာ မေတ္တာနယ်ပယ်သို့ မကူးမိစေရန် ထိန်းသိမ်းကြကြောင်း ဖော်ပြသည့် အမူအရာများမှာလည်း မေတ္တာ၏ အသိမ်အမွေ့ကိုခံစားထိတွေ့ခွင့်ရသော ဇာတ်ဝင်ခန်းများပင်ဖြစ်သည်။သူတို့နှစ်ဦး နယ်စပ်ဒေသများသို့ လှည့်လည်ဆေးကုကြသည့် ဇာတ်ဝင်ခန်း၊ တောတွင်းတစ်နေရာ၌ ရွက်ထည်တဲလေးထိုးကာ ညအိပ်စခန်းချစဉ် ကျားသစ်ပေါက်လေး နှစ်ကောင်ဝင်လာသည့် ဇာတ်ဝင်ခန်း၊ မေသစ်လန့်နိုးပြီး ကြောက်အားလန့်အားဖြင့် ဇေယျအား ဖက်လိုက်ပုံအခန်းများသည် သဂ်ီရ ရသမြောက်သော ဇာတ်ဝင်ခန်းများပင်ဖြစ်သည်။ ကျားသစ်ပေါက်လေးနှစ်ကောင် ရွက်ဖျင်တဲလေးထဲသို့ ဝင်ရောက်လာသည့် ဇာတ်ကွက်လေးသည် ၅၂၈ မေတ္တာမှသည် ၁၅၀၀ မေတ္တာသို့ ကူးပြောင်းရောက်ရှိသွားစေသည့် ချစ်ခြင်းမေတ္တာကို သရုပ်ဖော်ဖွဲ့နွဲ့ရိုက်ကူးချက်ပင်ဖြစ်ရာ သင်္ဂါရ ရသ၏ အထွတ်အထိပ်သို့ ရောက်ရှိသွားစေခဲ့သည်။

ရုပ်ရှင်ကြည့် ပရိသတ်များစိတ်တွင် မိန်းမမုန်းသမားကြီး ဇေယျနှင့် မြန်မာအမျိုးသမီးတို့၏ စောင့်ထိန်းအပ်သော ကိုယ်ကျင့်တရားကို မကျိုးပျက်အောင် စောင့်ထိန်းနေခဲ့သော မေသစ်တို့ ဘယ်အခါ၊ ဘယ်အချိန်တွင် တူနှစ်ကိုယ်နီးကြပါမလဲဟု မချင့်မရဲ တွေးတောလာခဲ့မှုကို ကျားသစ်ကလေးနှစ်ကောင် ရွက်ဖျင်တဲကလေးထဲသို့ ဝင်လာပြီး မေသစ်က ကြောက်အားလန့်အား နှင့် ဇေယျအား ဖက်လိုက်ချိန်တွင် ချင်ခြင်းပြေပြီး ကြည်နူးမှုရရှိစေခဲ့ပါသည်။ ပြုံးရိပ်များ သန်းလာခဲ့ကြပါသည်။ သူတို့နှစ်ဦး အတွေ့အထိကြောင့် ချစ်သူဘဝရောက်ရှိသွားကြပြီ မဟုတ်ပါလား။ ဤအခန်းသည် အချစ်ရသမြောက်စေခဲ့သည့် ဇာတ်၏ အထွတ်အထိပ် အခန်းပင်ဖြစ်သည်။

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်များ၏ အလှအပသဘာဝကို ရိုက်ကူးနိုင်ခဲ့သဖြင့် ထိုအချိန်က ရုပ်ရှင်ကြည့်ပရိသတ်များအဖို့ အမြင်ဆန်းစေခဲ့ပြီး ရှမ်းပြည်နယ်တွင် "ဘဝသံသရာ" တံတားဟု အမည်သညာပြု၍ ယနေ့တိုင် ခေါ်ဝေါ်သမုတ်ထားခြင်းသည်ပင်လျှင် ထိုဇာတ်ကား၏ အောင်မြင်မှုကို မှတ်တိုင်ထူထားသည့်နှယ် အဓိပ္ပာယ်သက် ရောက်လျက်ရှိသည်။

မှီငြမ်း။ ။ မြန်မာ့ရုပ်ရှင်စိန်ရတုသဘင် ရုပ်ရှင်စာတမ်းငယ် တစ်ဆယ် (၁၉၂၀-၁၉၉၅)

# စလင်းဒီယွန်၏ အမျိုးသားကွယ်လွန်

အေးပြည့် ရေးသားသည်



ယနေ့ခေတ်ပေါ့ပ်တေးဂီတလောက၏ ထိပ်တန်းအဆိုရှင်တစ်ဦး ဖြစ်သော စလင်းဒီယွန်၏ ခင်ပွန်းဖြစ်သူ တေးထုတ်လုပ်သူတစ်ဦးဖြစ်သည့် ရီနေးလ်အန်ဂျလီသည် ဇန်နဝါရီ ၁၄ရက်(ကြာသပတေးနေ့) က အသက် (၇၃)နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာများက ဖော်ပြခဲ့သည်။

အန်ဂျလီသည် လည်ချောင်းကင်ဆာရောဂါကို လပေါင်းများစွာ ခံစားခဲ့ရပြီး ယင်းရောဂါဖြင့်ပင် လက်စ်ဗီးဂတ်စ်ရှိ နေအိမ်၌ပင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။ အသက် (၄၇)နှစ်အရွယ် စလင်းဒီယွန်၏ ပရိသတ်များက "ရီနေးလ်အန်ဂျလီဟာ ကင်ဆာရောဂါကို သတ္တိရှိရှိ ရင်ဆိုင်လာရင်းက ဒီနေ့(ဇန်နဝါရီ ၁၄)မှာပဲ လက်စ်ဗီးဂတ်စ်နေအိမ်မှာ သူကိုချစ်တဲ့မိသားစုတွေရှေ့မှောက်မှာ ကွယ်လွန်သွားခဲ့ပါပြီ"ဟု ရေးသားဖော်ပြခဲ့ရာ စလင်းဒီယွန်ကိုယ်တိုင်က ခင်ပွန်းဖြစ်သူ ကွယ်လွန်ခဲ့သည့်သတင်းကို သူ၏ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် အတည်ပြုဖော်ပြခဲ့သည်။

ရီနေးလ်သည် ကင်ဆာရောဂါကို ၁၉၉၈ခုနှစ်တွင် တစ်ကြိမ်ခံစားခဲ့ရသည်။ လည်ပင်းမှ အကြိတ်ကို ခွဲစိတ်ကုသမှု ခံယူခဲ့ပြီးနောက် ပြန်လည်ကောင်းမွန်လာခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ကင်ဆာရောဂါကို ထပ်မံခံစားခဲ့ရပြီး အခြေအနေဆိုးရွားခဲ့သည့်အတွက် အနုပညာလုပ်ငန်းများကို ရပ်နားခဲ့သည်။ စလင်းဒီယွန်ကလည်း ခင်ပွန်းဖြစ်သူ၏ ကျန်းမာရေးအခြေအနေစိုးရိမ်ရသည့်အတွက် ဖျော်ဖြေရေးလုပ်ငန်းများ ရပ်နားခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ် ဩဂုတ်တွင် ခင်ပွန်းဖြစ်သူက စလင်းဒီယွန်အား တေးသီချင်းများ သီဆိုဖျော်ဖြေနေသည်ကိုသာ တွေ့မြင်လိုသည့်ဆန္ဒကြောင့် ပြန်လည် သီဆိုဖော်ဖြေခဲ့သည်။

စလင်းဒီယွန်နှင့်ရီနေးလ်တို့နှစ်ဦးသည် စလင်းဒီယွန်အသက် (၁၂) နှစ်အရွယ် ၁၉၈၀ခုနှစ်ကပင် စတင်သိကျွမ်းခဲ့ကြခြင်းဖြစ်သည်။ ရီနေးလ်သည် တေးထုတ်လုပ်သူတစ်ဦးအဖြစ် မလုပ်ကိုင်မီက ပေါ့ပ်အဆို တော်တစ်ဦးဖြစ်ခဲ့သည်။ သူပါဝင်သော ပြင်သစ်-ကနေဒါပေါ့ပ်တးဂီအဖွဲ့ပျက်သွားခဲ့ပြီးနောက် ထုတ်လုပ်မှုလောကသို့ ကူးပြောင်းခဲ့သည်။ စလင်းဒီယွန် အသက်(၁၂) နှစ်တွင် သူသီဆိုထားသော အသံသွင်းတိတ်ခွေတစ်ခွေကို ရီနေးလ်ထံသို့ ပို့ခဲ့သည်။ ယင်းတေးသီချင်းခွေကိုနားထောင်ခဲ့စဉ်က စလင်းဒီယွန်အသံ၏ဆွဲဆောင်မှုကြောင့် ရီနေးလ်မျက်ရည်များပင် ကျခဲ့ရသည်ဟု သိရသည်။ ထို့နောက် ၁၉၉၀ခုနှစ်ခန့်တွင် သူတို့နှစ်ဦးချစ်သူများအဖြစ် လက်တွဲခဲ့ကြသည်။ ၁၉၉၄ခုနှစ်တွင် တရားဝင်လက်ထပ်ခဲ့ကြပြီး သားသုံးဦးထွန်းကားခဲ့သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၆ - ၁ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

- ၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၃၅ The Farmer (သစ်မွှေးစိုက်ပျိုးခြင်း)
- ၉:၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀:၃၅ သိပ္ပံနှင့်နည်းပညာအစီအစဉ်
- ၁၁:၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၅၀ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၂:၀၀ လူမှုန်နေရာမှန် (အပိုင်း-၃)
- ၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၉)
- ၃:၃၅ Hyper Spots
- ၄:၃၅ "မြေယာအငြင်းပွားမှုတွေ ဖြေရှင်းနိုင်မည့် မြေပုံစနစ်"
- ၅:၃၅ ကဗျာရိပ်မြုံ "ညီနောင်ငါးဖော်"
- ၇:၁၅ ဟိုးတုန်းကရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "ချမ်းငြိမ်းမေတ္တာ"
- ၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
- ၉:၀၀ ပြည်တွင်းသတင်း -ဂီတတံခါးလေး ဖွင့်ပါဦး -ဂီတသမား၊ ဂီတစကား "တေးပြုစာဆို၏တိမ်တမာန်" (အပိုင်း-၂)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆:၀၀ အဖွင့်
- ၆:၁၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ယုဂန်မွေအစွန်းမှာ" (ဦးဇော်မှိုင်း၊ ဟိန်းထက်အောင်၊ အေးအေးအောင်၊ခင်ခင်ကြီး) (ဒါရိုက်တာ-ကိုရွှေမိုးသက်)
- ၆:၄၀ တေးဂီတအစီအစဉ်
- ၇:၀၅ ဟိုးတုန်းက ကက်ဆက်ဇာတ်လမ်းများ "ရွှေယောက်ဖလို့ မခေါ်နဲ့" [(ဝေယံမင်း၊ ဘလိတ်၊ ငြိမ်းဖြူ၊ မေဇင်ငြိမ်း) ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)]
- ၈:၁၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
- ၉:၅၅ တေးဂီတအစီအစဉ်
- ၁၀:၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "ချစ်ခြင်း၏၃၆၀ ဒီဂရီ" (ဒုတိယပိုင်း) (လူမင်း၊ နေတိုး၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၁၂:၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## မြဝတီ

- ၆:၀၃ တရားတော်
- ၆:၁၀ မေတ္တာပို့
- ၆:၁၆ ဓမ္မပူဇာတေး
- ၆:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆:၃၅ မျိုးချစ်တပ်မတော်
- ၆:၄၀ မှတ်တမ်း
- ၆:၃၅ မြန်မာသံစဉ်ချိုနားဝင်
- ၇:၁၀ အမျိုးသားရေးတေးကဗျာ
- ၇:၂၅ သင့်အတွက်တစ်နေ့တာ
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈:၁၅ မွေးမြူသုတ
- ၈:၂၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၈:၅၅ မြဝတီနေ့စဉ်သတင်း
- ၁၁:၀၇ မျိုးချစ်တပ်မတော်
- ၁၁:၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
- ၁၂:၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -[ "ဝွန်" (ဖြိုးငွေစိုး၊ မေကဗျာနှင့် သရုပ်ဆောင်များ) ဒါရိုက်တာ-မောင်သီ]
- ၁၂:၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မေတ္တာအသဒ္ဒေါ် အပိုင်း(၂၆)
- ၁၄:၃၀ သံစဉ်များနှင့်ကမ္ဘာ
- ၄:၁၃ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၂၅ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၄၅ ကျန်းမာသုတ
- ၅:၀၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၁၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
- ၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ စားဖိုဆောင်ချစ်သူ
- ၆:၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရာရာထက်မင်း အပိုင်း(၅၅)
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း လူ့ရှင်တော်စတား ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်မည့်နိမိတ်သခင် အပိုင်း(၃၅)

## MRTV- 4

- ၅:၀၀ ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၄၀ "တိရစ္ဆာပရိညာ ပိုင်ဖို့လိုတယ်" တရားတော် [ဆရာတော်ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ (ကျိုက္ကလော့ဆရာတော်)]
- ၈:၀၀ Cartoon Series (English Playground)
- ၈:၃၅ Cartoon View
- ၁၁:၀၅ Star တို့ရဲ့ လက်ရာ
- ၁၁:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို့" (အပိုင်း-၁၁+၁၂)
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [ကာမန္ဒ(အပိုင်း-၂)]
- ၃:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၇၃)
- ၃:၄၅ Fashion Week
- ၆:၁၀ Health Fix
- ၆:၁၅MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြွင်နာလက်ကလေး" (အပိုင်း-၇၄)
- ၇:၁၅ Let's Talk
- ၇:၅၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [ကာမန္ဒ(အပိုင်း-၃)]
- ၈:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၉၇)
- ၉:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို့" (အပိုင်း-၁၂+၁၃)
- ၁၀:၅၅ Forever Music Tribute Jazz
- ၄:၄၅ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ (လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး)

# ရီးယဲလ်မက်ဒရစ်နှင့် အက်သလက်တီကို မက်ဒရစ်တို့ ကစားသမားခေါ်ယူမှု နှစ်ကြိမ်တိုင်ပိတ်ပင်ခံရမည်



***လာလီဂါအင်အားကြီးကလပ်နှစ်ခုဖြစ်သော ရီးယဲလ်မက်ဒရစ်နှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့သည် ဖီဖာစည်းကမ်းထိန်းသိမ်းရေး ကော်မတီမှ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည့်အအတွက် ကစားသမားခေါ်ယူမှုအား အပြောင်းအရွှေ့ဈေးကွက်ကာလ နှစ်ကြိမ်တိုင် ပိတ်ပင်ခံရမည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ယင်းအပြောင်းအရွှေ့ကာလနှစ်ခုမှာ လာမည့် ၂၀၁၆ ခုနှစ် ဇူလိုင်/ဩဂုတ်လဈေးကွက်နှင့် ၂၀၁၇ ခုနှစ်ဇန်နဝါရီဈေးကွက် နှစ်ခုကို ဆိုလိုခြင်းဖြစ်သည်။***

ကလပ်နှစ်ခုစလုံးက ယခုချမှတ်လိုက်သော ပြစ်ဒဏ်အတွက် အယူခံဝင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ပြန်လည် ထုတ်ပြန်ခဲ့ပြီး ယင်းပြစ်ဒဏ်သည် လက်ရှိဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်တွင် အကျိုးသက်ရောက်ဦးမည်မဟုတ်ပေ။ ထို့ကြောင့် ကလပ်အသင်းနှစ်ခုလုံးမှာ ယခုဇန်နဝါရီ အပြောင်းအရွှေ့အတွင်း ခေါ်ယူချင်သည့် ကစားသမားများကို လွတ်လွတ်လပ်လပ်ခေါ်ယူနိုင်ဦးမည်ဖြစ်သည်။

ယင်းကိစ္စရပ်အတွက် အက်သလက်တီကို အသင်းအား ဒဏ်ငွေအဖြစ် ဆွစ်ဖရန့်ငွေ၉၀၀၀၀၀ (ပေါင် ၆၂၂၀၀၀)၊ ရီးယဲလ်အား ဆွစ်ဖရန့်ငွေ၃၆၀၀၀၀(ပေါင် ၂၄၉၀၀၀၀) ပေးဆောင်ရန် ဖီဖာမှ ပြစ်ဒဏ်ချမှတ်ခဲ့သည့်အပြင် အပြောင်းအရွှေ့ကာလနှစ်ခုတိုင် ကစားသမားအဝင်/အထွက် ဆောင်ရွက်နိုင်မှုကို ပိတ်ပင်သွားရန်လည်း စီစဉ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ရီးယဲလ်ဘက်မှ အသက်(၁၈)နှစ်အောက် နိုင်ငံခြားသားကစားသမားများ ခေါ်ယူမှုတွင် စပိန်ဘောလုံးအဖွဲ့ချုပ်အား အကြောင်းကြားခဲ့ခြင်းမရှိဆိုသည့် စွပ်စွဲချက်မှာ မမှန်ကန်ကြောင်း တုံ့ပြန်ထားသည်။ ရီးယဲလ် ညွှန်ကြားရေးမှူးချုပ် ဆန်းချက်ဇ်က ယင်းပြစ်ဒဏ်မှာ "မျှတမှုမရှိသည့် ဆုံးဖြတ်ချက်" "မမျှော်လင့်ထားသည့် ပြစ်ဒဏ်" ဟု ပြောကြားခဲ့သလို အယူခံဝင်လျှင် ယင်းပြစ်ဒဏ်မှ ကင်းလွတ်ရန်မျှော်လင့်ချက် အပြည့်ရှိကြောင်း ဆိုလိုက်သည်။

အက်သလက်တီကိုအသင်းတာဝန်ရှိသူတစ်ဦးက "ကျွန်တော်တို့အသင်းကို အခုလို နိုင်ငံတကာ ဘောလုံးစည်းကမ်း ထိန်းသိမ်းရေး ကော်မတီက ပြစ်ဒဏ်ချခံရတယ်ဆိုတာ လက်သင့်ခံနိုင်စရာမရှိပါဘူး။ ဒီလို စည်းကမ်းချိုးဖောက်ခဲ့မှုမရှိဘူးဆိုတာ အက်သလက်တီကိုအသင်းရဲ့ ကစား သမားခေါ်ယူမှု စာချုပ်စာတမ်းတွေကို ပြန်စစ်ရင် သိနိုင်ပါတယ်။ ဒါကြောင့် ဒီလို ပြစ်ဒဏ်အတွက် အယူခံဝင်သွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဘာစီလိုနာသည်လည်း အသက်(၁၈)နှစ်အောက် ကစားသမားခေါ်ယူမှုတွင် သက်ဆိုင်ရာမှ ချမှတ်ထားသော စည်းမျဉ်းများကို ချိုးဖောက်ခဲ့သဖြင့် ၂၀၁၄ခုနှစ် ဧပြီလအတွင်း ယခုကဲ့သို့ပြစ်ဒဏ်မျိုး ချမှတ်ခံခဲ့ရဖူးသည်။ သို့သော် ဘာစီလိုနာသည် အာဒါတူရန်နှင့် ဗီဒယ်လ်တို့နှစ်ဦးအား ပြီးခဲ့သည့် ၂၀၁၅နွေဈေးကွက်အတွင်း စာချုပ်ချုပ်ဆို ခေါ်ယူခဲ့ပြီး ဘာစီလိုနာ၏ ပွဲစဉ်များကိုမူ အသုံးပြုခွင့်မရခဲ့ပေ။

ရီးယဲလ်၏ ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခံရမှုကြောင့် ဂါရတ်ဘေးလ်နှင့် စီရိုနယ်လ်ဒိုတို့အား ခေါ်ယူချင်သည့် အသင်းများအနေဖြင့် လုပ်ရှားနိုင်မည်မဟုတ်သလို အဂူရိုနှင့် ဒေးဗစ်ဒီဂီယာတို့အား ခေါ်ယူချင်သည့် ရီးယဲလ်၏ ခြေလှမ်းများကိုလည်း နောက်ပြန်ဆုတ်ရမည်ဖြစ်ကြောင်း ဘီဘီစီအားကစား သတင်းအယ်ဒီတာ ဆီမွန်စတုန်းက သုံးသပ်ခဲ့သည်။

**မေလဲ့သင်း - ရေးသားသည်**

## ဇန်နဝါရီ ၁၆ ရက်နေ့ ယှဉ်ပြိုင် ပွဲစဉ်များ

| | | | |
|---|---|---|---|
| **ပရီမီယာလိဂ်** | | | |
| စပါး | - | ဆန်းဒါးလန်း | ည-၇း၁၅ |
| မန်စီးတီး | - | ခရစ္စတယ်ပဲလေ့စ် | ည-၉း၃၀ |
| ချယ်လ်ဆီး | - | အဲဗာတန် | ည-၉း၃၀ |
| ဘုန်းမောက် | - | နော်ဝှစ်ချ် | ည-၉း၃၀ |
| ဆောက်သမ်တန် | - | ဝက်စ်ဘရွန်း | ည-၉း၃၀ |
| နယူးကာဆယ် | - | ဝက်စ်ဟမ်း | ည-၉း၃၀ |
| ဗီလာ | - | လက်စတာ | ည-၁၂း၀၀ |
| **စပိန်လီဂါ** | | | |
| ဆီဗီလာ | - | မာလာဂါ | ည-၉း၃၀ |
| ဆဲလ်တာဗီဂို | - | လီဗန်တေး | ည-၁၁း၃၀ |
| ဗီလာရီးယဲလ် | - | ဘက်တစ် | နံနက်-၂း၀၀ |
| ဆိုစီဒက် | - | ဒီပို့တီဗို | နံနက်-၃း၃၅ |
| **စီးရီးအေ** | | | |
| အတ္တလန္တာ | - | အင်တာမီလန် | ည-၈း၃၀ |
| တိုရီနို | - | ဖရိုစီနိုနီ | ည-၁၁း၃၀ |
| နာပိုလီ | - | ဆာဆူအိုလို | နံနက်-၂း၁၅ |
| **လီဂူး(၁)** | | | |
| တူးလော့စ် | - | ပီအက်စ်ဂျီ | ည-၁၀း၃၀ |
| ဂူအင်ဂမ့် | - | နန့်တက်စ် | နံနက်-၁း၃၀ |
| ထရိုယက်စ် | - | ရန်းနက်စ် | နံနက်-၁း၃၀ |
| ဘော်ဒိုး | - | လိုင်လီ | နံနက်-၁း၃၀ |
| ဂါဇီလက်စ် | - | ရိမ်းစ် | နံနက်-၁း၃၀ |

**မောင်မောင်ဇော်**

# အင်တာမှ ထွက်ခွာရန် ဂျိုဗီတစ် ဆွေးနွေး




မန်စီးတီးမှ အင်တာမီလန်တွင် အငှားဖြင့် လာရောက်ကစားနေသော တိုက်စစ်မှူး ဂျိုဗီတစ်က လက်ရှိအင်တာနည်းပြ မန်ချီနီလက်ထက်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေသဖြင့် အခြားအသင်းတစ်သင်းသို့ ပြောင်းရွှေ့ရန် ၎င်း၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ ဂျိုဗီတစ်က သူ့အားအင်တာမှ သတ်မှတ်ထားသော အခန်းကဏ္ဍအပေါ် မေးခွန်းထုတ်ခဲ့ပြီး ယခုကဲ့သို့ပုံမှန်နေရာ ဆက်လက်ပျောက်ဆုံးနေလျှင် အခြားကလပ်အသင်းသစ်တစ်ခုသို့ အလျင်အမြန် ပြောင်းရွှေ့ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

သို့သော် မိခင်ကလပ် မန်စီးတီးနှင့် ပြန်လည်ပူးပေါင်းရန် ဆန္ဒမရှိဘဲ အင်တာမီလန်မှ ထွက်ခွာရန်လည်း ဆုံးဖြတ်ထားပြီးဖြစ်သည်။

လောလောဆယ် အသင်းဟောင်း ဖီအိုရင်တီးနားက ကစားသမား၏ ခြေစွမ်းတိုးတက်လာမှုအပေါ် စောင့်ကြည့်နေဆဲဖြစ်ပြီး ယခုဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်မှာပင် အသင်းသစ်တစ်ခုသို့ ပြောင်းရွှေ့ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း သိရသည်။

# မီဆပ်အိုဇေးလ် ဂျာမနီတစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ဆွတ်ခူး



အာဆင်နယ်ကွင်းလယ်ကစားသမား မီဆပ်အိုဇေးလ်မှာ ၂၀၁၅ခုနှစ် ဂျာမနီတစ်နှစ်တာ အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ ၂၀၁၄ခုနှစ်တွင် တိုနီခရူးစ် တစ်ကြိမ်ရွေးချယ်ခံခဲ့ရသည်မှလွဲ၍ အိုဇေးလ်က ၂၀၁၁၊ ၂၀၁၂၊၂၀၁၃သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသလို ယခုနှစ်တွင်လည်း ထပ်မံရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

အိုဇေးလ်က မဲအရေအတွက် ၅၁၀၀၀ (စုစုပေါင်း မဲအရေအတွက်၏ ၄၅ ဒသမ၉ရာခိုင်နှုန်း)ရရှိခဲ့ပြီး သောမတ်စ်မူလာက ၁၅ ဒသမ၉ရာခိုင်နှုန်းဖြင့် ဒုတိယနေရာရရှိခဲ့သည်။ အိုဇေးလ်မှာ ယခုနှစ်ဘောလုံးရာသီ အာဆင်နယ်အသင်း ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် ရပ်တည်နိုင်ရန် အဓိကနေရာမှ ခြေစွမ်းပြခဲ့သလို ၂၀၁၅ခုနှစ်အတွင်း ဂျာမနီလက်ရွေးစင်အသင်းကစားခဲ့သည့် စုစုပေါင်းပွဲစဉ်ကိုးပွဲတွင် ရှစ်ပွဲအထိဝင်ရောက်ကစားပေးခဲ့သည်။

အိုဇေးလ်မှာ ၂၀၀၂-၂၀၀၃ဘောလုံးရာသီက ပြင်သစ်တိုက်စစ်မှူး သီယာရီအွန်နရီ ရရှိခဲ့သော ဂိုးဖန်တီးမှု စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သဖြင့် ဂျာမနီအားကစား မဂ္ဂဇင်း Kicker က "ပြည်ပရောက် အကောင်းဆုံးဂျာမန်ကစားသမား"အဖြစ် ရေးသားဖော်ပြခဲ့သည်။

## အားကစားလောက သတင်းတိုများ

❍ ယခုဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်အတွင်း ကိုရင်သီယန် တိုက်စစ်မှူး ပါတိုအားခေါ်ယူရန် ချယ်လ်ဆီးဘက်မှ ကမ်းလှမ်းနေကြောင်း သိရသည်။

❍ ဝက်စ်ဘရွန်းတိုက်စစ်မှူး ဘရာဟီနိုအား စပါးနှင့် နယူးကာဆယ်တို့မှ ခေါ်ယူရန်ကမ်းလှမ်းမှုများ ဆက်တိုက်ပြုလုပ်နေသော်လည်း အဆိုပါတိုက်စစ်မှူးမှာ အရောင်းစာရင်းတွင် ပါဝင်သည့် ကစားသမား မဟုတ်ကြောင်း ကလပ်အသင်းတာဝန်ရှိသူများက တုံ့ပြန်လိုက်သည်။

❍ လိဒ်ယူနိုက် တက် အသင်းသည် ၎င်းတို့အသင်း၏ ဗဟိုနောက်ခံလူ ဆမ်ဘီယမ်အတွက် အဲဗာတန်အသင်း၏ကမ်းလှမ်းလာမှုကို လက်ခံခဲ့ပြီး ပြောင်းရွှေ့ကြေးမှာ ပေါင် သုံးသန်း ဝန်းကျင်ဖြစ်သည်ဟု ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။

❍ အာဆင်နယ်အသင်းသည် ဘေဆယ်လ် ကွင်းလယ်လူ အယ်နာနီအား ခေါ်ယူနိုင်ခဲ့ပြီ ဖြစ်သော်လည်း နည်းပြဝင်းဂါးက ဗစ်တာဝိုင်ယာမာအား လာမည့် နွေဈေးကွက်တွင် ခေါ်ယူနိုင်ရန် ဆက်လက်စောင့်ကြည့်နေဆဲဖြစ်ကြောင်း သိရသည်။

❍ မန်စီးတီးသည် လာမည့်နွေရာသီတွင် ဂွါဒီယိုလာ ရောက်ရှိလာလျှင် ယင်းစပိန်နည်းပြအကြိုက်ကစားဟန်တည်ဆောက်နိုင်ရန်အတွက် ဦးစားပေးပစ်မှတ်အဖြစ် အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းအားခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်သကဲ့သို့ ဘိုနီ၊မန်လာဂါတို့အား ပြန်လည်ရောင်းချသွားလိမ့်မည်ဖြစ်သည်။

❍ အပြောင်းအရွှေ့ကာလနှစ်ကြိမ် ပိတ်ပင်ခံထားရသည့် ရီးယဲလ်အသင်းသည် ယင်းပြစ်ဒဏ်မသက်ရောက်မီ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ အဲဗာတန်နောက်ခံလူ ဂျွန်စတုန်း၊ ချယ်လ်ဆီးကွင်းလယ်လူ အေဒင်ဟာဇက်နှင့် မန်ယူဂိုးသမား ဒီဂီယာတို့အား ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်
အစုရှယ်ယာရှင်များအားဖိတ်ကြားခြင်း

ငွေချေးသက်သေခံလက်မှတ်အား အခြေပြု၍ ဘဏ်အနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းနိုင်ရန် သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းအား လိုအပ်သလိုပြင်ဆင်နိုင်ရန်အတွက် အထူးအထွေထွေ အစည်းအဝေးတစ်ရပ်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေးအပ်ပါသည်။ (အသေးစိတ်ကို အစုရှယ်ယာရှင်များထံ ဖိတ်ကြားစာ၌ ဖော်ပြထားပါသည်။)

ကျင်းပမည့်အချိန် – ၃၀–၁–၂၀၁၆ (စနေနေ့)
ကျင်းပမည့်ရက် – နံနက် (၁၀း၀၀)နာရီ
ကျင်းပမည့်နေရာ – အမှတ်(၂၂၈/၂၄၀) ၊ ကမ်းနားလမ်း ၊ ပဉ္စမထပ် ၊ ညီလာခံခန်းမ ၊ ကုန်သွယ်ရေးဦးစီးဌာန ၊ ရန်ကုန်တိုင်းဒေသကြီး

ဒါရိုက်တာအဖွဲ့

ဖုန်း – ၀၁–၂၅၅၉၃၂ ၊ ၀၁–၃၇၇၄၆၃ ၊ ၀၁–၃၉၀၅၅၄

# ကလေးခိုးဖြစ်စဉ် ကောလာဟလသတင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ရှင်းလင်း

**မန္တလေး ဇန်နဝါရီ ၁၅**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာ အနောက်ရပ်ကွက်နေ ဦးနေမျိုးသည် ဇနီး မဆန်းနုဝေ၊ သမီးမစုလဲ့နိုင် (၇)နှစ် (ကျောင်းမနေ)၊ အိမ်ဖော် မဖူးဖူးစံတို့နှင့်အတူ ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီခွဲက သပိတ်ကျင်းမြို့မှ မန္တလေးမြို့သို့ ၎င်းတို့ပိုင် 5H/---ခွေးဘီလူးအဖြူရောင် ယာဉ်ဖြင့်ပြန်လာခဲ့ရာ မတ္တရာမြို့နယ် လင်းမြွေချောင်းရွာအနီး ဒဟတ္တောဇရပ်မြောက်ဘက်အရောက်ကားလမ်းပေါ်တွင် လူလေးဦးက ကားလမ်းပိတ်ရပ်နေကြသဖြင့် အရှိန်လျှော့မောင်းစဉ် အဆိုပါလေးဦးအနက် တစ်ဦးက ယာဉ်၏နောက်ခန်းသို့ပြေးတက်ပြီး မစုလဲ့နိုင်အားအတင်းဆွဲခေါ်သဖြင့် ဦးနေမျိုးက ကားပေါ်မှဆင်းကာ အဆိုပါလူနှင့်လုံးထွေးသတ်ပုတ်နေစဉ် ကျန်သုံးဦးမှာ ထွက်ပြေးသွားသည်။ ထိုအချိန်တွင် ဆိုင်ကယ်သမားငါးဦးခန့် ရောက်ရှိလာ၍ ဝိုင်းဝန်းဖမ်းဆီးပေးသဖြင့် ဦးနေမျိုးနှင့်လုံးထွေးသတ်ပုတ်သူအား ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဖမ်းဆီးရမိသော ကြည်မြင့်(၃၂)နှစ်သည် ပခုက္ကူမြို့နယ် နန်းတော်ရွာမှ စိတ်ဝေဒနာရှင်တစ်ဦးဖြစ်သည်။ ၎င်းသည်ကလေးများကိုချစ်တတ်သူဖြစ်ပြီး ကလေးများတွေ့မြင်ပါက ထိပ်ပုတ်ခေါင်းပုတ်ပြုလေ့ရှိကြောင်း၊ နန်းတော်ရွာမှ ပျောက်သွားသည်မှာ သုံးရက်ခန့်ရှိသွားပြီဖြစ်ကြောင်း၊ ပခုက္ကူမြို့နယ် နန်းတော်ရွာ နယ်မြေရဲစခန်းဖြစ်သည့် မြစ်ခြေရဲစခန်း၏ အတည်ပြုချက်အရသိရသည်။ ကြည်မြင့်ကို လွန်ခဲ့သည့်နှစ်ရက်ခန့်က ပခုက္ကူမြို့မှလူတစ်ဦးက ကားဖြင့်တင်လွှတ်လိုက်သဖြင့် မန္တလေးမြို့သို့ ရောက်ရှိပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ညအိပ်၍ခရီးသည်တင်ကားဖြင့် လိုက်ခဲ့ရာ အခင်းဖြစ်နေရာအနီးတွင် ကားခမပါ၍ ယာဉ်နောက်လိုက်က ဆင်းခိုင်းသဖြင့် ဆင်းနေခဲ့ကြောင်း၊ အခင်းဖြစ်နေရာတွင် ၎င်းအပါအဝင် ဇရပ်ရှေ့တွင်လူများပိတ်နေ၍ ခွေးဘီလူးကားအရှိန်လျှော့မောင်းနေစဉ် ကြည်မြင့်က ကားပေါ်တက်၍ မစုလဲ့နိုင်အား လက်ဆွဲခြင်းဖြစ်ကြောင်း ကျန်သုံးဦးကိုမသိကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၁၄ ရက် ည ၉ နာရီခန့်က အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် မြို့ပတ်ကမ်းနားလမ်း (၂၂)လမ်းနှင့်(၂၆)လမ်းကြား မရမ်းခြံဆိပ်တွင် အမျိုးသားတစ်ဦးအား ကလေးသူခိုးဟုစွပ်စွဲပြီး အနီးပတ်ဝန်းကျင်ရှိ လူအများ ဝိုင်းဝန်းထိုးကြိတ်ထားသည့်အတွက် ဒဏ်ရာများရရှိထားကြောင်းသတင်းအရ နယ်မြေခံရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးရာ စဉ့်ကိုင်မြို့နယ် ဗျင်ဒဉလောကျေးရွာမှ သန်းနိုင်ဦး(၃၈)နှစ် (ဈေးရောင်း)ဖြစ်ပြီး ဦးခေါင်းနောက်ခြမ်း ပေါက်ပြဲယာပါး၊ မျက်လုံးဒဏ်ရာရရှိထားသည်ကို တွေ့ရ၍ ရဲဆေးစာဖြင့် မန္တလေးဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနသို့ ဆေးကုသမှုခံယူရန် ပို့အပ်ခဲ့သည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၁၄ ရက် ည ၈ နာရီခွဲခန့်က မောင်ဇင်မင်းဦး(ခ)ပိုးစုံအား ၎င်း၏မိခင်ဒေါ်ခင်စောဦးက မြို့ပတ်ကမ်းနားလမ်း(၂၂)လမ်းနှင့်(၂၆)လမ်းကြား မရမ်းခြံဆိပ်ကမ်းရှိ အဒေါ်ဖြစ်သူ ဒေါ်မင်းမင်းနိုင်ထံ ငါးကင်ယူရန် စေလွှတ်ခဲ့ရာ အဒေါ်ဖြစ်သူ၏နေအိမ်အနီးအရောက် ကမ်းနားဈေးသို့ မုန်လာဥကုန်စိမ်းများလာပို့ပြီး အရက်သောက်စားမူးယစ်နေသည့် သန်းနိုင်ဦးက မောင်ဇင်မင်းဦး(ခ)ပိုးစုံ၏ လက်မောင်းအားဆွဲကိုင်ပြီး ငါ့နောက်လိုက်ခဲ့ဟု ပြောဆိုခေါ်ဆောင်ရာ အနီးပတ်ဝန်းကျင်က ကလေးသူခိုးဟုစွပ်စွဲပြီး ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်သဖြင့် ဒဏ်ရာများရရှိခဲ့သည်။

ဇန်နဝါရီ၁၃ရက်က Internet Facebook များတွင် ကလေးခိုးမှုဖြစ်စဉ်ဖြစ်ပွားကြောင်း ဖော်ပြချက်မှာ မှန်ကန်မှုမရှိကြောင်း၊ ကောလာဟလဖော်ပြချက်များသာဖြစ်ပြီး ဖြစ်စဉ်များတွင် ကလေးခိုးမှုကျူးလွန်သည်ဟု စွပ်စွဲခံရသူများမှာလည်း စိတ်မနှံ့သူ၊ အရက်သောက်စားမူးယစ်၍ အရက်ကြောင်နေသူ သာမန်ပြည်သူများသာဖြစ်သဖြင့် ပြည်သူလူထုကြား အထိတ်တလန့်ဖြစ်စေမည့်မမှန်သတင်းဖြန့်ဝေသူများအားဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ အသိပေးထားသည်။ **မောင်ပြည်သူ(မန္တလေး)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဆေးခြောက်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၅**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရှူးဘက်မှ နောင်ချိုမြို့နယ် ငုက္ခလေး ကျေးရွာဘက်သို့ မောင်းနှင်လာသည့် "ရှမ်းတံခွန်" ခရီးသည်တင် ယာဉ်အမှတ် BB/---မော်တော်ယာဉ်ကို ရှာဖွေရာ ခရီးသည် စိန်အောင် တင်ဆောင်လာသော ယာဉ်ခေါင်မိုးပေါ်ရှိ မော်တော်ဆိုင်ကယ် ဝဲ/ယာဒူးကာအတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀ ကိုလည်းကောင်း၊ အလားတူဇန်နဝါရီ၁၁ ရက်က နောင်တရားမြို့ တီကျစ်ကျေးရွာ အိမ်အမှတ်(လပ/၀၈၃)နေ ခင်မောင်ဇင်၏ နေအိမ်ကို ရှာဖွေရာ မီးဖိုခန်းတံခါးပေါက် အနီးရှိပီနံအိတ်ကြားမှ ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၄ ပြား ကိုလည်းကောင်း၊ ဇန်နဝါရီ၁၂ ရက်က အမ်း(ပဲပဒို)စစ်ဆေးရေးဂိတ်တွင် စစ်တွေမှရန်ကုန်သို့ မောင်းနှင်လာသည့် "အောင်ပြည့်စုံ" ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ဇော်ထွန်း အမည်ပါ မြွေရေခွံအိတ်နှစ်လုံးအတွင်းမှ ဆေးခြောက်အလေးချိန် ၁၁ ဒသမ ၃ ကီလို၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် မြန်မာငွေကျပ် ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



**ဇော်ထွန်း(ခ)စောထွန်း သိမ်းဆည်းရမိ ဆေးခြောက်များနှင့်အတူ တွေ့ရစဉ်။**

# အပ်နှံထားသည့်ကားကိုယူ၍ တိမ်းရှောင်မှုဖြစ်ပွား



**လားရှိုး ဇန်နဝါရီ ၁၅**

လားရှိုးမြို့တွင် ယုံကြည်စွာအပ်နှံထားသော ကားကိုယူ၍ ထွက်ပြေးတိမ်းရှောင်နေမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လားရှိုးမြို့ ရပ်ကွက်(၁) နယ်မြေ(၁) နေ ဦးသန်းစိုးမင်း(ခ) ဦးသန်းစိုးက ၎င်းနှင့်ခင်မင်ရင်းနှီးသူ လားရှိုးမြို့ ရပ်ကွက် (၈) နယ်မြေ (၃) နေ ဦးမြင့်လှိုင်အား ကားတစ်စီးဝယ်စီးရန် အကြံပေး၍ ကားဝယ်ရန် ရန်ကုန်မြို့အရောက်တွင် ဦးသန်းစိုးမင်း(ခ)ဦးသန်းစိုးက ငွေကျပ်သိန်း ၁၇၀ ကို ၎င်းအားပေးထားရန် ပြောသဖြင့် ဦးမြင့်လှိုင်က ပေးအပ်ထားခဲ့သည်။

ရန်ကုန်မြို့ရှိ ကားအရောင်းပြခန်းတစ်ခုမှ TOYOTA SUCCEED အဖြူရောင် ယာဉ်အမှတ် 9J/..... ကားကို ဦးမြင့်လှိုင်က ဝယ်ယူခဲ့ရာ ကားအရောင်းအဝယ်စာချုပ်တွင် ဦးသန်းစိုးမင်း(ခ) ဦးသန်းစိုးက စာချုပ်သက်သေအဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့မှ လားရှိုးမြို့အထိ ဦးသန်းစိုးမင်း(ခ) ဦးသန်းစိုးကပင် ကားကို မောင်းနှင်ယူဆောင်လာခဲ့ပြီး ဦးမြင့်လှိုင်မှာ ကားမမောင်းတတ်သေးသဖြင့် ကားကို ဦးသန်းစိုးမင်း(ခ) ဦးသန်းစိုးထံတွင် အပ်နှံထားပြီး ယာဉ်မောင်းသင်တန်း တက်ရောက်ခဲ့သည်။

နောက်ပိုင်းတွင် ကားကို ကိုယ်တိုင်မောင်းနှင် လေ့ကျင့်ရန်အတွက် ပြန်လည်သွားရောက်ယူဆောင်ရာ ဦးသန်းစိုးမင်း(ခ) ဦးသန်းစိုးက ပြန်လည်ပေးအပ်ခြင်း မရှိတော့ဘဲ ကားနှင့်အတူ လားရှိုးမြို့မှ တိမ်းရှောင်သွားခဲ့သည်။

ထို့ကြောင့် ယုံကြည်စွာအပ်နှံထားသောကားကို ပြန်လည်အပ်နှံခြင်းမရှိဘဲ တိမ်းရှောင်နေသူ ဦးသန်းစိုးမင်း (ခ) ဦးသန်းစိုးအား ဦးမြင့်လှိုင်က လားရှိုးမြို့မရဲစခန်းတွင် တိုင်ကြားခဲ့ရာ အမှုဖွင့်ထားကြောင်း သိရသည်။

ကားနှင့်အတူ တိမ်းရှောင်နေသူ ဦးသန်းစိုးမင်း (ခ) ဦးသန်းစိုးကို ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့က စုံစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

လူထု
သံပန်း၊ သံတံခါး၊ လိပ်တံခါး၊
အလူမီနီယံ စတီးလုပ်ငန်း
ဖုန်း-09-5008411, 09-5031107,
-09-798417517

The VOICE
weekly

အပတ်စဉ်
စနေနေ့တိုင်း
ထွက်ပြီ
သတင်း ; 01 - 242424, 389207, 09 9772 04248. .
ကြော်ငြာ ; 09 4211 07770, 09 517 6835.
ဖြန့်ချိရေး ; 09 4211 18327.
website ; http//www.thevoicemyanmar.com

ဆရာချမ်းဇော်ထက် January လထုတ်
EVER ENGLISH ထွက်ပြီ
မြန်မာ့ပထမဆုံး DVD ခွေပါ 5 Skills မဂ္ဂဇင်း
အသံဖိုင် (Audio)နှင့် ရုပ်သံဖိုင် (Video)(၅၀)ကျော်
ပါရှိသဖြင့် လွယ်ကူထိရောက်စွာ လေ့ကျင့်နိုင်ပါသည်
၁၈၀၀ ကျပ် | ချမ်းဇော်ထက်စာပေ (၀၉ ၇၃၁၀၉၄၄၆)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်-၈၄၆၊ ဧရိယာအကျယ်အဝန်း(၀. ၀၅၅)ဧကရှိသော နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်းတွင် အမည်ပေါက် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းဝင်း[၁၂/တမန(နိုင်)၀၄၈၂၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါ၍ ယခုအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မမ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၁၃)**
**အမှတ်-၅၀၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၉၉၉၀၇**

## ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကန်တော့ခံသက်ကြီး ပုဂ္ဂိုလ်များနှင့် အသင်းဝင်များ(မပျက်မကွက်)တက်ရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၄-၁-၂၀၁၆ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀ နာရီ
ကျင်းပမည့်နေရာ - ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတိုက်၊ ဆည်မြောင်းဝင်း(၈)မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ်(၄) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(တစ်ဦးချင်းသီးခြားဖိတ်ကြားစာမပို့ပါ) အမှုဆောင်အဖွဲ့

## ၁၉၆၉-ခုနှစ်၊ U.T.C ကျောင်းသားများ၏ ပဉ္စမအကြိမ် တွေ့ဆုံပွဲဖိတ်ကြားခြင်း

အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေးတပ် ရန်ကုန်သို့ ၁၉၆၉ ခုနှစ်တွင် ဝင်ရောက်ခဲ့ကြသော သူငယ်ချင်းများ၏ ပဉ္စမအကြိမ်တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ။)

**အစီအစဉ်**

ကျင်းပမည့်နေ့ရက် - ၃၁-၁-၂၀၁၆ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ညနေ ၅း၃၀နာရီ
ကျင်းပမည့်နေရာ - "တော်ဝင်နှင်းဆီ"အဆင့်မြင့် စားသောက်ဆိုင် ၂၂၁/၂၂၃၊ ရွှေဂုံတိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် - ကျော်ဇေယျ ဖုန်း-၀၉-၅၀၀၇၈၄၉၊
စိုးညွန့်(တော်ဝင်နှင်းဆီ) ဖုန်း-၀၉-၅၀၁၃၆၂၃၊
ဇော်ယု ဖုန်း-၀၉-၅၅၀၅၀၈၄၊ ထွန်းဝင်း ဖုန်း-၀၉-၅၁၂၉၀၅၂၊
အောင်ဌေး ဖုန်း-၀၉-၇၃၁၇၂၃၉၆

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဗိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး

**နိဒါန်း**

တောင်အာဖရိကနိုင်ငံရဲ့ အမှန်တရားနဲ့ ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင်အကြောင်းလေးကို မသိသေးတဲ့သူတွေသိရအောင် ပြန်ဆိုတင်ပြချင်ပါတယ်။ သိပြီးသားပုဂ္ဂိုလ်များအတွက် မရည်ရွယ်ပါဘူး။ ဒါပေမယ့် အနည်းအပါးကြားဖူးပင် ကြားဖူးသော်ငြား အသေးစိတ်မသိကြသူများအတွက်တော့ တစ်နည်းတစ်ဖုံ အသုံးတည့်တန်ကောင်းရဲ့လို့လည်း မျှော်လင့်မိပါတယ်။

TRC လို့ အတိုကောက်ခေါ်တဲ့ အဲဒီကော်မရှင်ဟာ ၁၉၉၅ ခုနှစ်မှာ ပေါ်ပေါက်လာခဲ့တဲ့ တောင်အာဖရိကနိုင်ငံအစိုးရသစ်က ဖွဲ့စည်းပေးခဲ့တဲ့ တရားရုံးလို အဖွဲ့အစည်းဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ အသားအရောင်ခွဲခြားမှုကာလတလျှောက် ပေါ်ပေါက်ခဲ့လေသမျှ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်တဲ့ အမှန်တရားကို ဖော်ထုတ်ခြင်းအားဖြင့် ပြန်လည်ရင်ကြားစေ့ရေးကို ဖော်ဆောင်ပြီး တိုင်းပြည်ကို ကုစားဖို့ပဲဖြစ်ပါတယ်။

ထူးခြားတဲ့အချက်ကတော့ ခံလိုက်ရသူတွေဆီကရော ကျူးလွန်ခဲ့ကြသူတွေကဆီကပါ သက်သေခံအထောက်အထားတွေ စုဆောင်းပြီး အချက်အလက်တွေဖော်ထုတ်ဖို့သာဖြစ်ပြီး ကျူးလွန်ခဲ့ကြတဲ့ ပြစ်မှုများအတွက် သက်ဆိုင်သူတွေကိုအရေးယူဖို့ မဟုတ်တာပါပဲ။ သည်အချက်ဟာ ဒုတိယကမ္ဘာစစ်အပြီး နာဇီတွေကို တရားစွဲဆိုအရေးယူခဲ့တဲ့ နျူရင်ဘတ်တရားရုံးနဲ့ အဓိကကွာခြားတဲ့ အချက်ဖြစ်ပါတယ်။

**နောက်ခံအကြောင်း**

၁၉၉၀ ပြည့်နှစ်မှာ လွတ်မြောက်ရေး လှုပ်ရှားမှုတွေ၊ အတိုက်အခံနိုင်ငံရေးပါတီတွေကို အဲဒီအချိန်က သမ္မတ အက်(ဖ်)[1] ဒဗလျူ ဒ ခလာ့(ခ်)က ပြန်လည်ခွင့်ပြုလိုက်တာ၊ နယ်(လ်)ဆင်(န်) မယ်(န်)ဒဲလားကို ထောင်သွင်းအကျဉ်းချထားရာက လွှတ်ပေးလိုက်တာ၊ တောင်အာဖရိကနိုင်ငံမှာ အရေးပေါ်အခြေအနေကြေညာထားတာကို ဖယ်ရှားပေးလိုက်တာများက အဲဒီနိုင်ငံမှာ နှစ်ပေါင်း ၃၀၀ ကျော်တာရှည်နေခဲ့တဲ့ ဗိုလ်ကျစိုးမိုးမှု၊ အသားအရောင်ခွဲခြားမှုများကို တွန်းလှန်တိုက်ခိုက်နေတာများကို အဆုံးသတ်သွားစေခဲ့သလို အဲလို တွန်းလှန်တိုက်ခိုက်နေသူများနဲ့ အသားအရောင်ခွဲခြားရေး အစိုးရတို့ကြားမှာ ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် ရလာအောင် ညှိနှိုင်းဆွေးနွေးနိုင်ရေးအတွက် လမ်းစဖော်ပေးနိုင်ခဲ့ပါတယ်။

ညှိနှိုင်းမှုများကနေ နိုင်ငံရဲ့ပထမဦးဆုံးသော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲကျင်းပမယ့် နေ့ရက် သတ်မှတ်ဖို့ရယ်၊ ယာယီဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲဖို့ရယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေ ထွက်လာခဲ့ပါတယ်။ သို့ပင်သို့ငြား ယာယီအခြေခံဥပဒေကို အပြီးသတ်ဖို့ကျတော့ အတားအဆီး တစ်ခုကရှိနေတယ်။ အဲဒါကတော့ အသားအရောင်ခွဲခြားမှုစိုးမိုးနေတဲ့ ကာလများမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပြင်းပြင်းထန်ထန်ကျူးလွန်ခဲ့ကြရာမှာ ပြစ်မှုထင်ရှားသူများကို ဘယ်လိုတာဝန်ယူခိုင်းမှာလဲဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

ညှိနှိုင်းဆွေးနွေးနေတုန်းမှာပဲ ပေါ်လွင်လာတဲ့အချက်က နိုင်ငံရေးအခွင့်အရေးတွေရှိလာတာနဲ့တကွ သမ္မတ ဒ ခလာ့(ခ်) ကို သစ္စာမခံလိုကြတဲ့ လုံခြုံရေးတပ်ဖွဲ့ထဲကတပ်ဖွဲ့ဝင်အများအပြားဟာ နိုင်ငံတည်ငြိမ်ရေးအတွက် အဓိက အတားအဆီး ဖြစ်နေတယ်ဆိုတာပါပဲ။ သူတို့တောင်းဆိုကြတာက အတိတ်က ဖြစ်ရပ်တွေကို ပြည်ဖုံးကားချပြီး အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ကို သမ္မတက ထုတ်ပြန်ပေးဖို့ပါပဲ။ လွတ်မြောက်ရေးလှုပ်ရှားမှု တွေကြားမှာကျပြန်တော့လည်း နျူရင်ဘာ့(ဂ်) တရားရုံးနည်းတူ အတိတ်ကပြစ်မှုများကို အရေးယူသင့်တယ်ဆိုတဲ့အမြင်က လွှမ်းမိုးနေပြန်တယ်။

အသားအရောင်ခွဲခြားရေးအစိုးရဘက်က ညှိနှိုင်းဆွေးနွေးသူတွေက ယာယီအခြေခံဥပဒေမှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို အာမခံချက်ပေးတာကို ထည့်သွင်းသင့်တယ်လို့ အကြောက်အကန်ပြောကြတယ်။ အဲဒီ လွတ်ငြိမ်းချမ်းသာခွင့်သာ မရေရာလို့ကတော့ အသားအရောင်ခွဲခြားတဲ့ အစိုးရဟာ အာဏာကိုစွန့်မယ့် အလားအလာမရှိတာလည်း အမှန်ပါပဲ။

သည်လွတ်ငြိမ်းချမ်းသာခွင့်ကိစ္စဟာ တောင်အာဖရိကနိုင်ငံ ဒီမိုကရေစီနိုင်ငံ၊ အခြေခံဥပဒေနဲ့ ညီညွတ်တဲ့နိုင်ငံဆီသွားရာလမ်းကိုဖော်ဆောင်တဲ့ ယာယီအခြေခံဥပဒေမှာ ပါဝင်ရမယ့် အရေးကြီးတဲ့အချက်ဖြစ်နေပါတော့တယ်။

> ကျူးလွန်ခဲ့သမျှကို ဝန်သာခံလိုက်ပါ။ အဲဒါဆိုရင် ဘာဆိုဘာမှ အရေးမယူတော့ပါဘူး လို့ လုပ်လိုက်တာပါပဲ။ တစ်ဖက်က ဝန်ခံဖြောင့်ချက်ပေးနေမှတော့ ခံလိုက်သူတွေလည်း အပြည့်အဝမဟုတ်တောင် တစ်စိတ်တစ်ပိုင်းတော့ စိတ်အထာကျသွား



## တောင်အာဖရိကနိုင်ငံ၏ ဝက်သားတုံးကြီး ဒူးလောက် ပေါင်လောက်...

**ဆူဗိုနင်**

**ကော်မရှင်ဖွဲ့စည်းခြင်း၊ ကော်မရှင်ရဲ့ အခွင့်အာဏာ**

အမှန်တရားနဲ့ ပြန်လည်ရင်ကြားစေ့ရေးကော်မရှင်ဟာ လူထုရဲ့ ပါဝင်ဆောင်ရွက်မှုရှိစေလိုတဲ့ စေတနာနဲ့ ပေါ်ပေါက်လာခဲ့တာပါ။ လွတ်ငြိမ်းချမ်းသာခွင့်ပေးရုံသာမကဘဲ အတိတ်က ကျူးလွန်မှုတွေနဲ့ ပတ်သက်တဲ့ တာဝန်ယူမှုလည်းရှိစေ၊ ခံလိုက်ရသူများအတွက်လည်း ကုစားမှုတစ်ခုခု ရစေရေးအတွက် တောင်အာဖရိကနိုင်ငံသားတွေနဲ့တကွ နိုင်ငံတကာ အသိုင်းအဝိုင်းကသဘောထားတွေ စုံစုံလင်လင်ရအောင် အစိုးရသစ်က အားထုတ်ခဲ့ပါတယ်။ လူ့အခွင့်အရေး အကျိုးတော်ဆောင်များအပါဝင် အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်းတွေ၊ ဘာသာရေးအဖွဲ့အစည်းတွေ၊ ခံထားခဲ့ရသူတွေ စုပေါင်းပြီး မဟာမိတ်အဖွဲ့အစည်းပေါင်း ၅၀ လောက်ပေါ်ထွန်းလာခဲ့တယ်။ အဲဒီအဖွဲ့တွေက အမှန်တရားကော်မရှင်ရဲ့ အားသာချက်တွေကို လူသိရှင်ကြား ဆွေးနွေးခဲ့ကြပါတယ်။

အဲဒီလို ဆွေးနွေးတာကိုက တစ်နှစ်တာ ကြာခဲ့ပြီး အဆုံးမှာတော့ ၁၉၉၅ ခုနှစ် နိုင်ငံလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုနဲ့ ပြန်လည်ရင်ကြားစေ့မှု မြှင့်တင်ဖော်ဆောင်ရေးအက်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတော့တယ်။ သည်ဥပဒေက ကော်မရှင်ကို ဖွဲ့စည်းပေးပါတယ်။

အက်ဥပဒေအရ သည်ကော်မရှင်ကို အဖွဲ့ဝင် ၁၇ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ ကော်မရှင်ရဲ့ တာဝန်ကတော့ ၁၉၆၀ ပြည့်နှစ်မှသည် ၁၉၉၄ ခုနှစ်အတွင်းပေါ်ပေါက်ခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို စုံစမ်းစစ်ဆေးဖို့ပါပဲ။ အဲသလို စုံစမ်းစစ်ဆေးရာမှာ ကျူးလွန်ဖြစ်စေခဲ့တဲ့ ပတ်ဝန်းကျင်အခြေအနေ၊ အကြောင်းအချက်တွေ၊ အနေအထားတွေကိုပါ ထည့်သွင်းဖော်ထုတ်ရမှာဖြစ်ပါတယ်။ ခံထားရသူတွေအနေနဲ့လည်း သူတို့ဘက်က အခြေအနေတွေကို ပြောခွင့်ပေးရမှာ ဖြစ်ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်ကိုလည်းပေးရမယ်။ အတိတ်ကဖြစ်ရပ်ကို သမိုင်းမှတ်တမ်းအဖြစ် ဘယ်ဘက်မှမလိုက်ပဲ ပြုစုထားရမယ်။ ပြီးတော့ ကုစားပေးနိုင်မယ့် မူဝါဒတစ်ခုကိုလည်း ရေးဆွဲရမှာ ဖြစ်ပါတယ်။ အားလုံးပြီးသွားပြီဆိုရင်တော့ ကော်မရှင်က အပြီးသတ် အစီရင်ခံစာထုတ်ပြန်ရမှာပါ။ အစီရင်ခံစာမှာ ကော်မရှင်ရဲ့ လုပ်ဆောင်ချက်၊ တွေ့ရှိချက်တွေကို ပြည့်ပြည့်စုံစုံ ဖော်ပြရမှာဖြစ်သလို နောက်ပိုင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ နောက်ထပ် မပေါ်ပေါက်စေရေးအတွက် ကာကွယ်တားဆီးနိုင်မယ့် နည်းလမ်းများကိုလည်း အကြံပြုပေးရမှာဖြစ်ပါတယ်။

အဲဒီရည်မှန်းချက်များကို ဖော်ဆောင်နိုင်ဖို့အတွက် အက်ဥပဒေက ကော်မတီသုံးရပ်ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှု (စုံစမ်းရေး)ကော်မတီ၊ ကုစားရေးနဲ့ပြန်လည်ထူထောင်ရေးကော်မတီ၊ လွတ်ငြိမ်းချမ်းသာခွင့်ကော်မတီတို့ပါပဲ။ ကော်မရှင်အဖွဲ့အဝင်တွေရွေးချယ်ဖို့ကိုတော့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမည်စာရင်းတင်သွင်းဖို့ လမ်းဖွင့်ပေးခဲ့ပြီး နိုင်ငံအတွင်းက နိုင်ငံရေးပါတီများအားလုံး၊ အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်းတွေ၊ ဘာသာရေးအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ ပါဝင်တဲ့ မိခိုမှုကင်းရှင်း လွတ်လပ်သောခုံအဖွဲ့က အဲဒီအမည်စာရင်းတင်သွင်းခံရသူတွေကို လူသိရှင်ကြား တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ အဲဒီအချိန်က တောင်အာဖရိကနိုင်ငံသမ္မတက ကော်မရှင်ဥက္ကဋ္ဌအဖြစ် သာသနာပိုင်ချုပ် ဒက်စ မန်(ဒ်) တူးတူး (လူမည်း)ကို ခန့်ထားခဲ့သလို ဒုတိယဥက္ကဋ္ဌအဖြစ် အဲလက်(ခ်)(စ်) ဘိုရိန်း (လူဖြူ)ကို ခန့်ထားခဲ့ပါတယ်။ ဒုဥက္ကဋ္ဌဟာ လူဖြူဖြစ်ပင်ဖြစ်သော် ငြားလည်း ခရစ်ယာန် မက်သဒစ် အသင်းတော်ရဲ့ ဘုန်းတော်ကြီးဖြစ်ဖူးသလို အသားအရောင်ခွဲခြားရေး အစိုးရလက်ထက်မှာ လွှတ်တော်ကိုယ်စားလှယ်လည်း ဖြစ်ခဲ့ဖူးသူပါ။ သို့ပေမယ့် ၁၉၈၆ ခုနှစ်မှာ ရာထူးကနုတ်ထွက်ခဲ့ပြီး အဲဒီအချိန်ကစလို့ အသားအရောင်ခွဲခြားမှု အဆုံးသတ်ရေးအတွက် ဆော်ဩလှုပ်ရှားခဲ့ဖူးသူလည်းဖြစ်ပါတယ်။

**ကော်မရှင်ရဲ့ ဆောင်ရွက်ချက်**

ကော်မရှင်ရဲ့ အဓိကအလေးထားမှုကတော့ ခံလိုက်ရသူတွေပါပဲ။ ခံလိုက်ရသူတွေဆီက ထွက်ဆိုချက်ပေါင်း နှစ်သောင်း နှစ်ထောင်ကျော်ကို ကော်မရှင်က လက်ခံရရှိခဲ့ပါတယ်။ အဲဒါတွေနဲ့ပတ်သက်လို့ ကော်မရှင်က လူသိရှင်ကြားကြားနာပါတယ်။ လူ့အခွင့်အရေးကို ပြင်းပြင်းထန်ထန် ချိုးဖောက်မှုအတွက် သက်သေခံချက်၊ ထွက်ဆိုချက်တွေကို ခံလိုက်ရသူတွေက အဲဒီကြားနာမှုတွေမှာ တင်ပြကြပါတယ်။ အက်ဥပဒေအရ လူ့အခွင့်အရေးပြင်းပြင်းထန်ထန် ချိုးဖောက်မှုကို ဖွင့်ဆိုထားတာကတော့ အသားအရောင်ခွဲခြားမှု အစိုးရလက်ထက်မှာ နှိပ်စက်ညှဉ်းပမ်းမှု၊ သတ်ဖြတ်မှု၊ ပျောက်ဆုံးမှု၊ အဓမ္မခေါ်ဆောင်မှု၊ ပြင်းထန်တဲ့ အနိုင်ကျင့်မှုများပဲဖြစ်ပါတယ်။

အစိုးရက ကျူးလွန်ခဲ့တာမဟုတ်ဘဲ လွတ်မြောက်ရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့ကြတဲ့ အာဖရိကနိုင်ငံလုံးဆိုင်ရာကွန်ဂရက်၊ အင်ကာသာ လွတ်မြောက်ရေးပါတီ၊ အာဖရိကတစ်ခွင်လုံး ကွန်ဂရက်အစရှိသော အုပ်စုအဖွဲ့ဝင်တွေ၊ ခေါင်းဆောင်တွေ ကျူးလွန်ခဲ့ကြတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ခံစားခဲ့ကြရသူတွေကလည်းပဲ ကော်မရှင် ရှေ့မှောက်ကို ရောက်လာခဲ့ကြပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်အတွက် လျှောက်လွှာပေါင်း ခုနစ်ထောင်ကျော်ကို ကော်မရှင်က လက်ခံရရှိခဲ့ပြန်သလို လွတ်ငြိမ်းချမ်းသာခွင့်အတွက် ကြားနာမှုပေါင်း နှစ်ထောင့်ငါးရာကျော်ကိုလည်း လုပ်ခဲ့ရပါတယ်။ အသားအရောင်ခွဲခြားမှုကာလအတွင်း ကျူးလွန်ခဲ့တဲ့ ပြစ်မှုပေါင်း ထောင်သောင်းအတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေါင်း ၁၅၀၀ ကို ကော်မရှင်က ပေးအပ်ခဲ့ပါတယ်။

သည်ကော်မရှင်ရဲ့ အရေးကြီးတဲ့ အင်္ဂါရပ်ကတော့ ပွင့်လင်းမြင်သာမှုနဲ့ လူတိုင်းအတွက် လမ်းဖွင့်ပေးထားမှုပါပဲ။ ကော်မရှင်ကကျင်းပတဲ့ လူသိရှင်ကြားကြားနာမှုများအားလုံးရဲ့ ရည်ရွယ်ချက်ကတော့ အသားအရောင်ခွဲခြားမှုကာလအတွင်း ကျူးလွန်ခဲ့တဲ့ လူမဆန်မှုတွေကို နိုင်ငံသားတိုင်းသိရှိလာစေရေးသာဖြစ်ပါတယ်။

**စိန်ခေါ်မှုနဲ့ အကန့်အသတ်များ**

နိုင်ငံတွင်း ပဋိပက္ခမှာ ပါဝင်ခဲ့ကြတဲ့ဘက်အားလုံးက သည်ကော်မရှင်ကို လက်မခံတာမို့ ကော်မရှင်ဟာ စိန်ခေါ်မှုအတော်များများနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ထိပ်တန်းတပ်ခေါင်းဆောင်တွေက ကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့ကြပါဘူး။ လုံခြုံရေးတပ်ဖွဲ့တွေမှာ ပါဝင်ခဲ့တဲ့ တပ်သားတွေ၊ ထောင်ထဲရောက်နှင့်နေသူတွေ၊ အမှုရင်ဆိုင်နေရသူတွေကသာ လွတ်ငြိမ်းချမ်းသာခွင့်ကို လျှောက်ထားခဲ့ပါတယ်။ အရင်အစိုးရလက်ထက်က ထိပ်တန်းနိုင်ငံရေးသမားတွေ၊ လုံခြုံရေးတပ်ဖွဲ့တွေက ထိပ်တန်းခေါင်းဆောင်တွေကတော့ မလျှောက်ထားပါဘူး။

လွတ်မြောက်ရေး လှုပ်ရှားမှုမှာ ပါဝင်ခဲ့ကြသူတွေကလည်းပဲ သူတို့က "တရားသောစစ်"ကို ဆင်နွှဲခဲ့ကြတာ၊ သူတို့လုပ်ခဲ့တာတွေက လူ့အခွင့်အရေးချိုးဖောက်တာ မဟုတ်တာမို့ လွတ်ငြိမ်းချမ်းသာခွင့် လျှောက်စရာမလိုဘူးလို့ စောဒက တက်ခဲ့ကြပါတယ်။ အတော့်ကို ဖျောင်းဖျယူတော့မှ အဲဒီလူတွေဟာ လွတ်ငြိမ်းချမ်းသာခွင့်လုပ်ငန်းစဉ်မှာ ပါဝင်လာခဲ့ကြတာပဲ ဖြစ်ပါတယ်။

ကော်မရှင်ရဲ့ အဓိကအားနည်းချက်ကတော့ အသားအရောင်ခွဲခြားရေး အစိုးရရဲ့ မူဝါဒကို သိပ်အလေးအထားခဲ့တာပါပဲ။ တကယ်တော့ အသားအရောင်ခွဲခြားရေး မူဝါဒရဲ့ သက်ရောက်မှု၊ ရိုက်ခတ်မှုများကြောင့်သာ သည်လို ကျူးလွန်သူတွေ လိုအပ်ခဲ့တာပါ။ တစ်နည်းအားဖြင့် သည်မူဝါဒချမှတ်သူတွေက တကယ့် မောင်းခလုတ်ကို ဖြုတ်သူတွေပါပဲ။ သည်လူတွေက နိုင်ငံကို အရှုံးရစေခဲ့တာကို ကော်မရှင်က တိတိပပ မဖော်ထုတ်နိုင်ခဲ့သလို အသားအရောင်ခွဲခြားရေးကနေ အမြတ်ထွက်ခဲ့သူတွေလည်း ဘာတာဝန်မှ ခံစရာမလိုဘဲ အသာလေးရှောင်ထွက်သွားစေနိုင်ခဲ့ပါတယ်။ လူမျိုးရေးခွဲခြားမှု အာဏာနဲ့ လူမျိုးရေးခွဲခြားမှု အခွင့်ထူးတို့ကြားက အဆက်အစပ်က မှေးမှိန်သွားခဲ့ပါတယ်။

ကော်မရှင်ရဲ့ အစဉ်အလာကို ပျက်ယွင်းစေခဲ့တဲ့ အချက်ကလည်း ရှိပါသေးတယ်။ အဲဒါကတော့ မယ်(န်)ဒဲလားနောက် တက်လာတဲ့အစိုးရက ကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်ရာမှာ လေးလံနှေးကွေးနေခဲ့တာပါပဲ။ ၂၁ ရာစုရဲ့ ပထမဆယ်စုနှစ် အကုန်အထိဆိုရင် ကော်မရှင်ရဲ့ အကြံပြုချက်တွေထဲက မဆိုစလောက် အနည်းငယ်မျှကိုသာ အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့် မလျှောက်ထားခဲ့သူတွေကို တရားစွဲတာတွေ၊ ကော်မရှင်က လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့တာတွေလည်း အင်မတန်မှ နည်းပါးလှပါတယ်။

အဲလို အရေးမယူနိုင်ခဲ့တဲ့အတွက် ခံလိုက်ရသူအများအပြားမှာ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ဖြစ်ကုန်ကြသလို အစိုးရဟာဖြင့်ရင် ဒဏ်မခတ်ရေးကို အလေးပေးတယ်၊ အသားအရောင်ခွဲခြားရေးမှာ အမြတ်ထွက်ခဲ့ကြသူတွေကို သူတို့လုပ်ခဲ့တာတွေအတွက် ဘာတာဝန်မှမယူစေဘဲ လွှတ်ပေးနေတယ်လို့ မြင်ကုန်အောင် အားပေးသလိုလည်း ဖြစ်ကုန်ပါတော့တယ်။

**အကဲဖြတ်ချက်**

အဲဒီ စိန်ခေါ်မှုတွေ၊ အကန့်အသတ်တွေ ရှိပင်ရှိခဲ့လင့်ကစား အမှန်တရားကော်မရှင်ဖွဲ့စည်းဖြစ်လာစေခဲ့တဲ့ ကနဦး ဆုံးဖြတ်ချက်ချမှတ်တဲ့ လုပ်ငန်းစဉ်အပါအဝင် လုပ်ငန်းစဉ်တိုင်းမှာ လူထုရဲ့ ပါဝင်မှုအရေးပါပုံကို ပြသနိုင်ခဲ့တဲ့အတွက် သည်ကော်မရှင်ကိုဖြင့် အောင်မြင်တဲ့ ကော်မရှင်အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုကြပါတယ်။ ကော်မရှင်ရဲ့ ကြားနာစစ်ဆေးမှုတွေကိုလည်း တစ်ကမ္ဘာလုံးက စိတ်ဝင်စားခဲ့ကြပါတယ်။ စိတ်ဝင်စားကြဆို ခံလိုက်ရသူတွေဘက်ကရော၊ ကျူးလွန်သူတွေဘက်ကပါ တင်ပြသမျှကို လူသိရှင်ကြား ကြားနာခဲ့တဲ့ ကမ္ဘာ့ပထမဆုံး စစ်ဆေးမှုဖြစ်နေလို့ပါပဲ။ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတာဟာ နိုင်ငံတကာဥပဒေနဲ့ မကိုက်ညီဘူးလို့ ယေဘုယျအားဖြင့် ယူဆကြလင့်ကစား တောင်အာဖရိကနိုင်ငံရဲ့ သည်ကော်မရှင်ကတော့ အခြေအနေသတ်မှတ်ချက်များနဲ့အညီ ပေးအပ်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်ဟာဖြင့်ရင် ကျူးလွန်သူများရဲ့ ဝန်ခံချက်ကို ရရှိရေးအတွက် အသုံးဝင်လှတဲ့ အပေးအယူတစ်မျိုးပဲဆိုတာကို ချိန်ဆဖြစ်လာအောင် အခြေခံဆင်ခြင်စရာတစ်ရပ်ကို ရရှိစေခဲ့ပါတယ်။

တောင်အာဖရိကနိုင်ငံရဲ့ အမှန်တရားနဲ့ ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင်ဟာ နျူရင်ဘာ့(ဂ်)တရားရုံး နည်းကနေ သိသိသာသာ ဖဲ့ခွာလိုက်တာပါပဲ။ ငြိမ်းချမ်းရေး၊ တရားမျှတမှုတို့ကို တည်ဆောက်ရာမှာ၊ လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်ခဲ့သူများကို တာဝန်ယူစေရာမှာ စံနမူနာသစ်တစ်ရပ်ကို ဖော်ဆောင်လိုက်တာလို့လည်း ဆိုနိုင်ပါတယ်။

**စာမျက်နှာ ၁၈ သို့**

ဖတ်စရာ

# ချောက်မြို့နယ်ရှိသမိုင်းဝင်ရွှေပုံတောင် ရန်အောင်မြင်စေတီတော်



**à** ကျော်စွာ(မကွေး)

မကွေးတိုင်းဒေသကြီး ချောက်မြို့မှ တစ်မိုင်ခန့်အကွာ ချောက်မြို့နှင့် စဉ့်ကူးမြို့အကြား ရွှေပုံတောင်ရပ်ကွက်ဘေး ဧရာဝတီမြစ်ကမ်းအနီး ပဗ္ဗတတောင်တော်ပေါ်တွင် ရွှေပုံတောင် ရန်အောင်မြင်စေတီတော်မြတ်ကြီးကို ကြည်ညိုဖွယ် ဖူးမြော်ရမည်ဖြစ်သည်။

ပုဂံမြို့တော်ဟောင်းမှတစ်ဆင့် ညောင်ဦးကားလမ်းအတိုင်း မော်တော်ကားဖြင့် လာရောက်ခဲ့လျှင် နာရီဝက်သာကြာပါသည်။ ချောက်မြို့မှလာလျှင် ကားမောင်းချိန် ၁၀ မိနစ်မျှသာ ကြာနိုင်ကြောင်း ဒေသခံများကပြောပြသည်။

ရွှေပုံတောင်ရန်အောင်မြင်စေတီတော်ကြီးကို အင်းဝခေတ် သက္ကရာဇ် ၈၆၇ ခုနှစ်တွင် ရွှေနန်းကြော့ရှင်နရပတိ စည်သူမင်းကြီးက တည်ထားခဲ့ပြီး၊ 'ဥဒ္ဒိဿ စေတီ'အမျိုးအစားဖြစ်သည်။ စေတီတော်ကြီး၏ ကျောက်စာကို ဘုရားကျွန် ငသီတော်ဆိုသူက မြစ်ထဲပစ်ချခဲ့၍ မတွေ့ရတော့ပေ။ စေတီတော်သမိုင်းနှင့် စပ်လျဉ်း၍ ရွှေပုံတောင် ဘုရားသမိုင်း၊ မူဟောင်း ၁၉၅၅ ခုနှစ်အပြင် မြန်မာ့စာပေသမိုင်းတွင် အထူးထင်ရှားလှသော မော်ကွန်းဖြစ်သည့် ပုံတောင်နိုင်မော်ကွန်းကို စာဆိုကဝိ ရှင်မဟာရဋ္ဌသာရက ရေးဖွဲ့ခဲ့သည်။

ဤနေရာဝန်းကျင်တွင် ဖြစ်ပွားခဲ့သော မြန်မာ့သမိုင်းဝင် အင်းဝခေတ်ရွှေပုံတောင်တိုက်ပွဲမှာလည်းထင်ရှားခဲ့သော တိုက်ပွဲဖြစ်သည်။

သက္ကရာဇ် ၈၆၃ ခုနှစ်တွင် နရပတိစည်သူမင်းသည် အင်းဝထီးနန်းကိုအုပ်စိုး၍ အလွန်တင့်တယ်သော နန်းတော်ကို ဆောက်လုပ်စံမြန်းတော်မူသောကြောင့် ရွှေနန်းကြော့ရှင်ဟူ၍ထင်ရှားခဲ့သည်။ နန်းတက်ပြီးလေးနှစ်အကြာ မိတ္ထီလာစားငတိုးတာနှင့် ညီပြေည့်ဝတို့က ပုန်ကန်ခြားနားသော ပြည်မင်းနှင့် တောင်ငူမင်းတို့ကိုခေါ်၍ နိုင်ငံတော်ဖြစ်သည့် စလေမြို့ကို ဝန်းရံကြသည်။

နရပတိစည်သူမင်းကြီးသည် ကုန်းဘောင်စော်ဘွား၏ညီတော် ဦးဆောင်သည့် ရှမ်းတပ်နှင့်အတူပူပေါင်း၍ ရေကြောင်း၊ ကြည်းကြောင်း စစ်ချီတော်မူသည်။ ပုံတောင်အရပ်ရောက်လျှင် ဆင်တော်စောရန်နင်းကိုစီး၍ ကိုယ်တော်တိုင်စီးချင်းထိုးတိုက်တော်မူသည်။ငါးလကြာမြင့်ပြီးမှ တိုက်ပွဲအောင်တော်မူခဲ့သည်။

ယင်းတိုက်ပွဲတွင် နရပတိစည်သူမင်းကြီး၏ စစ်သည်အင်အားအပြင် ရှမ်းတပ်ဘက်မှ စစ်သည်လေးသောင်း၊ တိုက်ဆင်အစီးခြောက်ဆယ်၊ စစ်မြင်းကောင်ရေသုံးထောင်ပါဝင်ခဲ့ပြီး ကြောက်ခမန်းလိလိပြင်းထန်ခဲ့သည်။

ယင်းအခါက ငြိမ့်ညောင်းသာယာစွာစီးဆင်းနေသော ရွှေပုံတောင်ဧရာဝတီသည် သွေးရောင်လွှမ်း၍ ကမ်းခြေ တစ်လျှောက် ခြေရာချစရာမရှိ အလောင်းချင်းထပ်၊ သွေးချင်းယှက်ခဲ့ပေသည်။ နရပတိစည်သူမင်းကြီးသည် စစ်၏အနိဋ္ဌာရုံမြင်ကွင်းကိုကြည့်ရင်း သံဝေဂဉာဏ်ဆင်ခြင်လျက် လူနတ်အများ ကုသိုလ်ပွားစေရန် ရန်သူအပေါင်းကိုအောင်မြင်ခဲ့သည့်တောင်ထိပ်တွင် ၈၆၇ ခုနှစ်၌ ရွှေပုံတောင်ရန်အောင်မြင်စေတီတော်မြတ်ကြီးကို တည်ထားတော်မူခဲ့သည်။

ရွှေပုံတောင်ဟု ခေါ်ဆိုရသည့် အကြောင်းမှာ အလောင်းစည်သူမင်းကြီး ဖောင်တော်ဖြင့် လှည့်လည်လာရာ ဤတောင်အနီးအရောက် ဆိုင်းသံဗုံသံများကြားရသဖြင့် တက်ရောက်ကြည့်ရှုစေလျှင် တစ်စုံတစ်ယောက်ကိုမျှမတွေ့ရ၊ ဗုံသံများကြားရသည်ကိုအစွဲပြု၍ ရှေးက ရွှေပုံတောင်ဟုခေါ်ခဲ့ရာမှ ရွှေပုံတောင်ဟူ၍ ပြောင်းလဲလာကြောင်း၊ နောက်မှုကွဲတစ်မျိုးမှာ ရှေးက ဤဝန်းကျင်တွင် အလှူပွဲရှိလျှင် ပုတီး၊ နားတောင်း၊ လက်ကောက် စသောအဆင်တန်ဆာတို့ကို ငှားရမ်းဝတ်ဆင်လိုသူတို့သည် ညအခါ၌ တောင်စောင့်နတ်များထံ လာရောက်ပန်ကြားပါက နံနက်လင်းလျှင် တောင်၏အနောက်ဘက်ရှိ ကျောက်ဖျာကြီးပေါ်တွင် အလိုရှိရာ ရွှေ ငွေ ပစ္စည်းများပုံလျက် တွေ့ရကြောင်း၊ အသုံးပြုပြီးလျှင်ပြန်ထားရကြောင်း၊ ထိုသို့ ရွှေများပုံလျက်တွေ့ရသောကြောင့် ရွှေပုံတောင်ဟုခေါ်ဆိုကြောင်း၊ လူများက ကတိသစ္စာမရှိ၍ ပြန်မထားသောကြောင့် ယခုအခါငှားရမ်း၍မရနိုင်တော့ကြောင်းသိရသည်။ (ရွှေပုံပေးသည်ဆိုသော ကျောက်ဖျာကြီးကို ယနေ့တိုင် တွေ့ရသေးသည်။)

ရွှေပုံတောင် ဒေသရပ်ဝန်းတွင် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကျောက်မေးရိုး၊ ကျောက်ခရု၊ ကျောက်ယောက်သွား၊ ကျောက်လိပ်နှင့် ကျောက်ဦးနှောက်များကို စိတ်ဝင်စားဖွယ် မြင်တွေ့ရကြောင်း ဒေသခံတွေက ပြောပြသည်။

ရွှေပုံတောင်စေတီကြီးသည် ကမ္ဘာစစ်မီးကြောင့် ရွှေသင်္ကန်းတော်များပျောက်၍ စစ်စီးသင်္ကန်းနှင့်သာ စံပယ်တော်မူနေရာမှ ၁၆၃၇ ခုနှစ်တွင် ပုဂံငလျင်နှင့်အတူ စေတီတော်အထက်ပိုင်းပြိုကျပျက်စီးခဲ့ရသည်။ ဘုရားပြိုရာမှ ဉာဏ်တော်ခြောက်လက်မခန့်ရှိသော ပဥ္စလောဟာဘုရား ၆၅ ဆူ၊ ဆံတော်စုများနှင့် အခြားဌာပနာသွင်း ပစ္စည်းများကို တွေ့ရှိခဲ့သည်။

၁၃၃၈ခုနှစ်တွင် ရွှေပုံတောင်ဆရာတော် ဦးပဏ္ဍိတဦးဆောင်၍ အများကောင်းမှုဖြင့် ရွှေထီးတော်သစ်တင်လှူ၍ ပြုပြင်မွမ်းမံခဲ့သည်။ ရွှေပုံတောင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို တော်သလင်း လပြည့်နေ့တွင် နှစ်စဉ်ကျင်းပပြီး၊ သံဃာတော်များအား ဆွမ်းကြီးလောင်းလှူလေ့ရှိကြောင်း သိရသည်။

လမ်းတစ်လျှောက် သဘာဝရှုခင်းတွေကို ငေးမောကြည့်ရှုနိုင်ပြီး တစ်ချိန်က ပူပြင်းခြောက်သွေ့ပြီး၊ မိုးခေါင်ရေရှားရပ်ဝန်း ဖြစ်သည့် ဒေသ၏ပြောင်းလဲလာမှုကို သတိပြုမိနိုင်သည်။

ယခုအခါ ရွှေပုံတောင်တန်းသည် အစိမ်းရောင် လွှမ်းစပြုနေသည်။ ရွှေပုံတောင်သည် စိမ်းရောင်စုံစပြုနေပေပြီ။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ကျေးဇူးကြောင့် ပြောင်းလဲလာစပြုနေပြီဖြစ်သော သဘာဝရှုခင်းများကိုကြည့်ရှုအပန်းဖြေရင်း သမိုင်းဝင် ရွှေပုံတောင် ရန်အောင်မြင်စေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်လေ့လာနိုင်ပါသည်။

## သုံးဘီး၊ မော်တော်ဆိုင်ကယ် ပြုပြင်ခြင်း သင်တန်းဆင်း

**မြစ်ကြီးနား ဇန်နဝါရီ ၁၅**

ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဦးစီးဖွင့်လှစ်သော သုံးဘီး၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်း ၉ နာရီက မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

သင်တန်းသို့ တက်ရောက်အောင်မြင်ပြီးစီးခဲ့သော သင်တန်းသား ၁၅ ဦးတို့ကို ပြည်နယ်ဦးစီးမှူး ဦးအောင်မောင်းနှင့် နည်းပြဆရာ ဦးမြင့်လွင်တို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းသင်တန်းကို နည်းပြဆရာ ဦးမြင့်လွင်ဦးစီးပြီး နည်းပြအဖွဲ့ဝင်များဖြင့် အဆိုပါ သုံးဘီး၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၈ရက်မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ ကိုယ်ပိုင်ဆိုင် ဖွင့်နိုင်စေရန် ရည်ရွယ်၍ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းအပြင် စိန်ဖရန်စစ်ဇေဗီယား မိဘမဲ့ကျောင်းမှ ကလေးငယ်များကို ထိုကျောင်းတွင် လက်ဆင့်ကမ်း ပြန်လည်သင်ကြားပေးနိုင်ရန်အတွက် နည်းပြအဆင့်သင်တန်းကိုလည်း တစ်လကြာ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းဆင်းပွဲသို့ ဦးအောင်မောင်း၊ ယက်ကန်းနှင့် သက်မွေးပညာသင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် နည်းပြ ဦးမြင့်လွင်၊ ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

မင်းရာဇာ(မြစ်ကြီးနား)

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းချုပ်ဆိုသည့် အခွန်ထမ်းဆောင်ထိုက်သော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန် အသိပေးကြေညာခြင်း

၁။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် ပုဂ္ဂလိကကုမ္ပဏီများနှင့်ချုပ်ဆိုခဲ့သော လုပ်ငန်းသဘောတူစာချုပ်၊ စာတမ်းအမျိုးမျိုးတို့အနက် တည်ဆဲဥပဒေများနှင့်အညီ ကျသင့်သည့်တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသော စာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန် ထမ်းဆောင်မှုမရှိသော စာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားမှုမရှိခြင်း(သို့မဟုတ်) တံဆိပ်ခေါင်းလျော့နည်း ထမ်းဆောင်ထားသောစာချုပ်များကို တည်ဆဲတံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးသော စာချုပ်စာတမ်းများဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန် ဒဏ်ကြေးကင်းလွတ်ခွင့်ကာလကို ၃၁-၃-၂၀၁၆ရက်အထိ သတ်မှတ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့် လုပ်ငန်းသဘောတူစာချုပ်များချုပ်ဆိုခဲ့သော်လည်း ကျသင့်သည့်တံဆိပ်ခေါင်းခွန် ပြည့်ဝစွာထမ်းဆောင်ထားမှုမရှိသောစာချုပ်များ၊ စာချုပ်ချုပ်ဆိုပြီး သတ်မှတ်ကာလအတွင်း တံဆိပ်ခေါင်းခွန်ထမ်းဆောင်မှုမရှိသောစာချုပ်များ၊ စာချုပ်သက်တမ်းကုန်ဆုံးပြီး စာချုပ်အသစ်ထပ်မံချုပ်ဆိုရာ၌ ယခင်စာချုပ်အဟောင်းများတွင် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ထားမှုမရှိခြင်း(သို့မဟုတ်)တံဆိပ်ခေါင်းခွန် လျော့နည်းထမ်းဆောင်ထားသော စာချုပ်များကို ဒဏ်ကြေးကင်းလွတ်စွာဖြင့် တံဆိပ်ခေါင်းခွန် ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ဆက်သွယ်၍ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၃။ တံဆိပ်ခေါင်းခွန် ဒဏ်ကြေးကင်းလွတ်ခွင့်သတ်မှတ်ကာလကျော်လွန်ပြီးပါက ထိုက်သင့်သော တံဆိပ်ခေါင်းခွန်ကပ်နှိပ်ထားမှုမရှိခြင်းနှင့် တံဆိပ်ခေါင်းခွန် ပြည့်ဝစွာ ထမ်းဆောင်ထားမှုမရှိသော စာချုပ်စာတမ်းများကို ထိုက်သင့်သော တံဆိပ်ခေါင်းခွန် (သို့မဟုတ်)လျော့နည်းထမ်းဆောင်ထား၍ ထပ်မံထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်အပြင် ၎င်းထိုက်သင့်သော သို့မဟုတ် လျော့နည်းထမ်းဆောင်သော တံဆိပ်ခေါင်းခွန်၏ (၁၀)ဆကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ၃၅(က) အရ ပေးဆောင် ရမည်ဖြစ်ပါသည်။

၄။ အဆိုပါ ဒဏ်ကြေးကင်းလွတ်ခွင့်ဖြင့် တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရာတွင် ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှ တံဆိပ်ခေါင်းများထုတ်ပေးခြင်းမပြုဘဲ ကျသင့်တံဆိပ်ခေါင်းခွန်ကို ချလန်ဖြင့် ပေးဆောင်စေပြီး မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ၄၂(၁)အရ မူရင်းစာချုပ်ပေါ်တွင် (Endorsement)ထပ်ဆင့်ရေးသားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ဘဏ္ဍာရေးဝန်ကြီးဌာန**


**7Stars(ရာထူးဝင်သင်တန်းကြီး)**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေါ်ယူသော
☆ အခြေခံသင်တန်းအင်ဂျင်နီယာ – ၅ ၅၇ နေရာ
☆ ၃ လ/ထောက်ပံ့ပစ္စည်းတာဝန်ခံဆောင်ရွက်ရေးမှူး ၃၀ နေရာ
☆ အခြေခံတန်းစာရေး ၈ နေရာ
အပြည့်စုံဆုံးမှတ်စုများ ရောင်းချပေးနေပါပြီ ။ နယ်သို့ပို့ပေးသည် ။
တိုက်(18 / 3B) ၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လုံးဝ) မရှိပါ ။
09.789107733, 09.780080052, 09421052736, 09.799860155



**မဏိစန္ဒာ**
**အမျိုးသမီးအပ်ချုပ်သင်တန်း**
ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ
အတတ်သင်ပေးသည်။
၁။ (က) ဘလောက်ဒီဇိုင်း ၂၀၀+ကုတ်ပုံဆန်း အမျိုးမျိုး (ခ) မြန်မာအင်္ကျီခါးတို (ဂ) ကလေးဝတ်စုံ (ဃ) ရှပ်+ကျောကင်+ဂျိုင်း (င) စကတ်အမျိုးမျိုး (စ) ဘောင်းဘီအမျိုးမျိုး
၂။ အိမ်အရောက်သင်တန်း၊ ညနေသင်တန်း၊ တနင်္ဂနွေသင်တန်း
၃။ ဇာကြိုးပန်းထိုး+လက်ချုပ်သင်တန်း၊ Handmade၊ စီကွင်း ကျောက်အလှဆင်၊ ကွန်ပျူတာပန်းထိုး၊ သတို့သမီး ထိုင်မသိမ်း နှင့် မြန်မာ့ဆွဲတက်ဝတ်စုံ
၄။ အိမ်တွင်း အသင့်ချုပ်နိုင်ရန် ညှပ်ပြီး ပုံဆန်းအမျိုးမျိုး ဝယ်ယူနိုင်ပါသည်။
၅။ နယ်ဝေးသူများအတွက် နေရေး စားရေး စီစဉ်ပေးသည်။
– ဆိုင်အမှတ် ၁။ အမှတ်(၆၅)၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
– ဆိုင်အမှတ် ၂။ အမှတ်(၁၀၄/၁၁၂)၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။
– ဆိုင်အမှတ် ၃။ အမှတ်(၁၀၅)၊ နိုင်ငံ့ဂုဏ်ရည်လမ်း၊ (ဗဟိုလမ်း)၊ ကမာရွတ်မြို့နယ်နှင့် အမှတ်–၁၊ လှည်းတန်းလမ်းမ၊ (၅)လွှာ၊ ကမာရွတ်မြို့နယ်။
ဖုန်း–၃၈၈၂၃၃၊ ၅၂၅၉၉၈၊ ၀၉၇၃၂၄၈၀၂၄၊ ၀၉၅၀၀၈၆၅၀၊ ၃၇၅၀၀၄


### နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ကိုရန်နောင်စိုး မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်)၀၇၀၄၀၄] နှင့် မနန်းချစ်စု မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်)၁၈၀၁၁၆] တို့သည် ၆-၁-၂၀၁၆ရက်တွင် တရားဝင်နှစ်ဦး သဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် နောက်နောင်တွင် ဖြစ်ပေါ်လာမည့် ပြဿနာများအား တစ်ဦးနှင့်တစ်ဦး လုံးဝမသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ကိုရန်နောင်စိုး[၁၂/အစန(နိုင်)၀၇၀၄၀၄]**


**ခေတ်ရွှေဆောင်** လက်မှတ်အိမ်အရောက်ပို့
၀၉ ၄၄၉၂၅၀၁၉၁၊ ၀၉ ၇၃၀၅၁၁၉၈ ၀၁-၅၁၉၈၅၀၊ ၀၉ ၄၂၀၀၅၆၆၉၃
(67/B) သရက်တော(၅)လမ်း၊ ကြည့်မြင်တိုင်။ Jan 22/ Feb 11, 12, 26/ March 20
ရွှေစက်တော်ပွဲ၊ ပုဂံ၊ ပဥ္စကျူ၊ တောင်ကြီး၊ သမ္ဗုဒ္ဓေ၊ မုံရွာ၊ အလောင်းတော်၊ ရွှေဘို၊ မန္တလေး၊ ကျောက်စိမ်း၊ ပြင်ဦးလွင်
(၅-ရက် ၅၅၀၀၀/–) မိုးကုတ်၊ ကင်းချောင်းရေတံခွန်၊ အညာသီဟတော၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ အင်းတော်ကြီး၊ ရွှေမဥ္ဇူဘုရားပွဲ၊ ဟိုပင်၊ မိုးကောင်း၊ ၁၂ ဒီး၊ မိုးကုတ်၊ လိုက်ဂူတော်၊ ကင်းချောင်းရေတံခွန်၊ အညာသီဟတော၊ ပြင်ဦးလွင်၊ မန္တလေးကျောက်စိမ်း [illegible]


### ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၃၀)ရပ်ကွက်၊ ဝေပုလ္လအိမ်ရာ(၁)၊ တိုက်အမှတ်(အေ-၅)၊ အခန်း (၂၀၂)နေ ဒေါ်နှင်းဝတ်ရည်အောင် [၁၂/ဥကမ(နိုင်)၂၀၂၇၄၁]သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အမှတ်တံဆိပ်အမည်အဖြစ် စာချုပ်မှတ်ပုံတင်အမှတ် ၄/၁၆၃၄၈/၂၀၁၅ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

WORLD ၄/၁၆၃၄၈/၂၀၁၅

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်ဖြင့် (ဒီဇိုင်းဖန်တီးမှုပညာသင်တန်း) လုပ်ငန်းနှင့် ပတ်သက်သည့် ကြော်ငြာဒီဇိုင်းမျိုးစုံတို့တွင် အသုံးပြုသွားမည့်အပြင် အဆိုပါတံဆိပ်အမှတ်အသားကို ရိုက်နှိပ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိသုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အတုအပ၊ ဆင်တူယိုးမှားပြုလုပ်ခြင်းတို့ကို မပြုလုပ်ရန် တားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဝင်း B.A, MA(F.I) R.L, D.E.S, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၀၈)**
**အမှတ်-၈၀၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉၇၃၀၀၆၄၂၈**

### ကွာရှင်းပြတ်စဲခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ မအေးအေးမာ[၁၂/ဗဟန(နိုင်)၀၁၁၈၃၃] နှင့် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါ၍ နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်မယူပါ။

ဦးအောင်မြင့်
[၁၂/ဗဟန(နိုင်)၀၁၂၆၂၆]

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ဒဂုံမြို့နယ်၊ (၆၇)ရပ်ကွက်နေ အမိ ဒေါ်သန်းသန်းနွဲ့ [၁၂/သကတ(နိုင်) ၁၀၁၁၁၆]၏သမီးဖြစ်သူ မနှင်းရီဝေ [၁၂/သလန(နိုင်)၁၂၆၇၄၂]သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

မိခင်-ဒေါ်သန်းသန်းနွဲ့

## ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သဘာဝရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ

**ဖလမ်း ဇန်နဝါရီ ၁၅**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင်လျန်းပေါင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၉ ရက် နံနက် ၁၀ နာရီက ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇန်မြို့နယ် ဆယ်ဘောက်အုပ်စု ဟားခါးလေးကျေးရွာရှိ သဘာဝရေဘေးသင့်ပြည်သူများနှင့် အဆိုပါကျေးရွာ ကယ်ဆယ်ရေးစခန်း၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝရေဘေးသင့်ပြည်သူများအတွက် ပြန်လည်နေရာချထားရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ကျန်းမာရေးနှင့် ပညာရေးအတွက်စီစဉ်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်၊ ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးနန်ဇမုန်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင်လျန်းပေါင်တို့သည် ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့တွင် သဘာဝဘေးသင့်ပြည်သူများမှ ပြန်လည်နေရာချထားပေးပြီးသော ပြည်သူများ၊ အမှတ် (၂) ကယ်ဆယ်ရေးစခန်းရှိ သဘာဝဘေးသင့်ပြည်သူများနှင့်တွေ့ဆုံခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်းသိရသည်။

**ခရိုင် ပြန်/ဆက်**

## မြေပဲမျိုးသန့်ထုတ် စံပြစိုက်ခင်း ဖြစ်ထွန်းမှု ကွင်းသရုပ်ပြသ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၏ ဦးဆောင်မှုဖြင့် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာအုပ်စု ကွင်းအမှတ် ၂၇၂၈ တောင်သူ ဦးကျော်စိုး၏ ငါးဧကစံပြကွက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေပဲမျိုးသန့် စံပြစိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှု ကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ဒုတိယပတ်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမြင့်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ လေ့လာကြည့်ရှုကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ဒေသခံတောင်သူများ မျိုးကောင်းမျိုးသန့် စိုက်ပျိုးနိုင်ရန် ယခုကဲ့သို့ မြေပဲမျိုးသန့်ထုတ် စံပြစိုက်ခင်းစိုက်ပျိုးရခြင်းဖြစ်ကြောင်း၊ စခန်းတာဝန်ခံဦးဌေးဝင်းက မျိုးသန့်ထုတ်စံပြစိုက်ခင်းအောင်မြင်ဖြစ်ထွန်းစေရန် စိုက်ပျိုးပုံအဆင့်ဆင့်အား ဒေသခံတောင်သူများအား ပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**၅၈၀**

# ဆောင်းရာသီတွင် ဂန္ဓမာပန်းကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေ



**ရေစကြို ဇန်နဝါရီ ၁၅**

ပန်းကို လူမျိုးတိုင်းနှစ်သက်မြတ်နိုးကြသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်များ၏ အိမ်ဦးခန်းဘုရားခန်းရှိ ဘုရားပန်းအိုးများတွင် ပန်းအမျိုးမျိုးတို့ဖြင့် မညိုးအောင်တင်လှူပူဇော်လှူဒါန်းလေ့ရှိကြသည်။

ထို့အပြင် ပန်းအမျိုးမျိုးကို အလှူပွဲ၊ မင်္ဂလာပွဲ၊ ဧည့်ခံပွဲ၊ အစည်းအဝေးပွဲများတွင်အသုံးပြုကြသလို အိမ်၏ ဧည့်ခန်းမများတွင်လည်း အလှစိုက်၍လည်းကောင်း အမျိုးသမီးများ၏ ခေါင်းတွင် ပန်ဆင်၍ လည်းကောင်း အမျိုးမျိုးအသုံးပြုကြသည်။

ထို့ကြောင့်လည်း ပန်းအမျိုးမျိုးကို စိုက်ပျိုးကြသူများသည် ဆယ့်နှစ်လရာသီတွင် ရာသီအလိုက် ပန်းအမျိုးမျိုးကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်စိုက်ပျိုးနေကြခြင်းဖြစ်သည်။

ရေစကြိုမြို့ ငါးရာပြည့်ရပ်ကွက်တွင် ရာသီအလိုက် ပန်းအမျိုးမျိုးကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေးကို များစွာအထောက်အကူပြုကြောင်း သိရသည်။

"ကျွန်တော်က အခုလို ဆောင်းရာသီမှာ ဂန္ဓမာပန်းကို အဓိကထားစိုက်ပျိုးပါတယ်။ ဂန္ဓာမာပန်းကတော့ အရင်းအနှီးနည်းနည်း၊ ကုန်ကျစရိတ်ကျဉ်းကျဉ်းနဲ့ စိုက်ပျိုးဖြစ်ထွန်းတဲ့ပန်းဖြစ်ပါတယ်။ အဓိကလိုအပ်ချက်ကတော့ သဘာဝမြေနဲ့ ရေပဲလိုပါတယ်။ ပိုးကျမှသာ ပိုးသတ်ဆေးဖြန်းပေးရပါတယ်။ ပိုးမကျရင် ဖြန်းစရာမလိုဘူး။ မြေဩဇာလည်းကျွေးစရာမလိုဘူး။ ဒါကြောင့် ကုန်ကျစရိတ်ကျဉ်းတယ်လို့ပြောတာပါ။

"နုန်းမြေနဲ့ပေါင်းတင်ပြီး စိုက်ရုံပါဘဲ။ ပျိုးပင်ကိုတော့ ပြင်ဦးလွင်က ဝယ်ယူရပါတယ်။ ပျိုးပင်တစ်ပင်ကို တစ်ဆယ်ကျပ် ပေးရတယ်။ ကိုယ်လိုချင်တဲ့မျိုးကို ဖုန်းဆက်ပြီးမှာရုံပဲ၊ ဂျပ်ဖာတွေနဲ့ ရေစကြိုအရောက်ပို့ပေးပါတယ်။ အခုလောလောဆယ် ပုလဲဖြူ ဂန္ဓာမာအပင် ၅၀၀၀ စိုက်ပျိုးထားပါတယ်။ ရောင်းတဲ့အခါကြတော့ အပွင့်ဈေးနဲ့ ရောင်းပါတယ်။ အပင်တစ်ပင်ဆိုရင် အနည်းဆုံးငါးပွင့်ကနေ အထက်ပွင့်ပါတယ်။ ဖောက်သည်ပေးရင်တစ်ပွင့် ကျပ် ၅၀၊ ကျပ် ၆၀ နှုန်း ကိုယ်တိုင်ရောင်းရင်တော့ တစ်ပွင့် ကျပ် ၁၀၀ ရပါတယ်။

"ဂန္ဓာမာပန်းကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေတယ်ဆိုတာက အခုကျွန်တော့စိုက်ခင်းက တစ်ပင်ကိုငါးပွင့်ပဲပွင့်တယ်ထား၊ အပင် ၅၀၀၀ ဆိုတော့ အပွင့် ၂၅၀၀၀၊ တစ်ပွင့် ကျပ် ၅၀ နဲ့ ထားတွက်ရင် အနည်းဆုံး ကျပ် ၁၂၅၀၀၀၀ ရတယ်။ ကိုယ်တိုင်ရောင်းရင်ဒါထက်မကဝင်ငွေရတယ်။

"ရောင်းတန်းဝင်အပွင့်ရဖို့ သုံးလသာသာ ကာလမှာတော့ ပေါင်းသင်မြေဆွရေလောင်းလုပ်ရတာပါ။ အခုစိုက်ထားတဲ့ ပုလဲဖြူဂန္ဓာမာကုန်သွားတဲ့ အချိန်နဲ့ နှင်းကမ္ဘာ ဂန္ဓာမာ စပွင့်တဲ့အချိန်နဲ့ ကိုက်အောင်စိုက်ပျိုးထားပါတယ်။ ဂန္ဓာမာကတော့ အမျိုးမျိုးရှိပါတယ်။ ကျွန်တော်စိုက်တာကတော့ ပုလဲဖြူ နှင်းကမ္ဘာ၊ ဆန်းမားရွှေကြယ်၊ လိပ်ကြယ်မျိုးတွေကို စိုက်ပျိုးပါတယ်။

